The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့။ Tuesday, 25 May 2021 ၁၀၃၈၄

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ငြိုးတတ်သူတို့အလယ်တွင် ရန်မငြိုးဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

# နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန် ပညာရေးတွင် အခြေခံကောင်းရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၁/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

- ❒ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”ဆိုသည့်အတိုင်း စာသင်ကျောင်းမှ အမျိုးသားစည်းကမ်းများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာရန်လို
- ❒ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးကိုသာ အလေးထားစေလို
- ❒ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအားဖြင့် ပြည်သူများအနေဖြင့် ဥပဒေကိုနားလည်ရန် အရေးကြီး
- ❒ ဒီမိုကရေစီစနစ်တွင် ဥပဒေအား လေးစားလိုက်နာခြင်းမရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီးတရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ်မဖြစ်နိုင်
- ❒ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်

## ကြေးမုံ ယနေ့ ဖတ်စရာ


ဆရာကြီး ပန်းချီ ဦးစိန်၏ ရွှေသွေးတစ်ခေတ် ကာတွန်းလက်ရာများ



စာမျက်နှာ » ၁၂

သီတဂူဆရာတော်၏ ဗုဒ္ဓနေ့ နှုတ်ခွန်းဆက်လွှာ

စာမျက်နှာ » ၃

အကြမ်းဖက်မှုတွေကို ပြည်သူလူထု ပူးပေါင်းဆန့်ကျင်ကြစေလို

စာမျက်နှာ » ၆



၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ် စတင်လက်ခံ

ဓာတ်ပုံမြင်ကွင်း စာမျက်နှာ » ၁၈

ကြေးမုံ

# ထူးမြတ်သည့် ကဆုန်လပြည့် မြတ်ဗုဒ္ဓနေ့

လတကာတို့တွင် ကဆုန်လကို မွန်မြတ်သောလဟု ယူဆထားကြသည်။ အကြောင်းကား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကဆုန်လမှာပင် (၁) ဖွားမြင်တော်မူခဲ့သည်။ (၂) ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ (၃) ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကဆုန်လကို လတကာလတို့ထက် အလေးအနက်ပြုကြလျက် လေးစားရိုကျိုးမြတ်နိုးကြသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြုံ ကဆုန်လပြည့် သောကြာနေ့ဝယ် ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌ မဟီလှိုက်ဆူ ဖွားတော်မူခဲ့သည်။ သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်ပြည်ကြီးရှင် ဘုရင်သုဒ္ဓေါဒနနှင့် မဟာမာယာဒေဝီတို့၏ သားမြတ်ရတနာဖြစ်သည်။ သို့ဖြင့် ဗုဒ္ဓကို မဟာပုရိသ – မဟာလူသားအဖြစ် လေးလေးနက်နက် မှတ်သားသင့်သည်။ သို့မှလည်း ဗုဒ္ဓတရားသည် သာမန်လူသားတို့နှင့်ပတ်သက်မည်။ စင်စစ် ဗုဒ္ဓသည် သာမန်လူသားတို့အတွက် ဖြစ်သည်။ ထို့ကြောင့် တရားတော်များကို သာမန်လူသားတို့အတွက် လူအများနားလည်သောစကားဖြင့် ဟောကြားသည်။

ကပိလဝတ်ပြည်မှာ သက္ကတိုင်း၏ မြို့တော်ဖြစ်သည်။ ကပိလဝတ္ထုကို မြန်မာတို့က ကပိလဝတ်ဟုခေါ်သည်။ ကပိလဝတ္ထုဟူသည်မှာ ကပိလရသေ့ကြီး၏ ကျောင်းသင်္ခမ်းနေရာဖြစ်သည်။ ယင်းနေရာ၌ တည်သောမြို့ဖြစ်၍ ကပိလဝတ္ထုဟု အမည်တွင်သည်။ လုမ္ဗိနီမှာ ဗုဒ္ဓဘာသာဝင်တို့ အလွန်လေးစားရာ သတိသံဝေဂယူရာ သံဝေဇနိယဌာနဖြစ်သည်။ ယင်းနေရာသည် နီပေါနယ်တွင်ရှိသည်။ အလောင်းတော်သိဒ္ဓတ္ထသည် ဤလုမ္ဗိနီတွင် ဖွားတော်မူခဲ့သည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် လုမ္ဗိနီဥယျာဉ်တွင် ဖွားမြင်တော်မူပြီး သက်တော် ၁၆ နှစ်အရွယ်တွင် သုံးသွယ်ရွှေနန်းကို ၁၃ နှစ်စံတော်မူခဲ့သည်။

သက်တော် ၂၉ နှစ်အရွယ်ရောက်သောအခါ လေးမျိုးနိမိတ် နတ်ပြဟိတ်ကြောင့် ရွှေစိတ်တော်ငြိုငြင် သံဝေဂရကာ ဝါဆိုလပြည့် ကျားမင်းနေ့ဝယ် တောထွက်တော်မူခဲ့သည်။ တောရပ်မြိုင်တွင် ခြောက်နှစ်ကြာ တရားအားထုတ်တော်မူပြီးနောက် ကဆုန်လပြည့် ဆင်မင်းနေ့ဝယ် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး အတုမရှိ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဤတွင် မြတ်စွာဘုရားရှင်က ဤသည်ကား ဒုက္ခတည်း။ ဤသည်ကား ဒုက္ခဖြစ်ခြင်း အကြောင်းတည်း။ ဤသည်ကား ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာတည်း။ ဤသည်ကား ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာသို့ရောက်ကြောင်း အကျင့်တည်းဟု သိမြင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဟူသောအမည်ကို ခံတော်မူလေသည်။

သိဒ္ဓတ္ထမင်းသားသည် ယင်းသို့လျှင် အမှန်တရားကို သိမြင်တော်မူ၍ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသောအခါ လွန်စွာအားရရွှင်လန်းတော်မူပြီး "အဖန်ဖန်ဇာတိဖြစ်ရခြင်းသည် ဆင်းရဲလှ၏။ ထို့ကြောင့် ငါသည် ခန္ဓာအိမ်ဆောက်လုပ်သူကို ရှာဖွေခဲ့သည်။ မတွေ့သဖြင့် ဘဝများစွာ သံသရာမှာ ကျင်လည်နေခဲ့ရသည်။ဟယ်-လက်သမား၊ ယခုအခါ သင့်ကို ငါတွေ့ပြီ။ သင်သည် ခန္ဓာအိမ်ကို နောက်ထပ်ဆောက်လုပ်ရတော့မည်မဟုတ်။ သင်၏ အခြင်ရနယ်အားလုံးကို ဖျက်ပစ်လိုက်ပြီး အမိုးကို ခွာချလိုက်ပြီ၊ ငါ၏စိတ်သည် ပြုပြင်မှုမရှိရာသို့ ရောက်ပြီ၊ တဏှာမရှိရာသို့ ရောက်ပြီ" ဟု ကျူးရင့်လေသည်။ မြတ်စွာဘုရား ဥဒါန်းကျူးရင့်သောနေရာသည် ဥရုဝေလတော၊ နေရဉ္ဇရာမြစ်ကမ်းပါး ဗောဓိပင်ရင်း၌ ဖြစ်လေသည်။

မြတ်စွာဘုရားရှင် မာရ်ငါးပါးကို အောင်မြင်တော်မူရာဖြစ်၍ သံဝေဇနိယနှင့် အဝိဇဟိတ နှစ်ဌာနလုံးမှာ အခါခပ်သိမ်း မမေ့အပ်သော ထူးမြတ်သည့် နေရာဌာနဖြစ်သည်။ ဗုဒ္ဓအဖြစ်သို့ရောက်သောအခါ သုံးမည်ဘုံသိုက် တစ်သောင်းတိုက်ဝယ် ကျွတ်ထိုက်သူ နတ်၊လူ၊ဗြဟ္မာ သတ္တဝါတို့ကို ခေမာသောင်သို့ နိဗ္ဗာန်ဖောင်ကူးတို့ဖြင့် ပို့တော်မူသည်။ မြတ်စွာဘုရားရှင်သည် သက်တော်ရှစ်ဆယ်၊ လေးဆယ့်ငါးဝါ အရောက် သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ချမ်းမြေ့နိဗ္ဗူစံတော်မူလေသည်။

သို့ဖြစ်၍ ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားရှင် ဖြစ်တော်စဉ်အကြောင်းမှန်၏။ ထူးမြတ်သောနေ့တစ်နေ့ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တိုင်း အလေးအမြတ်ပြုသိရှိသင့်၏။ ကြည်ညိုသဒ္ဓါပွားများသင့်၏။ ဆုတ်ကပ်ကာလ ယခုအချိန်အခါတွင် ဝေနေယျအများမှာ ကပ်ဘေး၊ ဒုက္ခဘေးအမျိုးမျိုးတို့ ကျရောက်နေကြသည်ကိုတွေ့ရမည်ဖြစ်၏။ မြတ်စွာဘုရား လမ်းမှန်ညွှန်ပြခဲ့သော ဒေသနာတရားနှင့်အညီ ဒုက္ခခပ်သိမ်း အပြီးတိုင်ချုပ်ငြိမ်းရာသို့ ဆန္ဒရှိသူတိုင်း အချိန်မဆိုင်းဘဲ ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်အပ်ပါကြောင်း။ ။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေးစိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း
- ကယောင်ကတမ်းဖြစ်ခြင်း
- သတိလစ်ခြင်း၊ တက်ခြင်း

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ် ရှေးဦးပြုစုခြင်း**

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ။
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါက ယပ်ခတ်ပေးပါ။
- လူနာ၏ ခြေရင်းဘက်ကို မြင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ။
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၄ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၈၂၁ | ၇,၃၇၉,၁၀၀ |
| MTSH | ၃,၅၀၀ | ၃,၄၅၀ | ၁၀၁ | ၃၅၃,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၄ | ၂၆၆,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၉ | ၂၅,၂၀၀ |
| EFR | ၃,၀၀၀ | ၃,၀၀၀ | ၂ | ၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၄


| နိုင်ငံခြားငွေလဲလှယ်နှုန်း | မြန်မာငွေကျပ် | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၃၄.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၉၀.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၄.၀၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၁၀၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၄.၇၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၄၀၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၀.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၂၇.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၉.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၄.၈၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

# သီတဂူဆရာတော်၏ ဗုဒ္ဓနေ့ နှုတ်ခွန်းဆက်လွှာ



- ရိုသေလေးစားအပ်ပါသော သံဃာတော်အရှင်သူမြတ်အားလုံး၊
- ချစ်ခင်လေးစားအပ်ပါသော ကမ္ဘာတစ်ဝန်းလုံးမှ ဗုဒ္ဓဘာသာဝင်များ အားလုံး၊
- အစဉ်သဖြင့်မေတ္တာကရုဏာထားရပါသော ကမ္ဘာသူကမ္ဘာသားအားလုံး၊
- အထူးလေးစား မေတ္တာထားရပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသူ/နိုင်ငံသားအားလုံးတို့ကို–

ရှေးဦးစွာ မေတ္တာပို့ဆုတောင်းပါတယ်။ အားလုံးပဲ– ရောဂါအမျိုးမျိုးဘေး၊ လက်နက် ဘေး၊ ငတ်မွတ်ဘေးဟူသော ဘေးသုံးပါးမှ ကင်းဝေးပါစေ။

၁။ လောဘထူပြောတဲ့ကမ္ဘာမှာ – ငတ်မွတ်တဲ့ဘေး၊
၂။ ဒေါသထူပြောတဲ့ကမ္ဘာမှာ – လက်နက်ဘေး၊
၃။ မောဟထူပြောတဲ့ကမ္ဘာမှာ – ရောဂါဘေးလို့ လောဘ၊ ဒေါသ၊ မောဟ အကြောင်း သုံးပါးကြောင့် ဘေးကြီးသုံးပါး ကျရောက်တယ်လို့ မြတ်ဗုဒ္ဓက ဟောထားပါတယ်။ ဒါကြောင့် ဘေးကြီးသုံးပါးရဲ့ အကြောင်းရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ တရားသုံးပါးကိုလည်း ကမ္ဘာသူ/ကမ္ဘာသားတွေ ထိန်းချုပ်နိုင်ပါစေလို့ ရှေးဦးစွာ ဆုတောင်းပါတယ်။

ဒီကနေ့ဟာ ၂၆၁၀ – နှစ်မြောက် ဗုဒ္ဓနေ့ဖြစ်ပါတယ်။ ဖွားတော်မူခြင်း၊ ဘုရားဖြစ်တော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်းဟူသော ဗုဒ္ဓ၏ထူးခြားသော ဖြစ်ရပ်ကြီးသုံးခုဟာ ဝေသာခပုဏ္ဏမိ = Vesakha Punnima တစ်နေ့တည်းမှာပဲ ဖြစ်ခဲ့တာမို့ ဒီကနေ့ကို ဗုဒ္ဓဘာသာလောကမှာ Vesakha နေ့ဟုလည်း ခေါ်ကြပါတယ်။ ဗုဒ္ဓရဲ့ထူးမြတ်တဲ့ အခါတော်နေ့ကို ဗုဒ္ဓတရားတော်(ဓမ္မ)၏ မွေးဖွားရာမြေ အိန္ဒိယမှာသာမက ဗုဒ္ဓဘာသာ နိုင်ငံတိုင်းမှာ ကျင်းပနေကြမှာဖြစ်လို့ ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာလောကကြီးတစ်ခုလုံးသို့ဤနှုတ်ခွန်းဆက်သဝဏ်လွှာကို ပေးပို့ပါတယ်။ ဒီကနေ့ မှတ်မှတ်သားသား ဗုဒ္ဓနေ့အခမ်းအနားတွေ လုပ်တယ်ဆိုတော့ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအားလုံးကို အထူးပဲ ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

တကယ်တော့ ဗုဒ္ဓဓမ္မဟာ အိန္ဒိယမှာမွေးဖွားတာဖြစ်ပါတယ်။ အခြားသော ဘာသာရေးခေါင်းဆောင်တွေအားလုံးဟာလည်း အာရှတိုက်နိုင်ငံတွေမှာချည်းပဲ မွေးဖွားကြတာဖြစ်လို့ အာရှတိုက်သားဖြစ်နေတာ ဂုဏ်ယူစရာပါပဲ။ ဒါကြောင့် အာရှတိုက်ကြီးကို Noble Continent လို့တောင် ဆိုနိုင်ပါတယ်။ ဗုဒ္ဓကွယ်သွားတာ နှစ်ပေါင်း ၂၅၆၄ နှစ် ရှိပါပြီ။ မြတ်ဗုဒ္ဓ ညွှန်ထွန်းသွားခဲ့တဲ့ တရားဆီမီးတိုင်(ဓမ္မဒီပိကာ)တွေဟာ သူ့ရဲ့ မွေးဖွားရာ အိန္ဒိယပြည်ကြီးမှထွက်ပြီး ကမ္ဘာတစ်ဝန်း ပျံ့နှံ့ထွန်းတောက်လျက်ရှိနေပါတယ်။ ကမ္ဘာတစ်ဝန်းလင်းလျက်၊ ထွန်းတောက်လျက်ရှိနေတဲ့ တရားဆီမီးတိုင်များကို ချုပ်ငြိမ်းမသွားရအောင်၊ ပို၍ထွန်းတောက်လာအောင် အားထုတ်ဖို့ ကျွန်ုပ်တို့အားလုံးမှာ တာဝန်ရှိကြောင်းကို ပြောကြားလိုပါတယ်။ ဗုဒ္ဓရဲ့ဒေသနာမှာ –


၁။ သဗ္ဗော လောကော ပကမ္ပိတော
တစ်လောကလုံးမှာ တုန်လှုပ်နေတယ်၊
၂။ သဗ္ဗော လောကော ပဓူပိတော
တစ်လောကလုံးမှာ အခိုးတလူလူထနေတယ်၊
၃။ သဗ္ဗော လောကော အာဒီပိတော
တစ်လောကလုံးမှာ အတွင်းလှိုက်လောင်နေတယ်၊
၄။ သဗ္ဗော လောကော ပဇ္ဇလိတော
တစ်လောကလုံးမှာ မီးဟုန်းဟုန်းတောက်နေတယ်၊
၅။ သဗ္ဗော လောကော ဥဒ္ဒိနော
တစ်လောကလုံး လိုနေတယ် စသည်ဖြင့် ဟောထားပါတယ်။

ဒါကြောင့် နိဂုံးချုပ်အားဖြင့်–

၁။ တုန်လှုပ်နေသော ကမ္ဘာကြီး တည်ငြိမ်မှုရအောင် မြတ်ဗုဒ္ဓ၏ ဓမ္မစွမ်းရည်ဖြင့် ဆောင်ရွက်ကြပါစို့။
၂။ တစ်လောကလုံး ဖုံးလွှမ်းနေသော ကိလေသာ မီးခိုးတွေ ကင်းရှင်း၍ ကြည်လင်သွားအောင် မြတ်ဗုဒ္ဓ၏ ဓမ္မစွမ်းရည်ဖြင့် ဆောင်ရွက်ကြပါစို့။
၃။ တစ်လောကလုံး တောက်လောင်နေတဲ့ အတွင်းမီး၊ အပြင်မီးတွေကို မြတ်ဗုဒ္ဓ၏ ဓမ္မစွမ်းရည်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြပါစို့။
၄။ ကမ္ဘာသူကမ္ဘာသားတွေရဲ့ လိုအပ်ချက်တွေကို မြတ်ဗုဒ္ဓ၏ဓမ္မစွမ်းရည်ဖြင့် ဖြည့်စွက်ကြပါစို့– ဟူ၍

၂၆၁၀– နှစ်၊ ဗုဒ္ဓနေ့ – ဝေသာခပုဏ္ဏမိ – ဗုဒ္ဓဇယန္တိနေ့မှာ ဆုတောင်းလိုက်ပါတယ်။ သူတော်ကောင်းတရား နေရာတိုင်းမှာ ထွန်းတောက်ပါစေ–

သီတဂူစန်းလပမာ ချမ်းမြသာယာရှိပါစေ –



သီတဂူဆရာတော်
ဒေါက်တာအရှင်ဉာဏိဿရ (D.Litt., Ph.D.)
အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့်
သီတဂူအာယုဒါနဆေးရုံတော်များ၏အဓိပတိ
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

# တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် ၂၀၂၁ ခုနှစ်၊ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲကို မေ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲတွင် ဒီဃနိကာယ ကောဝိဒ (ပိဋက ၂ ပုံရေးဖြေအောင်) ၃ ပါး၊ ဝိနယ ကောဝိဒ(ပိဋက ၁ ပုံရေးဖြေအောင်) ၃ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ (ဝိနည်းအရှေ့ပိုင်း ရေးဖြေအောင်) ၅ ပါး၊ စုစုပေါင်း ၁၁ ပါး အောင်မြင်ခဲ့ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

**(၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)စာမေးပွဲ အောင်စာရင်း**

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၃) ပါး**

၁။ ပလ္လင်အမှတ် (၃၄) အရှင်ဝိသုဒ္ဓ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ပလ္လင်အမှတ် (၃၅) အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ပလ္လင်အမှတ် (၃၇) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနိယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ (၃) ပါး**

၁။ ပလ္လင်အမှတ် (၄၉) အရှင်မင်္ဂလာစာရ၊ အသက်(၄၃)နှစ်၊ သိက္ခာ(၂၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ပလ္လင်အမှတ် (၇၁) အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါတိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
၃။ ပလ္လင်အမှတ် (၈၀) အရှင်သုမင်္ဂလ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ (၅) ပါး**

၁။ ပလ္လင်အမှတ်(၁၀၁) အရှင်ဩဘာသ(ဝက်လက်)၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ပလ္လင်အမှတ် (၁၃၄) အရှင်ပညာသိရီ(ဆီဆိုင်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**စာမျက်နှာ ၅ သို့ ○**

❂ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

- ❒ ဘဏ်လုပ်ငန်းများနှင့် ငွေကြေးစီးဆင်းမှုများကို ပြည်သူလူထုယုံကြည်မှုရှိအောင် ဆောင်ရွက်လျက်ရှိ
- ❒ နိုင်ငံတော်၏ အခွန်စနစ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ
- ❒ ရပ်/ကျေးဥက္ကဋ္ဌများနှင့်ပတ်သက်၍ လုံခြုံရေးအတွက် စီမံဆောင်ရွက်ပေးမည်
- ❒ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားရမည်
- ❒ မြို့နယ်အချို့တွင် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်နိုင်ရေးအတွက် စိစစ်ပေးသွားမည်
- ❒ မိမိတို့အစိုးရအနေဖြင့် မီဒီယာတုံ့ပြန်မှုလျင်မြန်စေရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်လျက်ရှိ
- ❒ နိုင်ငံအတွင်းရှိ NGO၊ INGO များနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြန်လည်စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လို
- ❒ ဝန်ကြီးဌာနအလိုက် လစ်လပ်ဝန်ထမ်းများ ပြန်လည်ခန့်ထားရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ကြရမည်
- ❒ ဒေသအလိုက် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်များ၏လိုအပ်ချက်ကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

### ပြည်သူ့လုံခြုံရေးစနစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစည်းအဝေးအဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့်အခြေအနေအား အကြိမ်ကြိမ် ရှင်းလင်းပြောကြားထားသော်လည်း နားလည်သဘောပေါက်သူများရှိသကဲ့သို့ နားမလည်သူများလည်းရှိကြောင်း၊ ယခုအခါ ဆူပူသောင်းကျန်းမှုများမှတစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ် ကြေညာထားသည့် CRPH၊ NUG၊ PDF များဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြကြောင်း၊ ပြည်သူများလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းစဉ်ကာလကတည်းကပင် ရာနှုန်းပြည့်ငြိမ်းချမ်းရေး ရရှိသည့် ဒီမိုကရေစီဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများအကြားမှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်မရေးထိုးမီကာလအတွင်း Gentleman Agreement များဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များ ရယူဆောင်ရွက်ခဲ့သည်များလည်းရှိကြောင်း။

- ❒ မိမိတို့ ယခုတာဝန်ယူဆောင်ရွက်နေခြင်းသည် အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာထိန်းဆောင်ရွက်နေခြင်းသာဖြစ်
- ❒ ဒီမိုကရေစီစနစ် အာမခံချက်ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်
- ❒ မိမိတို့နိုင်ငံတွင် ပါတီပေါင်း ၉၀ ကျော်ရှိ
- ❒ အခြားနိုင်ငံများတွင် မိမိတို့နိုင်ငံကဲ့သို့ ပါတီများစွာမရှိ
- ❒ ပါတီများဖွဲ့စည်းရာတွင် နိုင်ငံရေးကိုအခြေခံသည့်ပါတီ၊ ဒေသကိုအခြေခံသည့်ပါတီ၊ တိုင်းရင်းသားကိုအခြေခံသည့် ပါတီများရှိ
- ❒ နိုင်ငံရေးဆောင်ရွက်ရာတွင် သဘောထားကွဲလွဲနေ၍မရဘဲ စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်
- ❒ ညီညွတ်မှုမရှိပါက တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်စေမည်ဖြစ်
- ❒ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံရေးဆောင်ရွက်သူများ၊ မီဒီယာများအနေဖြင့် သတင်းမှားများကို သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လို
- ❒ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်လိုအပ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိ

မိမိတို့အနေဖြင့် လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဝင်ရောက်တာဝန်ယူခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အား ဖျက်သိမ်းခြင်းမရှိကြောင်း၊ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်းခြင်းမရှိဘဲ အခြေခံဥပဒေအား ပြင်ဆင်ချက်များဖြင့်သာ နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ပြီး ရွေးချယ်ခံအစိုးရ ဖဆပလကို ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ တာဝန်ယူချိန်ကာလအတွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းခြင်းနှင့် ကတိကဝတ်ပေးထားသည့်အတိုင်း သန့်ရှင်းသည့် ရွေးကောက်ပွဲကျင်းပ၍ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာသည့်အချိန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ဖျက်သိမ်းခဲ့ပြီး တပ်မတော်မှ ဗဟိုဦးစီးစနစ်ဖြင့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအာဏာများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လမ်းစဉ်ပါတီအစိုးရက ဆိုရှယ်လစ်စနစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ် တောင်းဆိုမှုများအရ နိုင်ငံ၏အုပ်ချုပ်မှုယန္တရားများ ပျက်စီးခဲ့ရပြီး တပ်မတော်မှ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

### သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လို

မိမိတို့ ယခုတာဝန်ယူဆောင်ရွက်နေခြင်းသည် အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာထိန်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် အာမခံချက်ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီပေါင်း ၉၀ ကျော်ရှိကြောင်း၊ အခြားနိုင်ငံများတွင် မိမိတို့နိုင်ငံကဲ့သို့ ပါတီများစွာမရှိကြောင်း၊ ပါတီများဖွဲ့စည်းရာတွင် နိုင်ငံရေးကိုအခြေခံသည့်ပါတီ၊ ဒေသကိုအခြေခံသည့်ပါတီ၊ တိုင်းရင်းသားကိုအခြေခံသည့်ပါတီများရှိကြောင်း၊ နိုင်ငံရေးဆောင်ရွက်ရာတွင် သဘောထားကွဲလွဲနေ၍မရဘဲ စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ညီညွတ်မှုမရှိပါက တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိစေရန် အတွက် နိုင်ငံရေးဆောင်ရွက်သူများ၊ မီဒီယာများအနေဖြင့် သတင်းမှားများကို သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လိုကြောင်း၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန် လိုအပ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာ ပေါများစေရန်၊ ယိမ်းယိုင်နေသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပစ်ပယ်ထား၍မရကြောင်း၊ ကျေးလက်စီးပွားရေးမြှင့်တင်ရေးအတွက် ပြည်နယ်နှင့်တိုင်း ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချရေးဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစိုက်ပျိုးရေးမှာ ဆန်စပါး၊ ပဲနှင့် ဆီထွက်သီးနှံများဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ထို့အတူ ရပ်နားထားသည့် ပြည်တွင်းကုန်ထုတ်လုပ်ရေးစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းများ ထုတ်လုပ်နိုင်သည့် ဝါနှင့် ဝါးစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်၍ အုန်းထွက်ပစ္စည်းများ ထုတ်လုပ်ကာ နိုင်ငံတကာသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ဝင်ငွေတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

### ညီညွတ်ခြင်းသည် အင်အား

လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကိုအကျိုးရှိစွာ အသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "ညီညွတ်ခြင်းသည် အင်အား" ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် လုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်ပေးရေးကိစ္စ၊ အချို့မြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်နိုင်ရေး၊ မသမာသည့် ရည်ရွယ်ချက်ဖြင့် ငွေကြေးအမြောက်အမြားကို လက်ဝယ်ထိန်းသိမ်းထားရှိသူများအား စိစစ်ဖော်ထုတ်အရေးယူနိုင်ရေး၊ မီဒီယာတုံ့ပြန်မှု လျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထု၏ လုံခြုံမှုအတွက် ပြည်သူ့အင်အားဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ဘဏ်လုပ်ငန်းစနစ်နှင့် ငွေကြေးစီးဆင်းမှုကိုထိခိုက်အောင် ဆောင်ရွက်နေသူများအား ရှာဖွေဖော်ထုတ်အရေးယူရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသအလိုက် ရပ်/ကျေး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိသားစုဝင်များ လုံခြုံရေးအတွက် အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်ပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန် ဌာနအလိုက် အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စီမံကိန်းတစ်ရပ်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

# ရပ်နားထားရသည့် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်

**ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အားပေးကြရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းပါက တိုင်းပြည်ဆင်းရဲသွားမည်ဖြစ်ကြောင်း၊ အဆင်းရဲဆုံး နိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ရန် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူနှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်မှရရှိသည့် အခွန်အခများဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင် ထိရောက်စွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရပ်နားထားရသည့် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များ လုံလောက်အောင်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချကာ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❍ စာမျက်နှာ ၄ မှ

ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ တောင်ပေါ်ဒေသများတွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး၊ ဌာနများအလိုက် လစ်လပ်သွားသည့် ရာထူးနေရာများတွင် ပြန်လည်ဖြည့်ဆည်းခန့်ထားနိုင်ရေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်အတွင်း တရားမဝင် ရွှေသတ္တုတူးဖော်နေမှုများအား ထိန်းသိမ်းပေးနိုင်ရေးနှင့် သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများ၌ စက်ရေတွင်းများ တူးဖော်ပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

**လုံခြုံရေးအတွက် စီမံဆောင်ရွက်ပေးမည်**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဘဏ်လုပ်ငန်းများနှင့် ငွေကြေးစီးဆင်းမှုများကို ပြည်သူလူထုယုံကြည်မှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အခွန်စနစ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်/ကျေးဥက္ကဋ္ဌများနှင့်ပတ်သက်၍ လုံခြုံရေးအတွက် စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားရမည်ဖြစ်ကြောင်း၊ မြို့နယ်အချို့တွင် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်နိုင်ရေးအတွက် စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မီဒီယာတုံ့ပြန်မှု လျင်မြန်စေရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ NGO၊ INGO များနှင့် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပြန်လည်စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ကြီးဌာနအလိုက် လစ်လပ်ဝန်ထမ်းများ ပြန်လည်ခန့်ထားရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်များ၏ လိုအပ်ချက်ကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ပညာသင်ကြားရေးကိုသာ အလေးထားစေလို**

**"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း စာသင်ကျောင်းမှ အမျိုးသားစည်းကမ်းများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးကိုသာ အလေးထားစေလိုကြောင်း၊ သူ့နေရာနှင့်သူသာ ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအားဖြင့် ပြည်သူများအနေဖြင့် ဥပဒေကိုနားလည်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များတွင် ဥပဒေပညာရပ်များသင်ကြားရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေအားလေးစားလိုက်နာခြင်းမရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီးတရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ်မဖြစ်နိုင်ကြောင်း၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေးအနက်ထားဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း၊ ပြည်သူလူထု လက်ရှိအချိန်တွင် ကြုံတွေ့နေရသည့် စီးပွားရေးနှင့် စားသောက်ရေးများ အဆင်ပြေစေရန်အတွက် စားရေရိက္ခာများ ပေါများအောင် ဆောင်ရွက်နေချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သည်များကို အကြံပြုဆွေးနွေး တိုက်တွန်းပေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၃ မှ

၃။ ပလ္လင်အမှတ် (၁၃၆) အရှင်စန္ဒိမာလင်္ကာရ၊
အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၆၁) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၂၉)
နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၆၂) အရှင်မဏ္ဍလာလင်္ကာရ၊ အသက်(၂၈)
နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊
မိုးမိတ်ကုန်းမြေ၊ မင်းကွန်း
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

| | |
|---|---|
| ဘဒ္ဒန္တပညိဿရာဘိဝံသ | ဘဒ္ဒန္တဉေယျာဘိဝံသ |
| (အဘိဓဇမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဥက္ကဋ္ဌဆရာတော် | အကျိုးတော်ဆောင်ဆရာတော် |

တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးဩဝါဒါစရိယအဖွဲ့

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကရင်ပြည်နယ်ရှိ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း



**ဘားအံ မေ ၂၄**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ကရင်ပြည်နယ် အတွင်းရှိဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နာယက ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးနေလင်းထွန်း၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဖဟိုအကြံပေးနှင့် ကွပ်ကဲရေးဥက္ကဋ္ဌ ဗိုလ်မှူးကြီးစောထွန်းလှိုင်နှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုဥက္ကဋ္ဌ ဦးရဲထွန်း၊ တွဲဖက်ဥက္ကဋ္ဌ ဦးစိန်သန်း၊ ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညို၍ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**နာယူကြည်ညို**

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဖွဲ့ကပင်တောင် လုမ္ဗိနီဥယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိဓဇ (ဓမ္မကထိကဗဟုဇနဟိတဓရ) ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ဖွဲ့ကပင်တောင် လုမ္ဗိနီဥယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိဓဇ (ဓမ္မကထိကဗဟုဇနဟိတဓရ)က ဩဝါဒကထာ မြွက်ကြားတော်မူပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဗဟို (YMBA) တွဲဖက်ဥက္ကဋ္ဌ ဦးစိန်သန်းက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

**စောမျိုးမင်းသိန်း**

(ပြန်/ဆက်)

# အကြမ်းဖက်မှုတွေကို ပြည်သူလူထု ပူးပေါင်းဆန့်ကျင်ကြစေလို

ကိုထွန်းခင်



မူဆယ်မြို့အဝင်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ယာဉ်စစ်ဆေးရေးဂိတ်၌ လက်လုပ်မိုင်း သုံးလုံးပေါက်ကွဲစဉ်။

နေရာတွေ၊ မြို့ပြတွေမှာ လက်လုပ်ဗုံးတွေ ထောင်တာ၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲတာ၊ ဈေးတွေကို မီးရှို့ဖျက်ဆီးတာ စတဲ့ အကြမ်းဖက်လုပ်ငန်းတွေကိုလည်း နေရာအနှံ့အပြားမှာ လုပ်ဆောင်လာကြပါတယ်။

ပညာတတ်၊ ဘွဲ့ရအချို့တွေ ကိုယ်တိုင်တောင် လူဆိုးလူမိုက် လူယုတ်မာစိတ်မျိုးတွေ မွေးလာကြတာကို တွေ့ရပါတယ်။ ပညာရှင်တွေ လူစိတ်ပျောက်ပြီး ဖောက်ပြန်ရင် ခွင့်လွှတ်လို့မရတဲ့ အမှားကြီးတွေကို ကျူးလွန်မိကြပါတယ်။

ဘယ်အစိုးရလက်အောက်မှာပဲဖြစ်ဖြစ် ဆရာတစ်ယောက်ဟာ တပည့်တွေကို ပညာသင်ကြားပေးဖို့ တာဝန်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေ ပညာတတ်မြောက်စေဖို့ ရည်ရွယ်ချက်နဲ့ လူတွေကို စိတ်ပညာအမြင်နဲ့ ကြည့်မယ်ဆိုရင် Id ခေါ် လူဆိုးလူမိုက် လူယုတ်မာစိတ်၊ Ego ခေါ် လူသာမန်စိတ်၊ Super Ego ခေါ် သူတော်စင်စိတ် ဆိုပြီး အကြမ်းဖျင်းအားဖြင့် သုံးမျိုးခွဲခြားနိုင်ပါတယ်။ အဲဒီ စိတ်သုံးမျိုးထဲမှာ လူသာမန်စိတ်(Ego)ကတော့ အခြေခံအားဖြင့် လူတိုင်းမှာရှိနေဖို့ လိုအပ်ပါတယ်။

ဒီထက်အကောင်းဆုံးကတော့ သူတော်စင်စိတ်ပါပဲ။ သူတော်စင်စိတ်မမွေးနိုင်ရင်တောင် လူသာမန်စိတ်နဲ့ နေထိုင်နိုင်ကြဖို့ လိုပါတယ်။ လူတစ်ယောက်မှာ ကောင်းမွန်တဲ့စာရိတ္တနဲ့ ကိုယ်ကျင့်တရားရှိဖို့ လိုပါတယ်။ ကိုယ်ကျင့်တရားဟာ လူ့ဘဝမှာ အောင်မြင်မှုရဲ့ အခြေခံအုတ်မြစ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

**အပြစ်ကင်းတဲ့ ဘဝနေထိုင်ခြင်း**

လူ့ကျင့်ဝတ်(Ethics)ကို လေးစားလိုက်နာပြီး ကောင်းခြင်းနဲ့ ဆိုးခြင်း၊ စင်ကြယ်မှုနဲ့ ဆိုးယုတ်မှု၊ တရားမျှတမှုနဲ့ တရားဥပဒေချိုးဖောက်မှု စတဲ့ အကောင်းနဲ့ အဆိုး၊ အမှားနဲ့ အမှန်၊ အကျိုးနဲ့ အပြစ်တို့ကို ခွဲခြားဝေဖန်ကာ အပြစ်ကင်းတဲ့ ဘဝနေထိုင်ခြင်းဖြစ်အောင် ကြိုးစားတည်ဆောက်နိုင်သူ ဖြစ်ရပါမယ်။

**အပြစ်ရှိတာကို အပြစ်ရှိမှန်းသိမယ်။ မကောင်းတာကို မကောင်းမှန်းသိမယ်။ ဆိုးညစ်မှုကို ဆိုးညစ်မှုမှန်းသိမယ်။ အဲဒီလိုသိမြင်ပြီး မလုပ်သင့် မလုပ်ထိုက်တဲ့အရာတွေကို မလုပ်ဖြစ်အောင်၊ မကောင်းမှုပြုလုပ်ရမှာ ရှက်ခြင်း၊ ကြောက်ခြင်းဆိုတဲ့ "ဟီရိဩတပ္ပ"တရားနဲ့အညီ လိုက်နာစောင့်ထိန်းနိုင်ရမှာ ဖြစ်ပါတယ်။**

အမှန်တရားကိုသာ ပြောဆိုမယ်။ မဟုတ်မမှန် မုသားစကားပြောဆိုတာကို ရှောင်မယ်။ လိမ်လည်လှည့်စားတာ၊ သူတစ်ပါးပစ္စည်းခိုးယူတာ၊ သူတစ်ပါးသားမယား ပြစ်မှားတာကို ရှောင်မယ်။ ရိုးသားမယ်။ ကိုယ်ချင်းစာတရားထားမယ်။ သူတစ်ပါးမကြိုက်တဲ့ မလုပ်သင့် မလုပ်ထိုက်တဲ့ အကုသိုလ်အလုပ်တွေကို မလုပ်ဘူး။ အချိန်မှန်နိုင်အောင် ကြိုးစားမယ်။ တစ်ခုခုကို ကတိပေးပြီးရင် ပေးထားတဲ့ကတိအတိုင်း တည်နိုင်အောင် ကြိုးစားမယ်။

လူတစ်ဦးချင်းစီရဲ့ လူသားဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့်ကို အလေးထားမယ်။ သူတစ်ပါးအခွင့်အရေးကို အလွဲသုံးစားလုပ်တာ၊ ဂုဏ်သိက္ခာကျဆင်းအောင်လုပ်တာ၊ နိုင်ထက်စီးနင်း နှိပ်စက်တာတွေ မလုပ်ဘူး။ ဆင်းရဲတဲ့သူဖြစ်စေ၊ ချမ်းသာတဲ့သူဖြစ်စေ လူသားတစ်ယောက်ဖြစ်တာမို့ လူသားအခွင့်အရေး၊ လူသားဂုဏ်သိက္ခာရှိတယ်ဆိုတာ သိမှတ်ပြီး တန်ဖိုးထား ဆက်ဆံမယ်။

**အပြစ်ရှိတာကို အပြစ်ရှိမှန်းသိမယ်။ မကောင်းတာကို မကောင်းမှန်းသိမယ်။ ဆိုးညစ်မှုကို ဆိုးညစ်မှုမှန်းသိမယ်။ အဲဒီလိုသိမြင်ပြီး မလုပ်သင့် မလုပ်ထိုက်တဲ့အရာတွေကို မလုပ်ဖြစ်အောင်၊ မကောင်းမှုပြုလုပ်ရမှာ ရှက်ခြင်း၊ ကြောက်ခြင်းဆိုတဲ့ "ဟီရိဩတပ္ပ"တရားနဲ့အညီ လိုက်နာစောင့်ထိန်းနိုင်ရမှာ ဖြစ်။**

**ကိုယ်နဲ့ အတွေးအခေါ်၊ အယူအဆ မတူတဲ့သူတွေ**

ဒါ့အပြင် လူအမျိုးမျိုး၊ စိတ်အထွေထွေ ဆိုတာကို နားလည်ပြီး မတူကွဲပြားမှုတွေကို လက်ခံမယ်။ ကိုယ်နဲ့ အတွေးအခေါ်၊ အယူအဆ မတူတဲ့သူတွေအပေါ်လည်း လေးစားမယ်။ သည်းခံနိုင်ရပါမယ်။ လူတစ်ယောက်နဲ့တစ်ယောက်ဟာ အားနည်းချက်တွေ၊ အားသာချက်တွေက မတူညီကြပါဘူး။ တစ်ယောက်ရဲ့ အားနည်းချက်က နောက်တစ်ဦးရဲ့ အားသာချက်လည်း ဖြစ်နေနိုင်ပါတယ်။

ဒါကြောင့် လူ့အဖွဲ့အစည်းအတွက် သူ့နေရာနဲ့သူ အသုံးဝင်တဲ့သူတွေဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုပေးရမှာဖြစ်ပြီး မတူညီတဲ့ ရှုထောင့်အမြင်တွေကို ပါဝင်ခွင့်ပေးရမယ်။ အများနဲ့ ဆက်ဆံတဲ့အခါ ညှာတာရမယ်။ မေတ္တာတရားနဲ့ ဆက်ဆံနိုင်ရမယ်။ ကိုယ့်မိသားစု၊ ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်နဲ့ နိုင်ငံအတွက် အကျိုးပြုနိုင်မယ့် ခင်ပွန်းကောင်း၊ ဇနီးကောင်း၊ မိတ်ဆွေကောင်း၊ နိုင်ငံသားကောင်း ဖြစ်နိုင်ရပါမယ်။

ဆိုလိုတာက လုပ်သင့်တာတွေကို အသိတရားရှိရှိနဲ့လုပ်ပြီး မလုပ်သင့်တာတွေကိုလည်း သတိတရားရှိရှိနဲ့ ရှောင်ကြဉ်တာက ကျင့်ဝတ်ပါပဲ။ မိဘတွေမှာ မိဘကျင့်ဝတ်ရှိသလို၊ သားသမီးမှာလည်း သားသမီးကျင့်ဝတ် ရှိပါတယ်။ ဆရာ့မှာ ဆရာ့ကျင့်ဝတ်ရှိပြီး တပည့်မှာလည်း တပည့်ကျင့်ဝတ်တွေဆိုတာ ရှိပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာလည်း ကျင့်ဝတ်တွေကိုယ်စီရှိကြပါတယ်။ စည်းကမ်းချက်တွေအဖြစ် ထုတ်ပြန်ထားတာတော့ မဟုတ်ပါဘူး။ လူတိုင်း ကိုယ့်အသိစိတ်နဲ့ကိုယ် လိုက်နာကျင့်သုံးရတာ ဖြစ်ပါတယ်။

**အဲဒီလို လိုက်နာသင့်တဲ့အရာတွေ၊ စောင့်ထိန်းသင့်တဲ့အရာတွေကနေ ကင်းလွတ်ပြီး အကြမ်းဖက်တာ၊ သူတစ်ပါးလက်မခံနိုင်တဲ့၊ သဘောမတူနိုင်တဲ့ အပြုအမူတွေပြုတာ၊ ကိုယ်ချင်းစာတရား မထားတာ၊ ညှာတာသည်းခံစိတ် မရှိတာ၊ လူတစ်ဦးတစ်ယောက်ရဲ့ဆန္ဒ၊ လွတ်လပ်ခွင့်ကို မလေးစားတာ၊ နိုင်ထက်စီးနင်း ပြုမူတာတွေကတော့ လူဆိုးလူမိုက် လူယုတ်မာစိတ် (Id) ပဲဖြစ်။**

**အဲဒီလို လိုက်နာသင့်တဲ့အရာတွေ၊ စောင့်ထိန်းသင့်တဲ့အရာတွေကနေ ကင်းလွတ်ပြီး အကြမ်းဖက်တာ၊ သူတစ်ပါးလက်မခံနိုင်တဲ့၊ သဘောမတူနိုင်တဲ့ အပြုအမူတွေပြုတာ၊ ကိုယ်ချင်းစာတရား မထားတာ၊ ညှာတာသည်းခံစိတ် မရှိတာ၊ လူတစ်ဦးတစ်ယောက်ရဲ့ ဆန္ဒ၊ လွတ်လပ်ခွင့်ကို မလေးစားတာ၊ နိုင်ထက်စီးနင်းပြုမူတာတွေကတော့ လူဆိုးလူမိုက် လူယုတ်မာစိတ်(Id)ပဲ ဖြစ်ပါတယ်။**

မျက်မှောက်ကာလမှာတော့ လူဆိုး လူမိုက် လူယုတ်မာစိတ် (Id) တွေကို ပေါပေါများများ တွေ့လာရပါတယ်။ နိုင်ငံရေး အယူအဆတစ်ရပ်ရဲ့ သိမ်းသွင်းမှုကြောင့် အချို့ဟာ လူ့ကျင့်ဝတ်တွေကို ဖောက်ဖျက်ကျူးလွန်လာကြပါတယ်။ အရှေ့တိုင်း လူနေမှုဘဝနဲ့ ဖီလာဆန့်ကျင်တဲ့ မတွေးရဲစရာ လုပ်ရပ်တွေကိုပါ ကျူးလွန်လာကြပါတယ်။

ရဟန်း၊ သံဃာတွေကို စွပ်စွဲပြောဆိုတာ၊ ဂိုဏ်းခွဲတာ၊ ပြစ်မှားစော်ကားတာတွေကို လုပ်ဆောင်ကြပါတယ်။ ဂုဏ်ကျေးဇူးကြီးမားလှတဲ့၊ ကိုယ့်ကို လူ့လောကထဲကို ခေါ်ဆောင်လာတဲ့၊ မြတ်စွာဘုရားနဲ့ တစ်ဂိုဏ်းတည်းထား ကိုးကွယ်ရမယ့် မိဘတွေကိုတောင် ကိုယ်နဲ့ အယူအဆမတူလို့၊ စစ်သားဖြစ်လို့ မိဘအဖြစ်မှ စွန့်လွှတ်ကြပြန်ပါတယ်။ ပညာဉာဏ်အလင်းပေးနေသူ စာသင်ကြားပေးနေတဲ့ အနန္တော အနန္တငါးပါးဝင် ဆရာ ဆရာမတွေကို CDM မှာ မပါဝင်လို့ ရန်ပြုတိုက်ခိုက်တာ၊ အရှက်ခွဲတာ၊ Social Punishment လုပ်တာတွေကိုလည်း ပြုလုပ်လာကြပါတယ်။ ပညာသင်ကြားရေးကို စီမံခန့်ခွဲနေတဲ့ ပညာရေးမှူးရုံးတွေကို ဖျက်ဆီးတာ၊ စာသင်ကျောင်းတွေကို မီးရှို့တာ၊ ဗုံးထောင်တာတွေကိုလည်း လူမဆန်စွာ လုပ်ဆောင်လာတာကို တွေ့ရပါတယ်။

အများပြည်သူသွားလာတဲ့ လမ်းတွေကို ပိတ်ဆို့တာ၊ ဖျက်ဆီးတာ၊ အများပြည်သူ အသုံးပြုတဲ့ ပြန်လည်ဖွင့်လှစ်မယ့် ကျောင်းတွေကို CDM ပါဝင်တဲ့ဆရာမတွေက ကျောင်းဖွင့်ရာသီအမီ ကိုယ့်ကျောင်းကိုပြန်ပြီး မီးရှို့တဲ့ဖြစ်စဉ်တွေကိုလည်း ကြားသိနေရပါတယ်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေကို မီးလောင်ဗုံးပစ်ပြီး မီးရှို့နေကြတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ တာဝန်ရှိသူတွေကို ဒလန်လို့ စွပ်စွဲပြီး အလစ်အငိုက် ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်နေကြ ပါ တယ်။ မဟုတ်မမှန်တဲ့ သတင်းမျိုးစုံလွှင့်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်စီးအောင်၊ Failed State ဖြစ်အောင် နည်းလမ်းမျိုးစုံနဲ့ ဖျက်လိုဖျက်ဆီး လုပ်နေကြပါတယ်။

**ပစ္စုပ္ပန်၊ တမလွန် ဘဝနှစ်တန်**

**အဲဒီလို တာဝန်တွေ၊ ကျင့်ဝတ်တွေ ပျက်ကွက်ပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေကြမယ်၊ လူသာမန်စိတ်ကနေ လူဆိုးလူမိုက်လူယုတ်မာစိတ် (Id) စိတ်နဲ့ လုပ်ကိုင်နေကြမယ်ဆိုရင်တော့ "ဘယ်သူမပြု မိမိမှု" ဆိုတဲ့ စကားလိုပါပဲ။ တရားဥပဒေကပေးတဲ့အပြစ်ဒဏ်ကို ခံကြရမှာဖြစ်ပါတယ်။ မကောင်းမှုပြုသူဟာ ဒီဘဝမှာလည်း စိုးရိမ်ရတတ်ပါတယ်။ တမလွန်ဘဝမှာလည်း စိုးရိမ်ရတတ်ပါတယ်။ ပစ္စုပ္ပန်၊ တမလွန် ဘဝနှစ်တန်တို့မှာလည်း စိုးရိမ်ရတတ်ပါတယ်။**

ဒါကြောင့် အကြမ်းဖက်မှုတွေ၊ ဖျက်လိုဖျက်ဆီး လုပ်ရပ်တွေကို ရပ်တန်းက ရပ်ကြပါ။ ပြည်သူလူထု အနေနဲ့လည်း မကောင်းမှုတွေကို ဆန့်ကျင်ပြီး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါ။ ဘေးဘယာဝေးကွာပြီး တိုင်းပြည်အေးချမ်းသာယာအောင် ပညာရှင်ဖြစ်ရုံနဲ့ မပြီးသေးဘူး၊ ပညာရှိ သူတော်ကောင်းတွေအဖြစ် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၄**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မေ ၂၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းထလန်းကျေးရွာအုပ်စု မိုင်းကန်းကျေးရွာရုံးခန်းမ၌ မိုင်းဆတ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံတိုင်းရင်းသားများကို ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်း ဆောင်ရွက်ပေးနေမှုနှင့် နယ်မြေခံတပ်နယ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများက သွေးအုပ်စု ခွဲခြားစစ်ဆေးပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



**တက်ရောက်**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာ၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသော်ဇင်ဦး၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးကျလောဘို၊ ဦးညီကပ်တို့နှင့်အတူ ဒေသခံတိုင်းရင်းသားများအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းစဉ်သည် ဌာန၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပြီး ခေတ်အဆက်ဆက် ဆောင်ရွက်ထုတ်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ခရီးလမ်းပန်းခက်ခဲမှုနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ပေးရန် ကျန်ရှိနေသူများ ရှိနေသေးပါကြောင်း၊ ပန်းခင်းစီမံချက်ကို မေ ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း မိုင်းဆတ်ခရိုင်အတွင်း စီမံချက်စမ်းသပ်ကာလအဖြစ် ဧပြီ ၂၃ ရက်မှ စတင်၍ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည့်အတွက် ယခုကဲ့သို့ အခမ်းအနားကျင်းပ၍ ဒေသခံကိုယ်စားလှယ်များထံ ပေးအပ်နိုင်ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးရာတွင်လည်း နိုင်ငံသားဥပဒေနှင့် မကိုက်ညီသူများအား ထုတ်ပေးခြင်းမရှိစေရေးအတွက် လုပ်ထုံး၊ လုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူသည် နိုင်ငံသားတစ်ယောက်၏ ရရှိခံစားနိုင်သည့် အခွင့်အရေးများကို ရရှိခံစားနိုင်မည်ဖြစ်ပြီး ရရှိပြီးကတ်ပြားများကိုလည်း ကာယကံရှင်များက ပျက်စီး/ပျောက်ဆုံးမှု မရှိစေရေး စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်စု ကိုယ်စားလှယ်များထံ ပေးအပ်ကြပြီး ဒေသခံတိုင်းရင်းသားများကိုယ်စား ဒေသခံတိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးညီကပ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်အတွင်း ဝမ်ဟုန်၊ မိုင်းယွန်း၊ မိုင်းထလန်းကျေးရွာနှင့် မိုင်းတုံမြို့နယ်အတွင်း ဟိုပန်၊ ဟွေအော၊ မိုင်းကျွတ်၊ ခိုင်းလုံကျေးရွာ စသည့်ကျေးရွာနေရာ ခုနစ်နေရာ၌ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများ အခြေပြုကာ ၂၀၂၂ ခုနှစ် ဧပြီ ၂၃ ရက်မှစ၍ ပန်းခင်းစီမံချက် စမ်းသပ်ဆောင်ရွက်မှုအဖြစ် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ယခုအခမ်းအနားတွင် မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၅၇၂ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၉၁၂ ကတ် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင် အခကြေးငွေဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနား တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၂၄**
ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင် အခကြေးငွေဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မူပိုင်ခွင့်ဦးစီးဌာနကို နေပြည်တော်ရုံးချုပ်နှင့် ရန်ကုန်၊ မန္တလေးတွင်ဌာနခွဲများ ဖွင့်လှစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်ဦးစီးဌာန ရုံးအဆောက်အအုံတည်ဆောက်ရေး၊ ဝန်ထမ်းအင်အားဖြည့်တင်းရေးနှင့် ဝန်ထမ်းများအနေဖြင့် မိမိဌာန၏လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိစေရန်အတွက် ဌာနတွင်း ဟောပြောပွဲများ၊ Case Study များ ဆောင်ရွက်သွားရန်နှင့် ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာ လုပ်ငန်းများကိုလည်း ပါဝင်ဆွေးနွေးသွားရန်လိုကြောင်း၊ လိုအပ်ပါက ပညာရှင်များ ခေါ်ယူဖိတ်ကြားဆောင်ရွက်သွားရန် လိုကြောင်းနှင့် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ဌာနအသစ်ဖြစ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများစွာရှိနေ၍ ဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာနများမှလည်း လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးညွှန့်အောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းတို့က မူပိုင်ခွင့်ဦးစီးဌာနနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဦးစီးဌာန၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့ကလိုအပ်သည်များ ဖြည့်စွက်ပြောကြားကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယမန်နေ့ နံနက်ပိုင်းတွင် မော်လမြိုင် – ချောင်းဆုံ လမ်းအခြေအနေနှင့် သံလွင်တံတား(မော်လမြိုင်) ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အမြင်တင့်တယ်လှပရေးအတွက် တံတားအပေါ်ထည်သံပေါင်များ၏ လိုအပ်သည့် အပိုင်းများကို ဆေးသုတ်ပေးရန်နှင့် တံတားကိုယ်ထည်နှင့် တံတားအောက်ပိုင်း ကြံ့ခိုင်မှုတို့ကို နှစ်စဉ်စစ်ဆေးပေးရန် တာဝန်ရှိသူများအား မှာကြားသည်။



### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ကျိုက်ထို – ကျိုက္ကသာ ကျေးလက်လမ်းကတ္တရာခင်းပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ကျိုက်ထို – ကျိုက္ကသာကျေးလက်လမ်းသည် အရှည် ၁၂ မိုင် ၂ ဖာလုံကျော်ရှိပြီး လမ်းအဆင့် Class A အမျိုးအစားတွင်ပါဝင်ကာ ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၄၄၄၆ အိမ်နှင့် လူဦးရေ ၂၆၈၀၀ ကျော်တို့ကို အကျိုးပြုမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–မော်လမြိုင်လမ်း (ဘုရားကြီး – ကျိုက်ထိုအပိုင်း) မိုင်တိုင်အမှတ်(၇၅/၀ နှင့် ၇၅/၁)ကြားတွင် တံတားဦးစီးဌာနမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့် အဗျားရေလွှဲပေါက်တံတားဘေးတွင် အရှည်ပေ ၂၄၀ သံကူကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့သို့ ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က ပဲခူး–သနပ်ပင်–ခရမ်း–သုံးခွ–သန်လျင်လမ်း(ပဲခူး–သနပ်ပင် လမ်းအပိုင်း)တွင် ကတ္တရာကွန်ကရစ်လမ်း(AC)ခင်းနေမှုကို လည်းကောင်း၊ ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်း(၀/၀)မိုင်မှ (၆/၀) မိုင်အထိ လမ်းသစ်ဖောက်လုပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေတို့ကို လည်းကောင်း၊ ပဲခူးမြို့ဝန်းကျင်တွင် ကွန်ရက်သဖွယ် ဖောက်လုပ်ထားရှိသည့် လမ်း၊ တံတားအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၉)မှ သမိန်ဗရမ်း–သံတော်တွင်း– မဂ္ဂတစ်လမ်းပေါ်ရှိ အရှည်ပေ ၂၁၀ ရှိ ကျုံးကူးတံတားတည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားသမားများ လေ့ကျင့်နေမှုနှင့် အားကစားကွင်း၊ အားကစားရုံများ စစ်ဆေးကြည့်ရှု

**နေပြည်တော် မေ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် မေ ၂၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းအားကစားသမားများ အိပ်ဆောင်လေးထပ်၊ စားရိပ်သာနှင့် မီးဖိုဆောင်များ ဆောက်လုပ်နေမှုများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားကွင်း၌ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသော မြန်မာ့လက်ရွေးစင်သေနတ်ပစ် အားကစားသမားများ၏ မီတာ(၁၀)ရိုင်ဖယ်ပစ်ခတ်စဉ်၊ မီတာ (၅၀)စိတ်ကြိုက်ပစ္စတိုပစ်ခတ်စဉ်၊ (၂၅)မီတာပစ္စတိုအမြန်ပစ်ပစ်ခတ်စဉ်များ လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် လားရှိုးမြို့သို့ ရောက်ရှိလာပြီး လားရှိုးကွန်ပျူတာတက္ကသိုလ်ကျောင်းဝင်းအတွင်း အလျား ပေ ၃၇၀၊ အနံ ၂၄၅ ပေရှိ ဘောလုံးအားကစားကွင်း ဖော်ထုတ်နေမှုလုပ်ငန်းများကို လည်းကောင်း၊ လားရှိုးအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း အလျား ပေ ၁၅၀၊ အနံပေ ၁၁၀ ဘတ်စကက်ဘောကွင်း ဆောက်လုပ်နေမှုလုပ်ငန်းများကို လည်းကောင်း၊ လားရှိုးမြို့မအားကစားကွင်း Inner Fencing ကာရံခြင်းနှင့် ပေ(၅၀ x ၃၀) အားကစားမှူးရုံးနှင့် နေအိမ် တည်ဆောက်နေမှုလုပ်ငန်း၊ ရေဂါလန် ၃၀၀၀၀ ဆံ့ Ground Tank,Over head tank လုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်းအတွင်း လူဦးရေ ၁၀၀၀၀ ဆံ့ ဘောလုံးပွဲကြည့်စင် ဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ အမှတ် (၉)ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လားရှိုးလူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ အားကစားပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးအပ်ရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်စံပယ်က လက်ခံရယူခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် သိန္နီမြို့နယ် အားကစားကွင်းအုတ်တံတိုင်း ပေ ၄၀၀ ကာရံခြင်းလုပ်ငန်းနှင့် မြို့နယ်အားကစားမှူးရုံး/နေအိမ် တည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ကွမ်းလုံမြို့နယ် ဘောလုံးအားကစားကွင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဟိုပန်မြို့နယ် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးညီနပ့်နှင့် ကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထို့နောက် ဟိုပန်မြို့နယ် အားကစားကွင်းနှင့် အားကစားရုံများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံး၌ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အားကစားဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် လောက်ကိုင်မြို့နယ်တွင် အားကစားကွင်းဖော်ထုတ်နေမှု၊ ဘောလုံးကွင်း မြက်ကပ်နေခြင်းလုပ်ငန်းများ၊ မီတာ ၄၀၀ ပြေးလမ်းဖော်ဆောင်နေခြင်းလုပ်ငန်းများ၊ ဘောလုံးပွဲကြည့်စင် တည်ဆောက်နေခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လောက်ကိုင်မြို့အားကစားရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၂၄**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်း ကျောင်းမှကျောင်းသားကျောင်းသူများက "ကျောင်းအပ်နှံရေးသီတင်းပတ်" သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

**တစ်နိုင်ငံလုံး ကျင်းပအပ်နှံ**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၄ ရက်မှ မေ ၃၁ ရက်အထိ တစ်နိုင်ငံလုံး ကျင်းပအပ်နှံနေကြပြီဖြစ်ရာ ကျောင်းသားမိဘများ အနေဖြင့် ထပ်တူ ဝမ်းသာကြည်နူးနေမည်ဟု ယုံကြည်မိပါကြောင်း၊ ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်နက်တည်း ဖွင့်လှစ်တော့မည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူလေးများ တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးကို ပျက်ပြားစေလိုသူများက ကျောင်းအပ်နှံသည့်အခါ ငွေကြေးများ ကောက်ခံမည်ဟု ကောလာဟလ သတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများ အထင်အမြင်မှားအောင် ဆောင်ရွက်မှုများ ရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ကျောင်းသားမိဘများ အနေဖြင့် သတင်းမှားများကို မယုံကြည်ရန်နှင့် တာဝန်ရှိသူများနှင့် ဆရာ ဆရာမများကလည်း ပြည်သူများ သတင်းအမှန်သိရှိရန် အချိန်နှင့်တစ်ပြေးညီ အသိပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ပွဲကိုင်ရှင် ဆရာ ဆရာမများ**

ဆရာဆရာမများအားလုံးသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုအပ်ပါကြောင်း၊ ခေတ်စနစ်မည်သို့ပင် ပြောင်းနေပါစေ ဝန်ထမ်းများသည် ကိုယ့်အလုပ်တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ပညာရေးဝန်ထမ်းများသည် နိုင်ငံ၏ အနာဂတ် သားကောင်းရတနာများကို မွေးထုတ်ပေးနေသည့် ပွဲကိုင်ရှင် ဆရာ ဆရာမများ ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ အနေဖြင့်ကျောင်းသားကျောင်းသူများအား ခံယူချက်၊ ယုံကြည်ချက်၊ ယူဆချက်များ မှန်ကန်အောင် ပညာသင်ကြား ပေးစေလိုပါကြောင်း။

ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူလေးများအား ကျောင်းပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် သင်ခန်းစာများအပြင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ယဉ်ကျေးမှုများ၊ လိမ္မာရေးခြားရှိစေမည့် သင်ခန်းစာအကြောင်းအရာ များကိုလည်း သင်ကြားပေးစေလိုပါကြောင်း၊ မွန်မြတ်သည့် ဆရာဟူသော ဂုဏ်သိက္ခာကို တန်ဖိုးထား၍ ပညာရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ ကလေးများအားလုံး ပညာ သင်ယူခွင့်ရအောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**စီစဉ်ထားရှိ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အခြေခံပညာ ကျောင်းပေါင်း ၇၅၇ ကျောင်းရှိရာ ဇွန် ၁ ရက်တွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ရန် အဆင်သင့်အနေအထား ပြင်ဆင်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ကျောင်းများ ဖွင့်လှစ်ချိန်တွင် ဘေးပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများမရှိစေရေး ဆရာကြီး၊ ဆရာမကြီးများအားလုံး၊ ကျောင်းသား ကျောင်းသူများ အားလုံးအတွက် လုံခြုံရေး ဆောင်ရွက်ပေးရန် စီစဉ်ထားရှိပြီး ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများကို စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်စေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်းတို့က ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဓာတ်မာန်" သီချင်းဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းလာရောက်အပ်နှံကြသော ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာ

- ပညာတန်ဆောင်
မီးရှူးရောင်
အမှောင်ပယ်ခွင်း ဉာဏ်အလင်း။
- ပညာဂုဏ်ရည်
နှိုင်းမမီ
ပတ်လည်ပျံ့သင်း ဂုဏ်သတင်း။
- ပညာတတ်လျှင်
ဉာဏ်မြော်မြင်
ဆင်ခြင်ဖြေရှင်း အမှားကင်း။
- ပညာပြည့်ဝ
အချင်းလှ
ရွှန်းပလမင်း အေးမြခြင်း။
- ပညာထူးချွန်
နိုင်ငံ့ဝန်
မာန်လျှော့ဝပ်စင်း ထမ်းစေမင်း။ ။

ကို(စစ်တက္ကသိုလ်)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း (၄၉)ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ ဒါရိုက်တာအဖွဲ့အစည်းအဝေး တက်ရောက်





**နေပြည်တော် မေ ၂၄**

(၄၉)ကြိမ်မြောက် အေစီယူဒါရိုက်တာအဖွဲ့ အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း တက်ရောက်သည်။

**တာဝန်လွှဲပြောင်းပေးအပ်**

အစည်းအဝေးအစီအစဉ်အရ ယခင်နှစ် အေစီယူ အလှည့်ကျသဘာပတိ ဘူတန်ဗဟိုဘဏ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ယခုနှစ် အလှည့်ကျအေစီယူသဘာပတိ အိန္ဒိယဗဟိုဘဏ်ဥက္ကဋ္ဌသို့ တာဝန်လွှဲပြောင်းပေးအပ်၍ အေစီယူဒါရိုက်တာအဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေး၌ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ အေစီယူအတွင်းရေးမှူးချုပ်က ၂၀၂၀ ပြည့်နှစ် ဘဏ္ဍာနှစ်အတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အစီရင်ခံစာတင်ပြခြင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အရေးပါမှုအခန်းကဏ္ဍ၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ အေစီယူကျွမ်းကျင်မှုကော်မတီအစည်းအဝေး၌ ဆွေးနွေးခဲ့သည့် အေစီယူစနစ် အသုံးပြုဆောင်ရွက်လျက်ရှိသော ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များ ကြုံတွေ့ရသည့်အခက်အခဲများ၊ အဖွဲ့ဝင်နိုင်ငံများအကြား အေစီယူစနစ်ကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်မှုနှင့် စာရင်းရှင်းလင်းမှုများအတွက် Web-based Application ကို အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အေစီယူစနစ်တွင် ဂျပန်ယန်းကို ထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ ACU Agreement နှင့် Procedure Rules ၌ ပြင်ဆင်ရမည့်အချက်များ၊ အေစီယူစနစ်အတွင်း ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ပိုမိုတိုးတက်လာစေရေး ကိစ္စရပ်များနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အေစီယူသဘာပတိနှင့် ဒုတိယသဘာပတိများ ရွေးချယ်မှုနှင့် ပတ်သက်၍ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးကြသည်။ အေစီယူအဖွဲ့တွင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ မော်လဒိုက်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ ပါဝင်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ အေစီယူတာဝန်ခံအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းအချက်အလက်မှန်တွေနဲ့ ဖွဲ့စည်းထားတဲ့ အဆိုးအကောင်း၊ အကျိုးအကြောင်းစာအုပ်အပေါ် လေ့လာခြင်း




**သတင်းတွေ ပေါ်များလာတာနဲ့အမျှ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့ မိမိတို့ကြိုးစားကြရပါတယ်။ သတင်းအချက်အလက် မှန်ကန်မှသာ မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေ၊ အသိအမြင်တွေနဲ့ ဆင်ခြင်တုံတရားတွေက အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ဆန်းစစ်ပြီး ဘဝအတွက် လိုအပ်တဲ့အရာတွေကိုလည်း အလွယ်တကူ ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။**

ယနေ့အခြေအနေကို ကမ္ဘာမှာ သတင်းအချက်အလက်နည်းပညာခေတ်လို့ တင်စားကြပါတယ်။ မိမိတို့က နေ့စဉ်နဲ့အမျှ သတင်းတွေကို မီဒီယာပလက်ဖောင်းမျိုးစုံကနေ လွယ်လွယ်ကူကူရရှိနိုင်ကြတယ်။

သတင်းတွေဟာ လူ့အဖွဲ့အစည်းရဲ့ အရေးပါတဲ့အစိတ်အပိုင်းတစ်ခုလည်းဖြစ်သလို သတင်းဟာ မိမိတို့နေ့စဉ် နေမှုထိုင်မှုအလုံးစုံကို ဆုံးဖြတ်ချက်ချဖို့ အကူအညီပေးပါတယ်။ အဝေးဆုံးက အကြောင်းအရာတွေကို အမြန်ဆုံး သိရှိနိုင်သလို ကမ္ဘာကြီးရဲ့အကြောင်းကိုလည်း ကမ္ဘာသားတွေအားလုံးဆီ ပို့ပေးတယ်။ မိမိပြောလိုတဲ့အရာတွေ မိမိသိလိုတဲ့အရာတွေ၊ မိမိဆင်ခြင်ဆုံးဖြတ်နိုင်မယ့်အထောက်အကူပြုအသိပညာတွေ အားလုံးကို သတင်းတွေကနေတစ်ဆင့် ရရှိကြရတာ ဖြစ်ပါတယ်။ အဲဒီလိုသတင်းတွေ သိသိလာတာနဲ့အမျှ မိမိတို့နေထိုင်တဲ့ကမ္ဘာကြီးက ဘယ်လိုလဲဆိုတာကို ပိုပိုပြီးပုံဖော်လာနိုင်ပါတယ်။

သတင်းတွေပေါ်များလာတာနဲ့အမျှ မှန်ကန်တဲ့ သတင်းအချက်အလက်တွေဖြစ်ဖို့ မိမိတို့ကြိုးစားကြရပါတယ်။ သတင်းအချက်အလက်မှန်ကန်မှသာ မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေ၊ အသိအမြင်တွေနဲ့ ဆင်ခြင်တုံတရားတွေက အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ဆန်းစစ်ပြီး ဘဝအတွက် လိုအပ်တဲ့အရာတွေကိုလည်း အလွယ်တကူ ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။

ဒီတစ်ပတ်မှာတော့ စာရေးသူက "အကျိုးအကြောင်း၊ အဆိုးအကောင်း"ဆိုတဲ့ ခေါင်းစဉ်နဲ့ ထုတ်ဝေထားတဲ့ စာအုပ်တစ်အုပ်ကို စာချစ်သူတွေအတွက် မိတ်ဆက်ပေးလိုပါတယ်။ ဒီစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ဧပြီလအတွင်းမှာ ထုတ်ဝေထားတာဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ သတင်းစာရှင်းလင်းပွဲမှတ်တမ်းလေးခုကို ပေါင်းစည်းထုတ်ဝေထားခြင်းပဲဖြစ်ပါတယ်။

အစိုးရရဲ့ တရားဝင်သတင်းစာရှင်းလင်းပွဲတွေဖြစ်တဲ့အတွက် လက်ရှိအချိန်ကာလအတွက် ဆောင်ရွက်ချက်တွေနဲ့လိုအပ်ချက်တွေ၊ အစိုးရက ဘာကိုပြောချင်တာလဲ၊ လက်ရှိနိုင်ငံတော်ကို ဘယ်လိုအစီအမံတွေနဲ့ သွားနေသလဲ စတာတွေကို အစိုးရဘက်က တာဝန်ရှိသူတွေကရှင်းလင်းတာဖြစ်ပြီး တစ်ဖက်မှာ ပြည်သူတွေ သိလိုတဲ့၊ သိဖို့သင့်တဲ့ အကြောင်းအရာတွေ၊ ပြည်သူတွေဘက်ကနေ အခက်အခဲနဲ့ အစိုးရအပေါ်ထားတဲ့ သဘောထားအမြင်တွေကို သတင်းစာဆရာတွေ၊ မီဒီယာသမားတွေက မေးမြန်းထောက်ပြကြပါတယ်။ ဒီအပေါ်မှာ အစိုးရက သတင်းထုတ်ပြန်ဖို့တာဝန်ရှိသူတွေကနေ ဦးဆောင်ပြီး ပြန်လည်ဖြေကြားတဲ့အစီအစဉ်တွေဖြစ်ပါတယ်။

### ဘာ့ကြောင့်ဖတ်သင့်တာလဲ

အစိုးရသတင်း ထုတ်ပြန်ရေးတာဝန်ရှိသူတွေနဲ့ စာနယ်ဇင်းသမားတွေအကြား အကြိတ်အနယ်မေးမြန်း၊ ဖြေကြားမှုတွေကနေ ပြည်သူတွေသိသင့်သိထိုက်တဲ့သတင်းအချက်အလက် အကြောင်းအရာများစွာကိုလည်း စာအုပ်အတွင်း မြင်တွေ့ရမှာဖြစ်ပါတယ်။

မိမိတို့ပြည်သူတွေဟာ သတင်းအချက်အလက်တွေကို စားသုံး(ရယူ)ရာမှာ အရာရာကို ဆန်းစစ်ဝေဖန်တဲ့အမြင်နဲ့ကြည့်ရှုရမှာဖြစ်ပြီး ဘက်ပေါင်းစုံကနေပြန်လည်စစ်ထုတ်ပြီး အမှားနဲ့အမှန်၊ အကျိုးအကြောင်း အဆိုးအကောင်းကို ခွဲခြားပိုင်းဖြတ်ကြရမှာဖြစ်ပါတယ်။ လက်ရှိမှာ မိမိတို့နိုင်ငံဟာ အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေတဲ့ အချိန်ဖြစ်သလို ပဋိပက္ခတွေ၊ အကြမ်းဖက်မှုဖြစ်စဉ်တွေ၊ ဆူပူသောင်းကျန်းမှုတွေကိုလည်း မလွဲသာမရှောင်သာ ကြုံနေရပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိအောင်၊ တိုင်းပြည်စီးပွားရေး မယိုင်လဲအောင်၊ တရားဥပဒေစိုးမိုးအောင်နဲ့ ပြည်သူတွေ အေးအေးချမ်းချမ်းရှိအောင်၊ အထူးအားဖြင့်တော့ မိမိတို့အားလုံးမျှော်လင့်နေတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို အများဆန္ဒနဲ့အညီ ပွင့်လင်းမြင်သာစွာနဲ့ ဖော်ဆောင်ဖို့အတွက် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတဲ့ သမိုင်းမှတ်တမ်းတစ်ရပ်လည်းဖြစ်တာကြောင့် မိမိတို့ပြည်သူများ မဖြစ်မနေဖတ်ရှုသင့်တဲ့ စာအုပ်ဖြစ်တယ်လို့ ညွှန်းဆိုပါရစေ။

### လူထုစိတ်ဝင်စားမှုအမြင့်ဆုံးဖြစ်ခဲ့သည့် နိုင်ငံတော်အစိုးရ၏ ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲ

ပရိသတ်စိတ်ဝင်စားမှုအများဆုံးရှိခဲ့တဲ့ သတင်းစာရှင်းလင်းပွဲဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီး နှစ်ပတ်ကျော်အကြာ ၁၆-၂-၂၀၂၁ ရက်နေ့မှာ ကျင်းပခဲ့တာပါ။ အဲဒီသတင်းစာရှင်းလင်းပွဲအတွင်းမှာ ပြည်သူများစိတ်ဝင်တစားသိလိုတဲ့ သတင်းအချက်အလက်တွေ အများအပြားမြင်တွေ့ရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုနဲ့တစ်ခုအတွင်း မဲမသမာမှုဖြစ်နိုင်တဲ့စာရင်းတွေကို တပ်မတော်ကနေ စစ်ဆေးတွေ့ရှိခဲ့တဲ့ ကိန်းဂဏန်းအချက်အလက်တွေနဲ့ ပွင့်လင်းမြင်သာစွာပြသခဲ့တာကိုလည်း မြင်တွေ့နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ဦးဆောင်ရှင်းလင်းခဲ့တာဖြစ်ပြီး နှစ်ပတ်တာအတွင်း ဖြစ်ပေါ်နေတဲ့အခြေအနေအရပ်ရပ်ကို ခြုံငုံပြောကြားခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့မေးခွန်းတွေအနေနဲ့ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဟောင်း ဦးဝင်းမြင့် အပါအဝင် ခေါင်းဆောင်ဟောင်းတွေကို ဖမ်းဆီးထိန်းသိမ်းထားတာ၊ ဥပဒေပုဒ်မတွေနဲ့ တရားစွဲဆိုတာ၊ ဒါကဥပဒေကို လက်လွတ်စပယ်ကျင့်သုံးတာလားဆိုတဲ့ စွပ်စွဲချက်တွေရှိတယ်ဆိုတဲ့ မေးခွန်းဖြစ်ပြီး ဆန္ဒပြသူတွေကို အင်အားအလွန်အကျွံသုံးတယ်ဆိုတဲ့ မေးခွန်း၊ အနောက်နိုင်ငံများက တပ်မတော်အပေါ် ပိတ်ဆို့အရေးယူမှုအပေါ် မည်သို့တုံ့ပြန်အရေးယူဆောင်ရွက်မလဲဆိုတဲ့မေးခွန်း၊ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့၏ ကျန်းမာရေးအခြေအနေ၊ ၎င်းတို့အား ဖမ်းဆီးထားရသည့်အခြေအနေ စတာတွေကို မေးမြန်းတဲ့အခါမှာလည်း သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်၏ ဖြေကြားချက်များကို ဖတ်ရှုလေ့လာခွင့်ရရှိမှာဖြစ်ပါတယ်။

ထို့အတူ CDM ဝန်ထမ်းတွေအပေါ် အစိုးရရဲ့ သဘောထားနဲ့ ပြန်လည်စည်းရုံး ခေါ်ယူနေတဲ့ အကြောင်းအရာတွေ၊ ကိုဗစ်ကာကွယ်ဆေးအတွက် ဆောင်ရွက်နေတဲ့ အကြောင်းအရာတွေနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ယခင်သဘောတူညီချက်တွေကို ဘယ်လိုပုံသဏ္ဌာန်နဲ့ ရှေ့ဆက်မလဲဆိုတာကိုလည်း အတိအလင်း ဖြေကြားခဲ့တာကို သိရှိရမှာပါ။ အထူးသဖြင့် ဘဏ်တွေနဲ့ပတ်သက်ပြီး ယခုစာအုပ်ထုတ်ဝေပြီးတဲ့အချိန်အထိ ထွက်ပေါ်နေတဲ့ ကောလာဟလတစ်ခုဖြစ်တဲ့ ငွေစက္ကူအချို့ကို သိမ်းမယ်ဆိုတဲ့ အကြောင်းအရာအပေါ်မှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မည်သို့မည်ပုံအာမခံချက်ပေးထားတယ်ဆိုတဲ့ အကြောင်းအရာက မိမိတို့ပြည်သူတိုင်း လေ့လာသင့်တယ်လို့ ထင်မြင်မိပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံ၏ သံအမတ်ကြီးများသည် နိုင်ငံတကာမှာ သံအမတ်ကြီးအဆင့်ဖြင့် အစုံအလင်ရှိနေသည်ကိုလည်း သတင်းစာရှင်းလင်းပွဲမှတ်တမ်းအရ သိခွင့်ရခဲ့ပါတယ်။

### ဒုတိယအကြိမ်မြောက်သတင်းစာရှင်းလင်းပွဲနှင့် စိတ်ဝင်စားဖွယ်အကြောင်းအရာများ

မတ်လ ၁၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်းကို လေ့လာကြည့်တဲ့အခါ ပြည်သူစိတ်ဝင်စားမှုမြင့်တက်ခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းကိုယ်တိုင် ထွက်ဆိုခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ခြောက်သိန်းကျော်နဲ့ အကယ်ဒမီ ရွှေစင် ခုနစ်ပိဿာပေးအပ်ခဲ့တဲ့ အကြောင်းအရာတွေ၊ ပဋိပက္ခအခြေအနေအတွင်းမှာ သေဆုံးသွားတဲ့ သမီးငယ်လေးနှစ်ဦးဖြစ်တဲ့ မမြသွဲ့သွဲ့ခိုင်နဲ့ မကြယ်စင်တို့ သေဆုံးမှုနဲ့ စပ်လျဉ်းတဲ့ ရှင်းလင်းချက်တွေ၊ ဒေသန္တရလက်လုပ်မိုင်းအပါအဝင် ဆူပူအကြမ်းဖက်မှုဆိုင်ရာ လက်နက်ပစ္စည်းတွေအကြောင်းနဲ့ CDM လှုပ်ရှားမှုမှာဦးဆောင်ကြသူတွေဖော်ထုတ်ထားတဲ့အကြောင်း စတာတွေကို ရှုထောင့်ပေါင်းစုံက ဖတ်ရှုကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုဖြစ်စဉ်တွေကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ရှင်းလင်းဖော်ထုတ်ခဲ့တာကို မြင်တွေ့ရပြီး မဲမသမာမှုတွေကို သံသယဖြစ်နေတဲ့ ပြည်သူတွေရှိတာကို သတင်းမီဒီယာက မေးမြန်းတဲ့အခါမှာလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်တွေ့ရှိချက်တွေကို သက်သေအနေနဲ့ တင်ပြနိုင်ကြောင်း၊ မဲစာရင်းများနှင့် မဲလက်မှတ်များသည် အမှန်တကယ် တွေ့ရှိရသည့်ဖြစ်စဉ်အမှန်များဖြစ်ကြောင်းနှင့် လာရောက်၍လေ့လာနိုင်ပါကြောင်း ဖြေကြားခဲ့တာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ပတ်သက်ပြီးရှေ့ဆက်သွားမယ့် မူဝါဒ၊ ဘဏ်တွေနဲ့ပတ်သက်ပြီး စိတ်ပူစရာမလိုကြောင်း ထပ်လောင်းပြောကြားသွားတာတွေကိုလည်း လေ့လာဖတ်ရှုနိုင်ပါလိမ့်မယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူထားတဲ့ တစ်လကျော်ကာလအတွင်း ပြောင်းလဲတိုးတက်မှုဖြစ်စဉ်တွေ၊ R2P ကိုစိုးရိမ်ပူပန်နေကြတဲ့ ပြည်သူတွေအတွက် အစိုးရရဲ့တိကျတဲ့အဖြေ၊ CRPH နဲ့ပတ်သက်သူများ အရေးယူဆောင်ရွက်တော့မယ်ဆိုတဲ့ သတိပေးချက်တို့အပြင် အဆိုပါကာလများအတွင်း ပြည်သူများစိတ်ဝင်စားမှုမြင့်တက်လျက်ရှိတဲ့ တရားဝင်အစိုးရဆိုတဲ့အဓိပ္ပာယ်၊ ဆန္ဒပြရုံနဲ့မထိန်းသိမ်းဘဲ ဆူပူအကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်တာ၊ အန္တရာယ်ဖြစ်စေနိုင်တဲ့ လက်နက်တွေ့ရှိတာ၊ စစ်ဆေးတဲ့အခါမှာ ဆူပူအကြမ်းဖက်မှုကို ဆက်လက်ဦးဆောင်မယ့်သူ၊ လုပ်ဆောင်မယ့်သူဖြစ်တာတွေကိုသာ ဆက်လက်ထိန်းသိမ်းထားတဲ့ အခြေအနေတွေကိုလည်း သိမြင်ခွင့်ရမှာဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ သို့** ✻

* စာမျက်နှာ ၁၀ မှ

### တတိယအကြိမ်မြောက်သတင်းစာရှင်းလင်းပွဲ မှတ်တမ်းများ လေ့လာနိုင်

တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကိုလည်း အပိုင်းနှစ်ပိုင်းခွဲပြီး မတ်လ ၂၃ ရက်မှာ ကျင်းပခဲ့ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်က မတ်လ ၁၁ ရက်နေ့ကနေ ၂၁ ရက်နေ့အထိ ဖြစ်ပေါ်ခဲ့တဲ့ ဆူပူဆန္ဒပြမှုတွေကနေ အကြမ်းဖက်မှုအသွင်ပြောင်းလဲလာတဲ့ မင်းမဲ့စရိုက်လှုပ်ရှားမှုတွေ၊ နိုင်ငံတော်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ မီဒီယာတွေက သတင်းမှားတွေဖော်ပြတာ၊ သွေးထိုးလှုံ့ဆော်တာတွေ ပြုလုပ်နေတဲ့ အကြောင်းအရာတွေ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုစတာတွေကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးကလည်း ရပ်/ကျေးအဆင့် အခြေခံ UEC တွေမှာ မဲမသမာမှုဖြစ်ပွားခဲ့ရတဲ့ အနေအထားနဲ့ မြေပြင်မှာ မဲမသမာမှုလုပ်ခဲ့တဲ့အခြေအနေ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြတာကို ဖတ်ရှုလေ့လာနိုင်သလို ကိန်းကဏန်း အချက်အလက်တွေ၊ မှတ်တမ်းဗီဒီယို၊ ဓာတ်ပုံအချက်အလက်တွေကိုလည်း လေ့လာကြည့်ရှုရမှာ ဖြစ်ပါတယ်။

တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကနေ အကြမ်းဖက်ဖျက်ဆီးမှုတွေ၊ ပြည်သူထိခိုက်ခံစားရမှုအကြောင်း၊ အကြမ်းဖက်ပစ္စည်းတွေ ရှာဖွေတွေ့ရှိမှုစတဲ့ လက်ရှိဖြစ်စဉ်မှန်တွေကို ပကတိအတိုင်း သတင်းမီဒီယာတွေ မြင်သာအောင် ပြသနိုင်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ထူးခြားချက်က ဒေါ်အောင်ဆန်းစုကြည်ထံကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက ဒေါ်လာနဲ့ရွှေ စတာတွေ ပေးခဲ့တဲ့အကြောင်း ဦးဖြိုးမင်းသိန်းကိုယ်တိုင်ပြောဆိုထားတဲ့ ဗီဒီယိုဖိုင်ကိုလည်း ဒီစာအုပ်မှာစာသားအဖြစ် ပြန်လည်မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ပြည်သူတွေစိတ်ဝင်စားမှုမြင့်တက်တဲ့ နိုင်ငံရေးပါတီတွေ အစိုးရတာဝန်ယူပြီး ပထမဆုံးအကြိမ် ရွေးကောက်ပွဲကော်မရှင်နဲ့တွေ့ဆုံပွဲမှာ ဘာတွေဆုံးဖြတ်ခဲ့ကြတယ်။ ညှိနှိုင်းခဲ့ကြတယ်ဆိုတာကို သိရှိရမှာဖြစ်သလို လူဦးရေ ၁၅ သန်းကျော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးဖို့စီစဉ်ထားတဲ့ အခြေအနေ၊ သတင်းမီဒီယာများနှင့်ပတ်သက်၍ သဘောထားများကိုလည်း သတင်းမီဒီယာများ မေးမြန်းချက်များအပေါ် တာဝန်ရှိသူတွေက ပြန်လည်ဖြေကြားခဲ့တာဟာ ပြည်သူတိုင်းသိရှိသင့်တဲ့ သတင်းအချက်တွေပဲဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးခန့်အပ်ထားတဲ့အခြေအနေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လုံခြုံရေးနှင့်ပတ်သက်၍ ဖုန်းနံပါတ်များကို အများပြည်သူများ သိရှိနိုင်ရန် ဖြန့်ဝေထားပြီး လုံခြုံရေးအကူအညီတောင်းခံမည်ဆိုပါက အထူးအလေးထား ဆောင်ရွက်ပေးမယ်ဆိုတဲ့ အစီအစဉ်တွေကိုလည်း လေ့လာသိရှိနိုင်ပါတယ်။

### စတုတ္ထအကြိမ်မြောက်သတင်းစာရှင်းလင်းပွဲမှာ ဘာတွေရှင်းလင်းခဲ့သလဲ

၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ စတုတ္ထအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပခဲ့တာကို စာအုပ်မှာ ပြည့်ပြည့်စုံစုံ ဖတ်ရှုနိုင်ပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေ၊ ရွေးကောက်ပွဲကော်မရှင်ကနေ မဲစာရင်းပြန်လည်စိစစ်တဲ့အခြေအနေ၊ နိုင်ငံတကာ ဆက်ဆံရေးနဲ့ မတ်လနဲ့ဧပြီလဆန်းတို့မှာ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွေ၊ CDM ပြုလုပ်နေတဲ့ ဝန်ထမ်းအနေအထားနဲ့ ကျောင်းဆရာတွေ ၅၀ ရာခိုင်နှုန်းခန့် လုပ်ငန်းခွင်အတွင်းရှိနေတဲ့အခြေအနေ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုတွေ၊ မသမာမှုတွေ ထပ်မံဖော်ထုတ်နိုင်ခဲ့တဲ့ အခြေအနေ၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအတွက် အစီအမံများအကြောင်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများလုပ်ဆောင်နိုင်မှု၊ KNU ဗဟိုရဲ့သဘောထားမပါဝင်တဲ့ တပ်မဟာ(၅)ကို မည်သည့်အတွက် လေကြောင်းမှတိုက်ခိုက်ခဲ့သည် အခြေအနေ အကြောင်းရင်းမှန်စတဲ့ ပြည်တွင်းနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ အမျိုးသားရေး ဆောင်ရွက်မှုများ၊ သတင်းမီဒီယာများရဲ့မေးမြန်းချက်တွေကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့တာတွေကိုလည်း သိရှိရမှာဖြစ်ပါတယ်။

ထူးခြားချက်ကတော့ မတ်လ ၂၉ ရက်နေ့တုန်းက မီးရှို့သတ်ဖြတ်ခံလိုက်ရတဲ့ မန္တလေးက ရဲအရာရှိတစ်ဦးကို သတ်ဖြတ်ခဲ့တဲ့အထဲက ဖမ်းဆီးရမိတဲ့ လူငယ် Generation-Z နှစ်ဦးရဲ့ ဝန်ခံချက်ဗီဒီယိုဖိုင်တွေပဲဖြစ်ပါတယ်။ "၁၄လမ်းအောက်ကနေပြီး တာပေါင်ပေါ်ကို ပွဲကြီးရယ်၊ အမည်မသိနှစ်ယောက်က လူတစ်ယောက်ကို ဆွဲခေါ်လာတယ်။ လက်ပြန်ကြိုးတုပ်ထားတယ်။ ပေါင်နှစ်ဖက်မှာတော့ သွေးတွေစီးကျနေတယ်။ ပွဲကြီးကရှေ့ကနေ ဦးဆောင်ပြီး တာပေါင်ပေါ်ကို ခေါ်လာတဲ့အခါ လူတွေကလည်း ဓားတွေနဲ့ဝိုင်းခုတ်ကြတာ ခုနစ်ယောက်၊ ရှစ်ယောက်လောက်ရှိတယ်။ ခုတ်လည်းပြီးရော ဒီဘက်ရောက်တော့ မီးပုံထဲကိုဆွဲထည့်တယ်။ မီးပုံထဲက ပြန်ထွက်လာတော့ အာကြီးကလည်း ဓားနဲ့ခုတ်တယ်။ ပြီးတော့ဓားနဲ့ဆက်ခုတ်ကြတာ နှင်းဆီတိုက်ခန်းက အဖွဲ့တွေကလည်း မီးပုလင်းတွေနဲ့ဝိုင်းရိုက်တယ်။ ရိုက်လည်းပြီးရော ကြက်သွန်ဖိုဘက်က အမည်မသိသူတွေ ငါးယောက်လောက်ရှိတယ်။ ခဲတွေနဲ့ ဝိုင်းပြီးရိုက်ခဲ့တယ်။ ပြီးတော့ လူကြီးကို မီးပုံထဲဆွဲထည့်လိုက် ဓားတွေနဲ့ မသေမချင်းခုတ်ကြ၊ မီးပုလင်းတွေနဲ့ ပစ်ကြ မီးတွေကတောက်လို့။ ပြီးတော့ အာကြီးရယ်၊ ပွဲကြီးရယ်က ခုံတွေနဲ့ ကလေးတစ်ယာက်နဲ့ ဖိလည်းဖိရော ကျွန်တော်က မီးပုံထဲရောက်နေတဲ့ သူ့ကို ခွနဲ့နှစ်ချက် ပစ်ခဲ့တယ်။ အာကြီးရယ် ပွဲကြီးရယ်က ခုံတွေရှေ့ကဟာတွေ အကုန်မပြီးတော့ ကိုယ်ပေါ်ကိုဖိတယ်။ ဖိပြီး ခဏနေတော့ ရဲကားတွေ စစ်ကားတွေလာပြီ လာပြီနဲ့ ကျွန်တော်တို့ရွာဘက်ကို ပြေးခဲ့ကြတယ်" ဆိုတဲ့ ဗီဒီယိုဖိုင်ထဲက စကားသံတွေကို အတိအကျပြန်လည် ရေးသားဖော်ပြထားတာကိုလည်း မြင်တွေ့ရပါတယ်။

### စာအုပ်ကနေ ပြည်သူတွေဘာတွေရနိုင်မလဲ

မိမိတို့နိုင်ငံကို လက်ရှိတာဝန်ယူထားရသည့် အစိုးရ၏ တရားဝင် သတင်းစာရှင်းလင်းပွဲတွေကို အမိကကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်က အစိုးရနဲ့ ပြည်သူအကြား သတင်းအချက်အလက်မှန်တွေ အမြဲမပြတ်စီးဆင်းသွားစေဖို့ပဲ ဖြစ်ပါတယ်။

သတင်းစာရှင်းလင်းပွဲ မှတ်တမ်းစာအုပ်ကို ဌာနဆိုင်ရာများနဲ့ သတင်းမီဒီယာအဖွဲ့အစည်းများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေဖြန့်ချိလိုက်တာဖြစ်ပြီး အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များနဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ပေါ်တယ်ဖြစ်တဲ့ www.moi.gov.mm တို့မှာ လေ့လာဖတ်ရှုနိုင်ပါတယ်။

ဒီလိုသတင်းစာရှင်းလင်းပွဲ အချက်အလက်တွေကို စာအုပ်အဖြစ် ဖတ်ရှုလေ့လာကြည့်မယ်ဆိုရင် လက်ရှိ လေးလတာသက်တမ်းအတွင်း မြန်မာ့နိုင်ငံရေးကို ခြုံငုံစေ့ငုနိုင်မှာဖြစ်ပြီး မိမိတို့ပြည်သူတွေအတွက် ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို သိရှိသွားမှာ ဖြစ်ပါတယ်။ ထို့အတူ မှတ်တမ်းတွေဟာ အချိန်ကာလတစ်ခုကို လွန်မြောက်တဲ့အခါ ဖျောက်ဖျက်မရတဲ့ သမိုင်းတွေဖြစ်လာမှာမို့ ဖတ်ရှုသင့်တဲ့ စာအုပ်ကောင်းတစ်အုပ်အဖြစ် ပြည်သူများအားလုံး ဖတ်ရှုလေ့လာကြဖို့လည်း တိုက်တွန်းလိုက်ပါရစေ။ ။

**❍ မိမိတို့နိုင်ငံကို လက်ရှိတာဝန်ယူထားရသည့်အစိုးရ၏ တရားဝင်သတင်းစာရှင်းလင်းပွဲတွေကို အမိကကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်က အစိုးရနဲ့ ပြည်သူအကြား သတင်းအချက်အလက်မှန်တွေ အမြဲမပြတ်စီးဆင်းသွားစေဖို့ပဲ ဖြစ်ပါတယ်။**

**❍ ဒီလိုသတင်းစာရှင်းလင်းပွဲအချက်အလက်တွေကို စာအုပ်အဖြစ် ဖတ်ရှုလေ့လာကြည့်မယ်ဆိုရင် လက်ရှိ လေးလတာ သက်တမ်းအတွင်း မြန်မာ့နိုင်ငံရေးကို ခြုံငုံစေ့ငုနိုင်မှာဖြစ်ပြီး မိမိတို့ပြည်သူတွေအတွက် ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို သိရှိသွားမှာဖြစ်ပါတယ်။**

## ပူတာအိုမြို့နယ်အတွင်း ကျေးရွာချင်းဆက်မြေသားလမ်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

ပူတာအို မေ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅၃ သန်းဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းရှိ ဆွမ်ပီယန်-အင်စီယန် ကျေးရွာချင်းဆက် မြေသားလမ်းတစ်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပေးနိုင်မှုကြောင့် ပူတာအိုမြို့နယ် ဆွမ်ပီယန် ကျေးရွာအုပ်စုရှိ ကျေးရွာ နှစ်ရွာ၊ အိမ်ထောင်စု ၁၉၅ စု၊ လူဦးရေ ၁၂၄၆ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားပြည်သူများထံမှ သိရသည်။

**ငွေကြယ်**

## နေ့အပူချိန်မြင့်မားနေစဉ် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေး

ရေတာရှည် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နေ့အပူချိန် မြင့်တက်နေသည့် ယခုအချိန်တွင် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေးကို အဓိကဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၄၆ ဒသမ ၁၉၅ သန်းဖြင့် ဆွာမင်းလမ်းကျေးရွာအုပ်စု ကညင်အိုင် ဆွာမင်းလမ်း၊ ရေနီးကျေးရွာ၊ ပိတောက်ခင်အုပ်စု ချောင်းခွကျေးရွာ၊ ဘုရားကုန်းအုပ်စု ကံလှ၊ ရသေ့ဆိပ်ကျေးရွာ၊ ဒိုးတန်းအုပ်စု ဒိုးတန်းကျေးရွာနှင့် ဒေါင့်အင်းကုန်းအုပ်စု လယ်သာအေးကျေးရွာတို့တွင် စက်ရေတွင်း (တွင်းနက်)တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကာ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၂ ဒသမ ၆၀ ဖြင့် ကျောက်ပုံ၊ ရွာသာယာကျေးရွာတို့တွင် စက်ရေတွင်း နှစ်တွင်း၊ မွမ်းမံရန်ပုံငွေကျပ် သန်း ၁၉ ဒသမ ၆၀ ဖြင့် ကွမ်းအုံအုပ်စု လေးအိမ်စုကျေးရွာ၌ စက်ရေတွင်း တစ်တွင်း၊ UNICEF ရန်ပုံငွေကျပ်သန်း ၂၈ ဒသမ ၁၀ ဖြင့် ကြံသန္တယ်အုပ်စု စိုင်တမော့ကြီးကျေးရွာ၌ ကျေးလက်ရေပေးရေး အိမ်သွယ်ရေတိုင်နှင့် ရေမီတာများတပ်ဆင်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၆၅ သန်းဖြင့် ကျေးရွာ ငါးရွာတွင် လေးလက်မ တွင်းနက်စက်ရေတွင်းများ ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

## ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ သောက်သုံးရေများပေးဝေလှူဒါန်း

နေပြည်တော် မေ ၂၄

ကချင်ပြည်နယ်အတွင်း သောက်သုံးရေရှားပါးသည့်ကာလများတွင် မြို့နယ်များရှိ သောက်သုံးရေများလိုအပ်လျက်ရှိသော ဌာနဆိုင်ရာများ၊ သာသနိကအဆောက်အအုံများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာမြို့နယ် မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယမန်နေ့တွင် မိုးကောင်းမြို့နယ် နမ္မတီးနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးယန်မီဒီးဇီနှင့်တပ်ဖွဲ့ဝင်များသည် မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် နမ္မတီးမြို့ မြို့မရပ်ကွက်ရှိ အရှေ့ရပ်ဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုး**



# အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ပုသိမ်မြို့နယ်မှ ထပ်ဆင့်ပူဇော်ပွဲကျင်းပ

**ပုသိမ် မေ ၂၄**

၂၀၂၁ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂) နယ်မြေ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အရှင်မြတ်အား ပုသိမ်မြို့နယ်လုံးဆိုင်ရာ တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများ၊ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဦးစီးပဓာန ဆရာတော်များ ကြွရောက်တော်မူကြရာ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၃) ဦးအုန်းမြင့်၊ တိုင်းဒေသကြီးသာသနာရေး ဦးစီးဌာနညွှန်ကြားရေးမှူးဦးဖြိုးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ပုသိမ်မြို့နယ်လုံးဆိုင်ရာ အလှူရှင်များ၊ အိမ်ချောင်းလေးကျေးရွာအုပ်စု သရက်ကုန်း၊ အနန်းကုန်းကျေးရွာများမှ ဓမ္မစကြာဝတ်အသင်း ကရင်အမျိုးသမီးလေးများ စုံညီစွာတက်ရောက်ပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြသည်။ ကြွရောက်တော်မူကြကုန်သော သံဃာတော်များက "မြန်မာနိုင်ငံတော်ကြီး ဘေးရန်ခပ်သိမ်းငြိမ်းချမ်းပါစေ" ဟူ၍ ဆုတောင်းမေတ္တာပို့သပြီး မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ကြသည်။

**ရေစက်ချတရားနာယူ**

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးအုန်းမြင့်နှင့်တိုင်းဒေသကြီးသာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးဖြိုးဇော်ဇော်နှင့် တပည့်ဒါယကာအပေါင်းက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိသုတ ထံမှောက်တွင် ရေစက်ချတရားနာယူကြကြောင်း သိရသည်။ **ပုသိမ်လှကြည်**

ဆရာကြီး ပန်းချီဦးစိန်၏ ရှေးသွေးတစ်ခေတ် ကာတွန်းလက်ရာများကို မူရင်းအတိုင်းဖော်ပြပါသည်။

**စာတည်း**




# မြန်မာမြားပစ်အဖွဲ့ယှဉ်ပြိုင်မည့် ဗီယက်နမ်ဆီးဂိမ်း မြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်

**ရန်ကုန် မေ ၂၄**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၁ ခုနှစ် (၃၁) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ၏ မြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်ဖြစ်သည်။

ဆီးဂိမ်း မြားပစ်ပြိုင်ပွဲတွင် Recurve နှင့် Compound ပြိုင်ပွဲအမျိုးအစား နှစ်ခုစလုံး ပါဝင်မည်ဖြစ်ပြီး တစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး Mixed ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ မြားပစ်အားကစားနည်းတွင် ရွှေတံဆိပ်စုစုပေါင်း ၁၀ ခု ချီးမြှင့်မည်ဖြစ်ပြီး မြန်မာမြားပစ်အဖွဲ့အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြားပစ်အားကစားနည်းတွင် Recurve တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသင်းလိုက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ Mixed အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ Compound တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသင်းလိုက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ Mixed အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

**ဆွတ်ခူးရရှိ**

မြန်မာမြားပစ်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုများစွာ ပိုင်ဆိုင်ခဲ့ဖူးပြီး နောက်ဆုံးကျင်းပသည့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာမြားပစ်အဖွဲ့အတွက် ငွေတံဆိပ်ဆုများကို Recurve တစ်ဦးချင်း အမျိုးသားပြိုင်ပွဲတွင် ထိုက်လင်းဦး၊ အမျိုးသမီးပြိုင်ပွဲတွင် ပြည့်စုံနှင်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတို့တွင် ရယူနိုင်ခဲ့ပြီး ကြေးတံဆိပ်ဆုများကို Recurve တစ်ဦးချင်း အမျိုးသမီးပြိုင်ပွဲတွင် သီတာနွယ်၊ Compound အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် စုစုလှိုင်တို့က ရယူနိုင်ခဲ့သည် ။

**ကိုညီလေး**

❑ ၂၀၂၀-၂၀၂၁ မှ

မန်စီးတီးအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၁ မိနစ်မှာ ဒီဘရိုင်း၊ ၁၄ မိနစ်မှာ ဂါဘရီယယ်ဂျီးဆပ်၊ ၅၃ မိနစ်မှာ ဖီးလ်ဖိုဒန်၊ ၇၁ မိနစ်နဲ့ ၇၆ မိနစ်တို့မှာ အဂူရိုတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး တိုက်စစ်မှူး အဂူရိုဟာ မန်စီးတီးအသင်းကို ရောက်ရှိလာခဲ့တဲ့ ၂၀၁၁ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ပွဲစဉ်စုစုပေါင်း ၂၇၅ ပွဲကစားခဲ့ရာမှာ ၁၈၄ ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာလည်း ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ်အဆင့် ၅ နေရာက လက်စတာစီးတီးအသင်းကို တစ်မှတ်ဖြတ်ကာ စုစုပေါင်းရမှတ် ၆၇ မှတ်နဲ့ အဆင့် ၄ စာရင်းဝင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ပရီမီယာလိဂ်ဘောလုံးရာသီပိတ်သိမ်းချိန်မှာ မန်စီးတီးအသင်း၊ မန်ယူအသင်း၊ လီဗာပူးအသင်းနဲ့ ချယ်လ်ဆီး အသင်းတို့ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပြီး လက်စတာစီးတီးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ဟာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့ပါတယ်။ ဖူလ်ဟမ်အသင်း၊ ဝက်စ်ဘရွန်းအသင်းနဲ့ ရှက်ဖီးယူနိုက်တက်အသင်းတို့ကတော့ ပရီမီယာလိဂ်ကနေ တန်းဆင်းခဲ့ရတာဖြစ်ပါတယ်။

၂၀၂၀–၂၀၂၁ ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ဂိုးသွင်းအများဆုံး ကစားသမားကတော့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဖြစ်ပြီး သွင်းဂိုးစုစုပေါင်း ၂၃ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဂိုးဖန်တီးမှုအများဆုံး ကစားသမားကလည်း ဟယ်ရီကိန်းဖြစ်ပြီး ဂိုးဖန်တီးမှု ၁၄ ကြိမ်ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ သွင်းဂိုးစုစုပေါင်း ၂၃ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ရွှေဖိနပ်ဆုကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

နိုင်ပွဲဆက်မှုအများဆုံးအသင်းမှာ ရှစ်ပွဲဆက်အနိုင်ရရှိခဲ့တဲ့ မန်စီးတီးအသင်းဖြစ်ပြီး ရှုံးပွဲဆက်မှုအများဆုံးအသင်းမှာ ရှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့တဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းဖြစ်ပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲတစ်လျှောက် သွင်းဂိုးစုစုပေါင်း ၁၀၂၃ ဂိုးရှိပြီး တစ်ရာသီအတွင်း အဝေးကွင်းရှုံးပွဲမရှိစံချိန်ကို မန်ယူအသင်းက ၁၂ ပွဲနိုင် ခုနစ်ပွဲသရေနဲ့ အဝေးကွင်းရှုံးပွဲမရှိစံချိန်တင်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# အီဂျစ်နိုင်ငံ၌ တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မည်



ကိုင်ရို မေ ၂၄

အီဂျစ်နိုင်ငံသည် တရုတ်နိုင်ငံ၏ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း ထုတ်လုပ်ရန် ယမန်နေ့က တရုတ်နိုင်ငံထံမှ ကာကွယ်ဆေးကုန်ကြမ်း ပထမအသုတ် လက်ခံရရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေး ကုန်ကြမ်းသည် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့်အတူ ကိုင်ရိုအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခြင်းဖြစ်ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ တရုတ်သံရုံးက ပြောကြားသည်။

မေ ၉ ရက်က အီဂျစ်ကျန်းမာရေးဝန်ကြီး ဟာလာဇာယက်၏ ပြောကြားချက်အရ အီဂျစ်အစိုးရသည် ယခုနှစ် ဇွန်လမှစ၍ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်မည်ဖြစ်ပြီး ကာကွယ်ဆေးအလုံးရေ နှစ်သန်းကို အီဂျစ်ဆေးဝါးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးဦးပိုင်ကုမ္ပဏီ၏ စက်ရုံများတွင် ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်တွင်း၌ နောက်ဆုံးအဆင့် ထုတ်လုပ်သောကာကွယ်ဆေးများကို အီဂျစ်ဆေးဝါးအာဏာပိုင်များက ချင့်ချိန်အကဲဖြတ်ခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ ဆေးဝါးစင်တာများသို့ နှစ်လအတွင်း ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ဇာယက်က ကာကွယ်ဆေးနှင့် ဆေးဝါးကုန်ကြမ်းများ လေဆိပ်သို့ ရောက်ရှိစဉ် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

အီဂျစ်ဆေးဝါးကုမ္ပဏီသည် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်လတာအတွင်း အလုံးရေငါးသန်းကျော် ထုတ်လုပ်ပြီး တစ်နှစ်အတွင်း ကာကွယ်ဆေးအလုံးရေ သန်း ၄၀ ခန့် ထုတ်လုပ်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အီဂျစ်နိုင်ငံသို့ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ကာကွယ်ဆေးကုန်ကြမ်းများ ရောက်ရှိလာခြင်းသည် အီဂျစ်နှင့် တရုတ်အကြား ဆက်ဆံရေးကဏ္ဍသစ်တစ်ရပ် ဖွင့်ပေးလိုက်ခြင်းဖြစ်သလို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် ၆၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေးအတွက် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း ဇာယက်က ထပ်မံပြောကြားသည်။

တရုတ်နိုင်ငံသည် အီဂျစ်နိုင်ငံ၏ ကာကွယ်ဆေးအရင်းအမြစ်များ အမျိုးမျိုးကွဲပြားစေရန်နှင့် ကိုဗစ်-၁၉ ရောဂါအလွန် အီဂျစ်နိုင်ငံ၏ စီးပွားရေးဦးမော့လာရေးအတွက် သိသာထင်ရှားသော ပါဝင်ကူညီမှုပြုလုပ်ခဲ့ကြောင်း၎င်းက ထပ်မံပြောကြားသည်။

အီဂျစ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် ယခုနှစ် မတ်လအစောပိုင်းမှ စတင်ခဲ့ပြီး သက်ကြီးရွယ်အိုများနှင့် ရောဂါကူးစက်ဖွယ်အန္တရာယ်များသည့် နာတာရှည်ရောဂါဝေဒနာရှင်များကို ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အီဂျစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၂၆၉၀ ရှိပြီး ယင်းတို့အနက် ၁၄၆၇၀ သည် ထိုရောဂါဖြင့် သေဆုံးခဲ့သည်။ သို့သော် အီဂျစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၈၆၂၃ ဦးသည် ထိုရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- ဂျေတီ



## အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ဖြေလျှော့သွားမည်

ဂျေရုဆလင် မေ ၂၄

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဇွန် ၁ ရက်မှစတင်၍ ဖြေလျှော့သွားမည်ဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီး ယူလီ အယ်လ်ဒယ်စတိန်းက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အခြေအနေအချိန်ကာလအတန်ကြာ တည်ငြိမ်လာသဖြင့် ယခုကဲ့သို့သော ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုဆောင်ရွက်မည့် ကိုဗစ်-၁၉ ဆိုင်ရာ ဖြေလျှော့မှုအရ အစ္စရေးနိုင်ငံအတွင်းရှိ စတိုးဆိုင်များအနေဖြင့် ဝယ်ယူသူများအား အပူချိန်တိုင်းတာခြင်းနှင့် ခပ်ခွာခွာ နေထိုင်ခြင်းကဲ့သို့သော ဆောင်ရွက်ချက်များကို ဆောင်ရွက်တော့မည်မဟုတ်ကြောင်း သိရသည်။ ၎င်းအပြင် ယခင်က သတ်မှတ်ခဲ့သော စားသောက်ဆိုင်များနှင့် ရုပ်ရှင်ရုံများ အတွင်းသို့ လာရောက်အပန်းဖြေသူများသည် ကာကွယ်ဆေးထိုးနှံပြီးသူများသာ ဝင်ရောက်ခွင့်ပြုမည်ဟူသော ကန့်သတ်ချက်ကိုလည်း ပယ်ဖျက်သွားမည်ဖြစ်သည်။

သို့ရာတွင် နိုင်ငံသားများအနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ခြင်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းများကိုမူ ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကောင်းမွန်မှု၊ နိုင်ငံသားများ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှုနှင့် ကာကွယ်ဆေးထိုးလုပ်ငန်း၏ လုပ်ငန်းပိုင်းဆိုင်ရာ ပြီးပြည့်စုံမှုများကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ ကျဆင်းလာပြီး ယခုကဲ့သို့ မူလအခြေအနေ ပြန်လည်ရောက်ရှိ လာကြောင်း အယ်လ်ဒယ်စတိန်းက ပြောကြားသည်။ လက်ရှိအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၅ ဒသမ ၄၄ သန်းကျော် ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း သုံးသိန်းကျော်ရှိလာ

နယူးဒေလီ မေ ၂၄

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၄၄၅၄ ဦး ထပ်မံသေဆုံးရာ နိုင်ငံတစ်ဝန်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၃၇၅၁ ဦး ရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်တွင် အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့ပြီးနောက် တတိယနေရာတွင် ရပ်တည်နေသည်။ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၂၃၇၂၈၀၁၁ ဦး ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၇၅၂၄၄၇ ဦးရှိပြီး ပိုးတွေ့ဆဲလူနာ ၂၇၂၀၇၁၆ ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်ရန်အတွက် နိုင်ငံအတွင်းရှိ ပြည်နယ်အများအပြား၌ ခရီးသွားလာခွင့် ကန့်သတ်ချက်များနှင့် ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၉၆ သန်းကျော်အား ထိုးနှံပေးပြီးဖြစ်သည်။ ကာကွယ်ဆေးထိုးနှံမှု တတိယအဆင့်တွင် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားများ ပါဝင်သည်။ နိုင်ငံအတွင်းရှိ ကာကွယ်ဆေးထိုးနှံရေးစင်တာအချို့တွင် ကာကွယ်ဆေးပြတ်လပ်မှုများ ရှိနေသည်။

လက်ရှိအချိန်အထိ နိုင်ငံသား ၃၃၀၅၃၆၀၆၄ ဦးအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Covishield၊ Covaxinနှင့် ရုရှားနိုင်ငံထုတ် Sputnik-V တို့ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ



## တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၈ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၂၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၈ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၆၄၆၇ ဦး ရှိသည်။

ယခု ရောဂါထပ်မံကူးစက်ခံရသူများတွင် ဆိုးလ်ဒေသခံ ၁၃၆ ဦးနှင့် ဂျောင်ဂီပြည်နယ်မှ ၁၂၀ တို့ ပါဝင်သည်။ နိုင်ငံအတွင်း ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၈၉၀၈ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၃၄ ဦး ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၂၆၄၂၇ ဦးရှိသည်။ မြို့တော်ဆိုးလ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဂျောင်ဂီပြည်နယ်တွင် လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများအား ယမန်နှစ် နိုဝင်ဘာ ၈ ရက်မှစတင်ပြီး တွေ့ရှိသည်။

တောင်ကိုရီးယားနိုင်ငံသား ၉ ဒသမ ၅၅သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးစီးကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံသား ၁၇၄၆၃၃၆ ဦးအား ကာကွယ်ဆေး အကြိမ်ရေ အပြည့်ထိုးနှံပြီးစီးကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံး အခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၆၇၆၀၂၃၅၉ ဦး

သေဆုံးသူ ၃၄၇၉၉၁ ဦး

ပြန်လည်ကျန်းမာလာသူ ၁၄၈၆၄၅၇၂၄ ဦး

# ချမ်းမြသာစည်မြို့နယ်၌ အများပြည်သူသွားလာနေသော လမ်းမကြီးပေါ် လက်လုပ်ဗုံးဖောက်ခွဲသူများနှင့် ပူးပေါင်းပါဝင်သူများ ဆက်စပ်ဖော်ထုတ်ရမိ

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်၌ အများပြည်သူသွားလာနေသော လမ်းမကြီးပေါ်၌ လက်လုပ်မိုင်းဖောက်ခွဲသူများအား ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ချက်အရ ပူးပေါင်းပါဝင်သူများကို ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်ခန့်တွင် ၅၉ လမ်းအတိုင်း တောင်မှ မြောက်သို့ အမျိုးသား နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးသည် ချမ်းမြသာစည်မြို့နယ် ကန်သာယာ ရပ်ကွက် ၅၉ လမ်းနှင့် မနော်ဟရီလမ်းထောင့်ရှိ "RD Mobile" ဖုန်းအရောင်းဆိုင်ရှေ့အရောက်၌ လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဖုန်းအရောင်းဆိုင်၏ ပရိဘောဂအချို့ ပျက်စီးခဲ့ပြီး Light Truck ယာဉ် အနည်းငယ်ပျက်စီးခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားသူများကို ဖမ်းဆီးရမိနိုင်ရေးအတွက် လိုက်လံစုံစမ်းခဲ့ရာ အဆိုပါရပ်ကွက်အတွင်း ၅၉ လမ်းနှင့် ၁၀၈ လမ်းထောင့် အရောက်၌ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် နေသူများဖြစ်သည့် ပြည့်ဖြိုး(၂၁)နှစ် (ဘ)ဦးကျော်ခိုင်နှင့် ဝေယံ(ခ)ရှမ်းလေး (၁၇)နှစ် (ဘ) ဦးအုန်းကျော်တို့ နှစ်ဦးကို မသင်္ကာဖွယ် တွေ့ရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ဖမ်းဆီးရမိသူနှစ်ဦး၏ ထွက်ဆိုချက်အရ ယင်းတို့ကို ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ငပြည့်(ခ) မျိုးလှိုင်ဝင်းဆိုသူက ဗုံးတစ်လုံး ဖောက်ခွဲနိုင်လျှင် ငွေကျပ် ၅၀၀၀၀ ပေး၍ ဖောက်ခွဲခိုင်းသဖြင့် "RD Mobile"ဖုန်းအရောင်းဆိုင်ရှေ့တွင် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ငပြည့်(ခ)မျိုးလှိုင်ဝင်း၏ နေအိမ်ကို သွားရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်၌မတွေ့ရဘဲ နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ည ၉ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာ ရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအိမ်ရာရှိ အခန်းတစ်ခန်းအတွင်းမှ အာကာ(၂၅)နှစ် (ဘ) ဦးမြင့်ခိုင်ပါ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို လက်လုပ်မိုင်း ၁၆ လုံး၊ ယမ်းစိမ်း တစ်ထုပ်၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ လက်ကိုင်ဆိုင်းဘုတ် ၂၅ ခုနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထိုကဲ့သို့ အများပြည်သူ၏ အသက်အန္တရာယ်နှင့် အကျိုးစီးပွားဖျက်ဆီးရန် ရည်ရွယ်ချက်များဖြင့် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ကိုင်သူများနှင့် ပူးပေါင်းပါဝင်ပတ်သက်ခဲ့သည့် ဖမ်းဆီးရမိသူ ပြည့်ဖြိုးပါ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို လည်းကောင်း၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများကို လည်းကောင်း ဆက်လက်ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



(ဝဲမှယာ) တရားခံ ယွန်းဝတီ၊ နွေးနွေး၊ အေးမြစန္ဒာထွန်း၊ အောင်ခြိမ့်၊ အာကာ၊ မြတ်သူ၊ အောင်ကျော်တိုး၊ ချစ်သဲနန်း၊ မင်းသန့်ကိုကို၊ ဝေယံ(ခ)ရှမ်းလေးနှင့် ပြည့်ဖြိုးမောင်တို့အား တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၈၀၊ သွင်းကုန် ၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၂၃၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၂၀၀ သန်း) တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Daihatsu Hijet, C/O JAPAN၊ Nissan Note E 11, C/O JAPAN၊ 5B/3265 ယာဉ်တစ်စီးပေါ်တွင် ပိတောက်သစ်ခွဲသား ဆိုဒ်စုံ ၇ ဒသမ ၄၄၈၆ တန်နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ်တစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ် (၂)

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်သော်လည်းကောင်း မူးယစ်ဆေးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း
- ဆေးလွန်သဖြင့် မိန်းမောစွာအိပ်ပျော်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးရခြင်း
- ထုံနာကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း
- တက်ခြင်း
- နှလုံးအတွင်းသားရောင်ရမ်းခြင်း
- ဆေးထိုးအပ်ကို မျှသုံးခြင်းကြောင့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါဘီနှင့် စီရောဂါအပါအဝင် သွေးမှတစ်ဆင့် ကူးစက်သော ရောဂါများ ဖြစ်ပေါ်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွှန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**
**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**







# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ညနေ ၄ နာရီတွင် မြိတ်မြို့ ရေပုန်းရပ်ကွက်တွင် သူရလင်း(ခ)လင်းငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၅ နာရီတွင် မြိတ်မြို့ ရေပုန်းရပ်ကွက် ပင်လုံအိမ်ရာ အနောက်လမ်းနေ မောင်ထိုက်ထိုက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဆေးခြောက် သုည ဒသမ ၀၆ ကီလိုကိုလည်းကောင်း၊ ထိုနေ့ နံနက် ၅နာရီခွဲတွင် ပဲခူးခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ပဲခူးမြို့ ဟသ်ာကုန်းရပ်ကွက် ရွှေဖရုံမယ်(၁၀)လမ်းနေ အေးထက်ဇော်(ခ)မက်မန်းသီး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မယဉ်ယဉ်သန်း(ခ)မပိုနှင့် သားဖြစ်သူ ဇင်ထက်အောင်တို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၀၊ စကေဘာ တစ်ချောင်းနှင့် ဓားဦးချွန် နှစ်ချောင်းတို့ကို လည်းကောင်း။

ထို့နောက် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာ ရပ်ကွက် ၄၆(A)x၁၁၇ (E)လမ်းနေ မနန်းခမ်းလီ(ခ)စံရတီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၁၆၇ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သူရလင်း(ခ)လင်းငယ်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

☆ နိုင်ငံတော်သမ္မတဟောင်းမှ

တစ်အိမ်တက်ဆင်း မဲဆွယ်ပြုလုပ်ခဲ့ခြင်းကြောင့် ယင်းဥပဒေပုဒ်မ ၂၅ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ၎င်း၏နေအိမ်တွင် ဝင်ရောက်ရှာဖွေ စစ်ဆေးရာ တရားမဝင် စကားပြောစက် ၁၀ လုံးနှင့် Jammer တစ်စုံတို့ကို တွေ့ရှိ သိမ်းဆည်းရမိ၍ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၇ နှင့် ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ အရလည်းကောင်း အမှုဖွင့်အရေးယူခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ တရားစွဲတင်ထားရှိခဲ့သည်။

ထို့ပြင် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ ပေးပို့ခဲ့သည့် စစ်အာဏာသိမ်းအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုမပြုရေးနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည်သာ နိုင်ငံတော်၏ တရားဝင်အစိုးရဖြစ်ကြောင်း အကြောင်းကြားစာနှင့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကြေညာချက်အမှတ် ၆/၀၂/၂၁ တို့ပါ အကြောင်းအရာများသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင်ပါဝင်ပြီး တာဝန်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းမြင့်နှင့် ဒေါက်တာမျိုးအောင်တို့အား ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် ဇမ္ဗူသီရိမြို့နယ် တရားရုံး၌ တရားစွဲဆိုခဲ့သည်။

ဦးဝင်းမြင့်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမျိုးအောင်တို့အပေါ်၌ စွဲဆိုထားသည့်အမှုများကို ယနေ့တွင် နေပြည်တော် ကောင်စီရုံးဝင်းအတွင်းရှိ သီးသန့်တရားရုံး၌ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ၎င်းတို့အား တရားရုံးသို့ ပို့ဆောင်ခဲ့ပြီး တရားစီရင်ရေးလုပ်ငန်းများမစတင်မီ ၎င်းတို့၏ ရှေ့နေများနှင့် လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုခဲ့ကြောင်းနှင့် တရားစီရင်ရေးလုပ်ငန်း အဆင့်ဆင့်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။



သတင်းစဉ်

# မေ ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၈ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၃-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈၇၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၆၁၁,၆၂၆)ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၂၆၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၂၁၈) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၃၂) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၁) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၀၇) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄၄) ခု | (၁၄) ဦး |
| စုစုပေါင်း | (၈၇၉) ခု | (၂၈) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၉၆၇၅၂ | ၂၇၅၀၂၂၅၅ | ၆၀၄၀၈၉ |
| ၂။ | အိန္ဒိယ | ၂၆၇၅၂၄၄၇ | ၂၃၇၂၈၀၁၁ | ၃၀၃၇၅၁ |
| ၃။ | ဘရာဇီး | ၁၆၀၈၃၅၇၃ | ၁၄၄၉၂၁၆၇ | ၄၄၉၁၈၅ |
| ၄။ | ပြင်သစ် | ၅၆၀၃၆၆၆ | ၅၁၉၉၂၄၀ | ၁၀၈၅၉၆ |
| ၅။ | တူရကီ | ၅၁၈၆၄၈၇ | ၅၀၂၄၃၀၃ | ၄၆၂၆၈ |
| ၆။ | ရုရှား | ၅၀၀၉၉၁၁ | ၄၆၂၄၂၁၂ | ၁၁၈၈၀၁ |
| ၇။ | ဗြိတိန် | ၄၄၆၂၅၃၈ | ၄၃၀၁၄၅၁ | ၁၂၇၇၂၁ |
| ၈။ | အီတလီ | ၄၁၉၂၁၈၃ | ၃၇၈၅၈၆၆ | ၁၂၅၂၂၅ |
| ၉။ | ဂျာမနီ | ၃၆၅၄၂၀၁ | ၃၄၀၈၈၀၀ | ၈၇၉၇၃ |
| ၁၀။ | စပိန် | ၃၆၃၆၄၅၃ | ၃၃၅၆၂၇၂ | ၇၉၆၂၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၈၁၁၂၇ | ၁၆၃၈၂၇၉ | ၄၉၄၅၅ |
| ၂။ | ဖိလစ်ပိုင် | ၁၁၈၄၇၀၆ | ၁၁၁၅၈၀၆ | ၁၉၉၈၃ |
| ၃။ | မလေးရှား | ၅၁၈၆၀၀ | ၄၅၆၂၇၃ | ၂၃၀၉ |
| ၄။ | မြန်မာ | ၁၄၃၂၆၂ | ၁၃၂၂၁၈ | ၃၂၁၆ |
| ၅။ | ထိုင်း | ၁၃၂၂၁၃ | ၈၆၁၀၀ | ၈၀၆ |
| ၆။ | စင်ကာပူ | ၆၁၈၆၀ | ၆၁၂၉၄ | ၃၂ |
| ၇။ | ကမ္ဘောဒီးယား | ၂၅၇၆၁ | ၁၈၃၅၉ | ၁၇၉ |
| ၈။ | ဗီယက်နမ် | ၅၄၀၄ | ၂၇၉၄ | ၄၄ |
| ၉။ | လာအို | ၁၈၀၁ | ၁၀၇၄ | ၂ |
| ၁၀။ | ဘရူနိုင်း | ၂၃၆ | ၂၂၅ | ၃ |

# ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိစေရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများ၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားများ ကျင်းပ

**ရန်ကုန် မေ ၂၄**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိစေရေး အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံ ပညာကျောင်းများ၌ ကျောင်းအပ်နှံရေးနေ့ အခမ်း အနားများကို ယနေ့နံနက် ၉ နာရီခန့်က တစ်ပြိုင် တည်းကျင်းပရာ အလုံမြို့နယ် အမှတ်(၄) အခြေခံ ပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည့်အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီ ဝင်များ တက်ရောက်သည်။(ယာပုံ)

ရှေးဦးစွာ အခမ်းအနားစတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများက "ခေါင်းလောင်းသံချို အားမာန်ပို"သီချင်းသီဆို၍ ဂုဏ်ပြုသည်။

**လုံခြုံရေးသတိရှိ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ကျောင်းများပြန်လည် ဖွင့်လှစ်သည့်အခါ မသမာသူများ၏ နှောင့်ယှက် ဟန့်တားမှုများကို နည်းမျိုးစုံဖြင့် ကြုံတွေ့နိုင်ဖွယ် ရှိသည့်အတွက် လုံခြုံရေးသတိရှိရန် ကျောင်းအကျိုး တော်ဆောင်များ၊ မိဘဆရာများ၊ ဒေသအာဏာပိုင် များနှင့် စေတနာ့ဝန်ထမ်းများ အတူတကွ တွေ့ဆုံ ညှိနှိုင်းပြီး အကောင်းဆုံးနည်းလမ်းများဖြင့် တုံ့ပြန် ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အတွက် နိုင်ငံတော်ကပေးအပ်သည့် တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ လုပ်ကိုင်ဆောင်ရွက်ကြ ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ရန်ကုန် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်ဆရာမကြီးဒေါ်နှင်းကြည်က ကျောင်း အပ်နှံရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပေးအပ်**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အနောက်ပိုင်း ခရိုင်ပညာရေးမှူးအား ကျောင်းသုံးဖတ်စာအုပ်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် များက မြို့နယ်ပညာရေးမှူး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများအား ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး



ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် လသာ မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တွင် ဆရာ ဆရာမများက ကျောင်းအပ်နှံခြင်း လက်ခံဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း၊ တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း၊ မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားများ ကျင်းပခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ခရိုင် ပညာရေးမှူးများက တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၌ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့ဖြစ်ပွားလျက် ရှိပြီး မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက် ဖြစ်ပွားမှုများကြောင့် ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများကို ခေတ္တပိတ်ခဲ့ရကာ ပညာသင်ကြားမှုများကို ရပ်ဆိုင်းခဲ့ရသဖြင့် ပညာရေး ကဏ္ဍအတွက် နစ်နာမှုများ ကြုံတွေ့ခဲ့ရသည်။



ထိုသို့ နစ်နာခဲ့မှုများကို ပြန်လည်ကုစား၍ ပညာ ဆက်လက်သင်ကြားခွင့်ရရှိစေရန်အတွက် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ် နိုင်ရေး ပညာရေးဝန်ကြီးဌာနမှ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများက ကြိုးပမ်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းများကို ဇွန် ၁ ရက်တွင် ပုံမှန် စာသင်နှစ်အတိုင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားကာ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်နှံရေးလုပ်ငန်း စဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက ကျောင်းအတွင်း မဝင်ရောက်မီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းတို့ကို ဦးစွာဆောင်ရွက်ပေးပြီး ကျောင်းအတွင်း ထားရှိပေးထားသော လက်ဆေး ဘေစင်များတွင် စနစ်တကျ လက်ဆေးနိုင်စေရန်နှင့် ကျောင်းသား စာရင်းပေးသွင်းရာတွင်လည်း တစ်ဦး နှင့်တစ်ဦး ခြောက်ပေအကွာ တန်းစီ၍ ကျောင်းအပ်နှံ နိုင်စေရေး ဆောင်ရွက်ပေးသည်။

နေပြည်တော် ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က "နေပြည်တော်မှာ ရှိတဲ့ အခြေခံပညာကျောင်းတွေ၊ ဘုန်းတော်ကြီးသင် ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေကို ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ Version 4.0 အချက် ၃၅ ချက်နဲ့ ကျောင်းတွေကို သွားပြီးစစ်ဆေးပါတယ်။ အဲဒီ ၃၅ ချက်ထဲက အဓိက အချက်တွေဖြစ်တဲ့ ကျောင်းအဝင်ဝတွေမှာ ခြောက်ပေခြား စီစဉ်ထားရှိမှု၊ စာသင်ခန်းတွေထဲမှာ လေးပေခြား ထိုင်ခုံတွေကို စီစဉ်ထားပြီး လက်သန့် ဆေးရည်၊ နှာခေါင်းစည်း၊ မျက်နှာအကာတွေ ပြင်ဆင်ထားရှိမှု၊ ပိုးသတ်ဆေးဖျန်းနိုင်ဖို့အတွက် ပိုးသတ်ဆေးအလုံအလောက်ရှိမှု၊ လေဝင် လေထွက် ကောင်း၊ မကောင်းနဲ့ ကျန်းမာရေးစောင့်ရှောက်ခန်း တွေကို သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့ လုပ်ထားခြင်း ရှိ၊ မရှိ စတဲ့ အချက်တွေကို သွားရောက် ကြည့်ရှုစစ်ဆေးပါတယ်။ လိုအပ်ချက်ရှိရင်လည်း အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းပြီး ဖွင့်လှစ်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေတယ်။

"ကျောင်းသား ကျောင်းသူတွေအတွက် ကျောင်း ကြို၊ ပို့ယာဉ်တွေကိုလည်း စီစဉ်ပေးထား ပါတယ်။ အခြေခံပညာကျောင်းတွေမှာ အေးချမ်းစွာ ပညာသင်ကြားခွင့်ရရှိဖို့အတွက် လိုအပ်တဲ့နေရာ တွေမှာ လုံခြုံရေးတွေအပြည့်အဝ ဆောင်ရွက်ပေး ထားပါတယ်။ ဒါကြောင့် မိဘတွေအနေနဲ့ သားသမီး တွေလုံခြုံရေးကို စိတ်ပူစရာမလိုဘဲ ယုံယုံကြည် ကြည်အပ်နှံကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်"ဟု ပြောသည်။

ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ မယူသည့်အပြင် ကျောင်းသား ကျောင်းသူများ အတွက် မူလတန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်းစီ၊ အလယ်တန်းနှင့် အထက်တန်းအဆင့် တွင် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ နှစ်ချောင်းနှင့် ဘောပင် နှစ်ချောင်းစီ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တစ်ဦးလျှင် ပြန်လည်အသုံးပြုနိုင်သည့် နှာခေါင်းစည်း နှစ်ခုစီ၊ မျက်နှာအကာ တစ်ခုစီတို့ကို ပံ့ပိုးပေးသည်။

ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား မိဘဖြစ်သူ ဒေါ်ခင်သိန်းမြင့်က "ကျွန်မက အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှာ အိမ်က ကလေးတွေအတွက် ကျောင်းလာအပ်တာပါ။ ဒီကျောင်းမှာ ကျောင်းအကျိုးတော်ဆောင်အနေနဲ့ လည်း တာဝန်ယူထားပါတယ်။ အခု ကျောင်း လာရောက်အပ်နှံရာမှာ ငွေကြေးကုန်ကျမှုမရှိပါဘူး။ လိုအပ်တဲ့ စာရွက်၊ စာတမ်း၊ ခဲတံ၊ နှာခေါင်းစည်း၊ မျက်နှာအကာတွေကို နိုင်ငံတော်က ထောက်ပံ့ပေးပါ တယ်။ ဒီနေ့ ကျောင်းလာအပ်တဲ့သူတွေ အကုန်လုံး စိတ်ပျော်ရွှင်ကြည်နူးနေကြတာ တွေ့ရပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင် ထားတာတွေကိုလည်း အားရကျေနပ်မှုရှိပါတယ်။ ကျောင်းအပ်နှံရာမှာ နိုင်ငံတော်ရဲ့ စေတနာကို တန်ဖိုးထားပြီး ကျောင်းလာရောက်အပ်နှံကြပါလို့ ကျွန်မအနေနဲ့ ကျောင်းသားမိဘတွေကို ပန်ကြား လိုပါတယ်။

"ကလေးတွေအနေနဲ့လည်း ပညာသင်ကြားချင် နေကြပြီ။ သူတို့ရဲ့ သူငယ်ချင်းတွေနဲ့ ကျောင်းမှာ ပြန်ဆုံတွေ့ခွင့်ရကြတော့မယ်ဆိုတော့ ပျော်နေကြ တယ်။ အခုလို နည်းပညာခေတ်မှာ ပညာတတ်ဖြစ်မှ အလုပ်ကောင်း၊ အကိုင်ကောင်း ရကြမယ်။ ပညာ မတတ်ရင် အမှား၊ အမှန်၊ အကောင်း၊ အဆိုး တွေးခေါ် နိုင်စွမ်းမရှိနိုင်ဘူး။ ကျွန်မတို့လို မိဘတွေအနေနဲ့ ကတော့ သားသမီးတွေရဲ့ ပညာရေးဆုံးခန်းတိုင်ဖို့ အတွက် ထောက်ပံ့ပေးရမယ့် တာဝန်အပြည့်ရှိတယ် လို့ ခံယူထားပါတယ်"ဟု ပြောသည်။

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသားကျောင်းသူများဘေးအန္တရာယ်ကင်းရှင်း စေရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့ အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ သည်ကိုလည်း တွေ့မြင်ရသည်။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင်လည်း စာသင်ခန်းများတွင် ကိုဗစ် - ၁၉ စည်းကမ်းများနှင့် အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များ စနစ်တကျ စီမံထားခြင်း၊ ကျောင်း ကြို/ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအစီအမံများ စီစဉ်ထား ခြင်းနှင့် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ အတွင်း၌ အခြေခံပညာကျောင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၇၄ ကျောင်း စုစုပေါင်း ၈၅၉ ကျောင်း ရှိကြောင်း သိရသည်။

**သတင်း - နိုင်အောင်**

**ဓာတ်ပုံ - အေးနော်**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်စတင်လက်ခံ



**ချင်းရွှေဟော်**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီမှစတင်၍ ကျောင်းအပ်လက်ခံခြင်း စတင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသားကျောင်းသူများအား ကိုယ်ပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်ခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန်အတွက် ချင်းရွှေဟော်နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**



**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာနှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောင်းအပ်နှံရာတွင် လှိုင်းဘွဲမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် တာဝန်ရှိသူများက မြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုခဲ့သည်။

ကျောင်းအပ်နှံရာတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ၊ ကျောင်းသုံးဗလာစာအုပ်ခြောက်အုပ်၊ နှာခေါင်းစည်းနှစ်ခုနှင့် မျက်နှာအကာအကွယ်တစ်ခုတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကံမ**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၌ ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်နှံခြင်းများကိုလက်ခံဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းသားမိဘများက ကျောင်းသား ကျောင်းသူများအား လာရောက်အပ်နှံလျက်ရှိသည်။

မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံခြင်းရက်သတ္တပတ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကံမမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း ၉၅ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ မူလတန်းလွန်ကျောင်း (မူလွန်) ရှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ရှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) သုံးကျောင်း စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ၁၂၈ ကျောင်းရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

**မော်လမြိုင်ကျွန်း**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အဖြစ် ယနေ့နံနက် ၈ နာရီမှစတင်၍ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် ကျောင်းအပ်နှံခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်းရှိ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအန္တရာယ်ကင်းဝေးစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် သတ်မှတ်ချက်များနှင့်အညီ ကျောင်းအပ်နှံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ယနေ့နံနက် ၈ နာရီခွဲမှစတင်ကာ စာသင်ကျောင်းအသီးသီးတွင် ကျောင်းအပ်နှံမှုများကို လက်ခံလျက်ရှိကြောင်း သိရသည်။

မေ ၂၄ ရက်မှ ၃၁ ရက်ထိ ကျောင်းအပ်နှံခြင်းကို နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီထိ ဆောင်ရွက်သွားမည်ဖြစ်ပြီးကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးအား မျက်နှာအကာအကွယ်တစ်ခု၊ နှာခေါင်းစည်းနှစ်ခု၊ ဗလာစာအုပ်တစ်ဒါဇင်၊ သက်ဆိုင်ရာဘာသာရပ် ပုံနှိပ်စာအုပ်များကိုလည်း အခမဲ့ထောက်ပံ့ပေးကြောင်း သိရသည်။

**ကျော်ထားဦး (မြင်းခြံ)**

**တပ်ကုန်း**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ယနေ့နံနက် ၉ နာရီမှစတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအားလုံး ကျောင်းအပ်နှံမှုကို စတင်လက်ခံဆောင်ရွက်လျက်ရှိသည်။

ကျောင်းအပ်လက်ခံဆောင်ရွက်ရာတွင် ကျောင်းအလိုက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက မိမိတို့ တာဝန်ကျရာကျောင်းများတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံ၊ နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်တို့ကို အခမဲ့ပေးအပ်သည်။

တပ်ကုန်းမြို့နယ်တွင် အထက်တန်းကျောင်း ၁၄ ကျောင်း၊ အထက်တန်းကျောင်း (ခွဲ) ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း (ခွဲ) ၁၈ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၄ ကျောင်း၊ မူလတန်းကျောင်း ၅၃ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ခြောက်ကျောင်း စုစုပေါင်း ၁၆၇ ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

**ငဖဲ**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကျောင်းအပ်နှံခြင်းကို ယနေ့နံနက် ၈ နာရီမှစတင်၍ သက်ဆိုင်ရာအခြေခံပညာကျောင်းများတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါအခြေခံပညာကျောင်းများသို့ ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစိန်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် လာရောက်ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းခြောက်မျိုးဖြစ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောလ်ပင်၊



ခဲတံ၊ နှာခေါင်းစည်းနှစ်ခုနှင့် မျက်နှာအကာအကွယ်တစ်ခုစီကို အခမဲ့ပေးအပ်ပြီး ငဖဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၈၃ ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရေးကို မေ ၂၄ ရက်မှ ၃၁ ရက်ထိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**



**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာကျောင်းအသီးသီးတွင် ကျောင်းအပ်စတင်လက်ခံပေးလျက်ရှိသည်။

ကျောင်းအပ်လက်ခံရာတွင် ကျောင်းသားမိဘများအား ငွေကြေးကောက်ခံခြင်းမရှိဘဲ ကျောင်းသား ကျောင်းသူများအတွက် နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံ စသည်တို့ကို ထောက်ပံ့ပေးလျက်ရှိပြီး မေ ၂၄ ရက်မှ ၃၁ ရက်ထိ နေ့စဉ်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သဃ်္ဃန်းကျွန်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၄၇ ကျောင်းရှိပြီး ကျောင်းအပ်လက်ခံပေးနေသည့် အခြေခံပညာကျောင်းများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စန္ဒာမိုး (ပြန်/ဆက်)**



**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ယနေ့နံနက် ၉ နာရီမှစတင်ကာ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများ၌ ကျောင်းအပ်နှံခြင်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ကျ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာများက မိမိတို့တာဝန်ကျရာကျောင်းများ၌ ကျောင်းအပ်နှံရေးလုပ်ငန်းများကို အခမဲ့ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံ၊ နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်တို့အား အခမဲ့ ပေးအပ်ခဲ့ကြသည်။

ရမည်းသင်းမြို့နယ်တွင် အထက်တန်းကျောင်း ၁၄ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၁၃ ကျောင်း၊ အလယ်တန်းကျောင်း ၂၀၊ အလယ်တန်းကျောင်း(ခွဲ) ၂၁ ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၂ ကျောင်း၊ မူလတန်းကျောင်း ၁၂၄ ကျောင်း၊ မူတန်းကျောင်း(ခွဲ) ၁၁ ကျောင်း စုစုပေါင်း ၂၃၅ ကျောင်းရှိကြောင်း မြို့နယ်အခြေခံပညာဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ် စတင်လက်ခံ

နေပြည်တော်၊ အထက(၉)



သတင်းစဉ်

မိတ္ထီလာမြို့နယ်



သိန်းမြင့်ကျော်(မိတ္ထီလာ)

ဇီးကုန်းမြို့နယ်



မြို့နယ်(ပြန်/ဆက်)

ပင်းတယမြို့နယ်



ပင်းတယ(ပြန်/ဆက်)

နတ်တလင်းမြို့နယ်



မြို့နယ်(ပြန်/ဆက်)

တာလေမြို့



တာလေ(ပြန်/ဆက်)

မိုင်းယောင်းမြို့နယ်



စိုင်းအောင်ဇော်လင်း

မန့်ဟီးရိုးမြို့



စန္ဒာ(ပြန်/ဆက်)

ကော့မှူးမြို့နယ်



ကျော်သူရ(ပြန်/ဆက်)

ဒေးဒရဲမြို့နယ်



မြင့်မြင့်ခိုင်(ပြန်/ဆက်)

သုံးခွမြို့နယ်



စည်သူလင်း(ပြန်/ဆက်)

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ် စတင်လက်ခံ


ရန်ကင်းမြို့နယ်
ဇော်မင်းလတ်


ပွင့်ဖြူမြို့နယ်
နတ်မောက်သား


ကန့်ဘလူမြို့နယ်
အောင်ဝင်းငြိမ်း(ကန့်ဘလူ)


ကျိုင်းတုံမြို့နယ်
ရဲထက်ဦး(ပြန်/ဆက်)


လမ်းမတော်မြို့နယ်
ကျော်ဆန်းမြင့်


တံတားဦးမြို့နယ်
ရဲတင့်(ပြန်/ဆက်)


မိုးမိတ်မြို့နယ်
မိုးမိတ်သား(စည်သူဌေး)


အိမ်မဲမြို့နယ်
ချစ်သက်လယ်(ပြန်/ဆက်)


ဘိုကလေးမြို့နယ်
မိုးစက်(ဘိုကလေး)

# အခက်အခဲ

## ပီမိုးနင်း

အသင်၌ ခက်ခဲခြင်းတစ်စုံတစ်ရာ တွေ့ကြုံရသည့်အခါ မကြောက်နှင့်၊ ထိုခက်ခဲခြင်းကို ရဲရင့်စွာ ရင်ဆိုင်တွေ့ရမည်။ ထိုကဲ့သို့ ရင်ဆိုင်တွေ့ဝံ့ခြင်းသည် စိတ်အားသတ္တိတန်ခိုးကို တိုးတက်အောင်ပြုသော လေ့ကျင့်ခြင်းဖြစ်လေသည်။

ခက်ခဲခြင်းတွေ့သည့်အခါ အစွမ်းကုန် တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်လွှဲ၍နေတတ်ခြင်းသည် စိတ်အားသတ္တိတန်ခိုးတည်းဟူသော (Will Power) ဝီလ်ပါဝါကို လျော့အောင် ပြုရာသို့ ရောက်လေသည်။

ကိုယ်လက်သန်စွမ်းခြင်းကို ရရှိအောင် လေ့ကျင့်လိုသောသူသည် လေးလံသော အရာဝတ္ထုတို့ကို ချီမရာ၏။ ပေါ့သောအရာတို့ကိုသာ ကိုင်တွယ်လိုသောသူမှာ ကိုယ်လက်ကြံ့ခိုင်ခြင်း မဖြစ်နိုင်ချေ။

ကြမ်းတမ်းသောအရာဝတ္ထုတို့ကို ကိုင်တွယ်လုပ်ကိုင်လေ့ရှိသောသူ၏ လက်သည် ကြံ့ခိုင်ကာ ကုန်း၍တက်မှ ရောက်နိုင်လေသည်။

လူတို့၏စိတ်သည် အခက်ကိုမုန်း၍ အလွယ်ကိုချစ်၏။ ရန်သူကို တိုက်ခိုက်ရခြင်းသည် ဘေးအန္တရာယ်များ၍ မနှစ်လိုဖွယ်သော အရာဖြစ်လေသည်။ ခက်ခဲခြင်းတို့မည်သည် ကြည့်ရသည်မှာ စိတ်ရှုပ်စရာ လွန်စွာကောင်းလေသည်။

သို့သော်လည်း ခက်ခဲရှည်လျားသော လမ်းမကြီးသည် ခရီးအဆုံးသို့ အမြန်ဆုံးပို့တတ်၏။ ခက်ခဲသောလမ်းကို ရှောင်ခြင်းသည် ခက်ခဲခြင်းကို ပိုမို၍ ကြီးစေတတ်လေသည်။

သို့ဖြစ်သောကြောင့် "အလျှင်လိုလျှင်-လမ်းအိုကိုလိုက်" ဟူ၍ ရှေးလူကြီးများ ပြောကြလေသည်။ လမ်းအိုကို ပန်းမည်ဆို၍ လမ်းမြောင်ကိုလိုက်ခြင်းသည် ပိုမို၍ ပန်းအောင်ပြုသည်နှင့် တူလေသည်။

ခက်ခဲခြင်းကို တိုက်ခိုက်ခြင်းသည် မိမိ၏စိတ်ကို မိမိမတိုက်ခိုက်ရခြင်းပင် ဖြစ်လေသည်။ လူတို့သည် ခက်ခဲခြင်းနှင့် တွေ့ကြုံသည့်အခါ အများအားဖြင့် မာကြော၏။ နူးညံ့သော သိမ်မွေ့သောအရာကိုသာ ကိုင်တွယ်လေ့ကျင့်လေ့ရှိသောသူ၏ လက်သည် နုနယ်ပျော့ညံ့၏။

**အခက်သည် ကျီးပေါင်းနှင့်တူ၏။ အသင်၏ အလုပ်အကိုင်အကြံအစည်ဟူသမျှ၌ ထိုအခက်တည်းဟူသော ကျီးပေါင်းဝင်ရောက်၍ ကပ်သည့်အခါ စောစောစီးစီး နုတ်ထွင်ပယ်ရှင်း၍ ပစ်ရမည်။ ထိုကဲ့သို့ နုတ်ထွင်ပယ်ရှင်းရာ၌ စိတ်အားသတ္တိ၊ ဝီရိယတည်းဟူသော ဓားမကြီးကို နိုင်နိုင်ကြီးသွေးပြီး မဆေးမလေးဘဲ အသုံးပြုရမည်။ သို့အသုံးမပြုက အလုပ်တည်းဟူသောအပင်၌ အသီးအပွင့်ကင်းလေသည်။**

ဤစကားသည် လေးလံခက်တရော်သော စကားဖြစ်၏။ နား၌ အဝင်ရကျပ်၏။ စိတ်၌ အခံရခက်၏။ သက်သာခြင်းကို လိုလားနှစ်သက်ချင်သော လူသတ္တဝါ၏စိတ်သည် ထိုစကားမျိုးကို လိုလားနှစ်သက်ခြင်း မရှိတတ်ချေ။

ခက်ခဲခြင်းကို တွေ့သည့်အခါ ၎င်းခက်ခဲခြင်းကို ရှောင်ဖယ်ခြင်းသည် သာလွန်လွယ်ကူ၍ များစွာသက်သာ၏။

ခက်ခဲခြင်းတည်းဟူသောရန်သူကို ရင်ဆိုင်တည့်တည့်ကြည့်၍ ၎င်းပါးချပ်ကို ခွပ်ခနဲနေအောင် ထိုးနှံ့နှိပ်ကွပ်ခြင်းသည်ကား ဝန်လေးသောအရာဖြစ်၏။

လွယ်သောလမ်းကို မည်သူမဆို လိုက်ချင်၏။ ကြမ်းသောလမ်းကို မည်သူမျှ မလျှောက်ချင်ချေ။ အမြင့်ကိုတက်ရန် ကြောက်၏။ အနိမ့်ကိုဆင်းရန် ရဲ၏။

အကြောင်းမူကား နိမ့်သောလမ်းကို လျှော၍ ချလျှင် အလိုလိုကျ၏။ မြင့်သောလမ်းကို အားစိုက်သူရဲဘောနည်းသူများဖြစ်ကြောင်းကို ပြတတ်ကြလေသည်။ သို့ပြမှန်းကိုမူကား ကျွန်ုပ်တို့ကိုယ်တိုင် မသိရချေ။

ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့ တိုက်ခိုက်ကြရခြင်း၌လည်း ထို့အတူ သူရဲဘောနည်းတတ်ကြ၏။

ခက်ခဲခြင်းတစ်စုံတစ်ခုကို တွေ့ကြုံ၍ ထိုခက်ခဲခြင်းကို ရှောင်လွှဲလိုသည့်အခါ ခက်ခဲသောကြောင့် ရှောင်သည်ဟု ဝန်ခံခြင်းကို မပြုလိုကြဘဲ အခြားအကြောင်းတို့ကိုပြကာ ဆင်ခြေထူတတ်ကြလေသည်။

ထိုကဲ့သို့ ဆင်ခြေထူခြင်းသည် စိတ်အားပျော့ညံ့ခြင်းကို တိုး၍ဖြစ်စေရန် ကြိုးစားသော လက်ဝဲလမ်း လေ့ကျင့်ခြင်းဖြစ်လေသည်။

အခက်ကိုရှောင်၍ အလွယ်ကိုလိုက်ခြင်းသည် ခက်ခဲခြင်းကို တစ်ဆင့်ထက်တစ်ဆင့် ပိုမိုတိုးတက်စေလျက် စိတ်လက်မအေးခြင်း၊ ပူပင်ခြင်းတို့ကို တိုး၍တိုး၍သာလျှင် ပွားများအောင် ပြုလုပ်သည်နှင့် တူလေသည်။ အကြောင်းမူကား အခက်ကိုရှောင်၍ မရ။ အခက်ကို ရှောင်ခြင်းကြောင့် အခက်တွေ တောင်လိုပုံပြီးလျှင် အခက်တည်းဟူသော ဆူးချုံ၌ စိတ်နှလုံး အမြဲငြိပြီးလျှင် အမြဲပင်ရှိအောင် ပြုသကဲ့သို့ ဖြစ်လေသည်။

ထိုကဲ့သို့ အခက်တွေပေါ်တိုင်း ရှောင်ရှားသည့်အခါ ကြာလေကြာလေ အခက်တွေ ပွားများပြီး စိတ်နှလုံးကို အခက်စား၍ သောကတွေများပြားကာ ပထမအခက်ပင်ကြီးမှ အခက်ညွန့် အခက်တက်တွေ ပေါက်ပွားကာ အခက်တည်းဟူသော ဝက်ပါ၌ တချာချာဝဲလှည့်သလို အဘယ်အခါမှ စိတ်မရှင်းဘဲ အားနည်းသောစိတ်သည် အခက်တည်းဟူသော သရောပုံကြီး၌ အလုံအခြုံမိ၍ နေတတ်လေသည်။ ထိုအခါ အသင်၏ ရှေ့သွားရာ လမ်းခရီးမှာ လမ်းမမြင် မှောင်ကြီးဝင်၍ ဆို့တတ်လေသည်။

အခက်သည် ကျီးပေါင်းနှင့်တူ၏။ အသင်၏ အလုပ်အကိုင်အကြံအစည်ဟူသမျှ၌ ထိုအခက်တည်းဟူသော ကျီးပေါင်းဝင်ရောက်၍ ကပ်သည့်အခါ စောစောစီးစီး နုတ်ထွင်ပယ်ရှင်း၍ ပစ်ရမည်။ ထိုကဲ့သို့ နုတ်ထွင်ပယ်ရှင်းရာ၌ စိတ်အားသတ္တိ၊ ဝီရိယတည်းဟူသော ဓားမကြီးကို နိုင်နိုင်ကြီးသွေးပြီး မဆေးမလေးဘဲ အသုံးပြုရမည်။ သို့အသုံးမပြုက အလုပ်တည်းဟူသောအပင်၌ အသီးအပွင့် ကင်းလေသည်။

သို့အတွက် ခက်ခဲသောလမ်းကြီးကို လျှောက်၍ လိုက်ခြင်းသည် ပိုမို၍ စိတ်ချရသဖြင့် လွယ်ကူသောဖြတ်လမ်းအမြောင်တို့မှာ ဘေးအန္တရာယ်များတတ်သည်။ လမ်းအိုသည် တို၍ လမ်းတိုသည် ရှည်တတ်လေသည်။

လမ်းလွယ်ကို လိုက်ခြင်းသည် မိမိကိုယ်ကို မိမိလှည့်စားမိခြင်းတစ်မျိုး ဖြစ်၏။ အကြောင်းမူကား ထိုကဲ့သို့ ခက်ခဲခြင်းကို ရှောင်ခြင်း၌ ဉာဏ်ကြီးသူသည် စွန့်စားသည်။ ရဲရင့်သည်ဟု မိမိကိုယ်ကို မိမိမှတ်ထင်လေသည်။

သို့အတွက် မိမိကိုယ်ကို လှည့်စားခြင်းမပြုရအောင် သတိပြုကြစေသတည်း။ အကြောင်းမူကား အသင်၏ အကြီးဆုံးသောရန်သူသည် အသင်၏ စိတ်ပင်ဖြစ်၏။ အသင့်ကို နှောင့်ယှက်သူသည် အသင်ပင်ဖြစ်၏။ အသင်၏ ခက်ခဲခြင်းသည် အခြားမဟုတ် အသင်ပင် ဖြစ်ပေသတည်း။

လွယ်ကူသောလမ်းကို အထူးရှောင်ရန် သတိပြုအပ်သည်မှာ အခြားကြောင့်မဟုတ်။ ထိုလမ်းမျိုးသည် အဆုံးမရှိ၊ ရေစုံမျောသော ရေကြောင်းလမ်းကြီးဖြစ်လေရာ ဘေးအန္တရာယ်များသော ပင်လယ်ကြီးထဲသို့ ပို့တတ်သော လမ်းဖြစ်လေသည်။

ထိုလမ်းမျိုးကို အမြဲရှောင်လွှဲခြင်းသည်ကား စိတ်အားသတ္တိ တိုးတက်ကြီးမားခြင်းကို ဖြစ်စေသော လေ့ကျင့်ခြင်း ဖြစ်ပေသတည်း။ ❍



### ဆရာကြီးပီမိုးနင်း

(၁၈၈၃-၁၉၄၀)

ဆရာကြီးပီမိုးနင်းသည် စစ်ကြိုခေတ်ကာလတစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ်ဝတ္ထုခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက မြန်မာစာပေတွင် လက်ာစပ်မနှောသော စကားပြေအရေးအသားမျိုး ခေတ်စားတွင်ကျယ်လာအောင် လမ်းသစ်ထွင် မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်။ ဆရာကြီးသည် ခေတ်မီသော အတွေးအခေါ်သစ်များကို မြန်မာစာဖတ်ပရိသတ်အား ဦးစွာမိတ်ဆက်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ဆရာကြီးပီမိုးနင်း အမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးကျော်ညွန့်ကို ၁၈၈၃ ခုနှစ်တွင် သုံးဆယ်မြို့ ရွာမရပ်၌ အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့က ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မိုးနှင်းဖြစ်ပြီး ဇာတာအမည်မှာ မောင်ကျော်ညွန့် ဖြစ်သည်။

ဆရာကြီးပီမိုးနင်းသည် ဟံသာဝတီသတင်းစာတိုက်၊ သူရိယသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ပညာအလင်းသတင်းစာတိုက်တို့တွင် လုပ်ကိုင်ခဲ့ပြီး ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဖြိုတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့တွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားသည်။

ဆရာကြီးသည် 'မောင်ကျော်' ကလောင်အမည်ဖြင့် ရှေးဦးကာလက ထင်ရှားခဲ့ပြီးနောက် 'ပိုက်ဆံကြီး' ဖြင့် ထင်ရှားခဲ့သည်။ နောက်ပိုင်းတွင် ပီမိုးနင်းအမည်ဖြင့် ထင်ရှားသည်။ "ခင်ထား၊ ပင်လယ်ကူးခတ်ပုံ၊ ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်၊ နေရီရီ ပွဲစားကြီးသားအဖနှင့် မြမြ၊ ဘားမားဒေး၊ နေညိုညို၊ တကိုယ်တော်၊ ချစ်ပန်းနွယ်၊ သဲမြည္ဘာ၊ သင်းတို့အကြံ" ဝတ္ထုများ ရေးသားခဲ့သည့်အပြင် စိတ်ပညာ၊ တက္ကဗေဒ၊ ဒဿနိကဗေဒ၊ တက်ကျမ်းများအပါအဝင် နိုင်ငံရေးရာဆောင်းပါးများ၊ စာပေဆောင်းပါးများ၊ လူမှုရေးဆောင်းပါးများ၊ အင်္ဂလိပ်ဘာသာသင် အထောက်အကူပြု ဆောင်းပါးများ ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။

---

❍ ကျောဖုံးမှ

အဆင့် ၁ မှ ၃ အထိရရှိသူ သုံးဦးစီဖြင့် စုစုပေါင်းကိုးဦးကိုလည်းကောင်း ချီးမြှင့်မည်ဖြစ်သည်။ ဆုကြေးများအဖြစ် အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆု ငွေကျပ်ခုနစ်သိန်း၊ ပဉ္စမဆု ငွေကျပ်ငါးသိန်း၊ တစ်ဦးချင်း Professional ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသိန်း၊ Senior Professional နှင့် Amateur ပြိုင်ပွဲနှစ်ခုစလုံးတွင် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲနှစ်ရပ်စလုံးယှဉ်ပြိုင်မည့်အသင်းများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ငွေကျပ်တစ်သိန်းစီ ထောက်ပံ့သွားမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသော ကစားသမားများအနေဖြင့် ဇွန်လ ၇ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထားကာ ဖုန်းနံပါတ် ၀၉၇၇၉၈၄၆၇၆၁ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး၊ ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသောကြောင့် စာရင်းပေးသွင်းရာတွင် သက်မှတ်ရက်မတိုင်မီ ပြိုင်ပွဲဝင်အရေအတွက်ပြည့်ပါက စာရင်းပိတ်မည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအနေဖြင့် ကွင်းနှင့်ပတ်သက်သော ကုန်ကျစရိတ်များကို မိမိအစီအစဉ်ဖြင့် ပေးသွင်းရမည်ဖြစ်သည်။

အသင်းခေါင်းဆောင်များအစည်းအဝေးကို ၂၀၂၁ ခုနှစ် ဇွန်လ ၈ ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ပြီး မပျက်မကွက်တက်ရောက်ရမည်ဖြစ်ကာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၉၇၇၉၈၄၆၇၆၁သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုညီလေး**

# အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာ

ကနောင်

၂၀၀၉ ခုနှစ်တုန်းက လန်ဒန်တံတားပေါ်မှာ လူအုပ်ထဲကို ဗင်န်ကားတစ်စီး အရှိန်နဲ့မောင်းဝင်လာခဲ့ပါတယ်။ လူတွေ အံ့အားသင့်လို့မှ မဆုံးခင် စက္ကန့်ပိုင်းအတွင်းမှာ ကားအတွင်းက လူသုံးယောက် ခုန်ထွက်လာခဲ့ပြီး တွေ့မြင်သမျှလူတွေကို ဓားနဲ့လိုက်ထိုးပါတယ်။ အပြစ်မဲ့ပြည်သူတွေဟာ ကြောက်လန့်တကြား ထွက်ပြေးကြနဲ့ မိနစ်ပိုင်းအတွင်း ငရဲပွက်သလို ဖြစ်ခဲ့ရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ရှစ်မိနစ်အတွင်း ရောက်လာခဲ့ပြီး အကြမ်းဖက်သူတွေကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပါတယ်။

အကြမ်းဖက်မှုဖြစ်စဉ်တိုင်းမှာ ဘယ်လိုနောက်ကွယ်အကြောင်းတရား၊ ဘယ်လိုခံစားချက်ကြောင့်ဖြစ်ဖြစ် လုပ်ဆောင်တယ်ဆိုဦးတော့ အပြစ်မဲ့ပြည်သူအများ ထိခိုက်ကြရ၊ ထိတ်လန့်ကြောက်ရွံ့ကြရတယ်ဆိုရင် လုံခြုံရေးတာဝန်ယူထားရတဲ့သူတွေက ခွင့်လွှတ်ပေးကြမှာ မဟုတ်သလို ကမ္ဘာတစ်ဝန်းလုံးက ကမ္ဘာသားအားလုံးကလည်း ခွင့်လွှတ်ပေးကြမှာ မဟုတ်ပါဘူး။

အကြမ်းဖက်ခြင်း (Terrorism) ဆိုတာရဲ့ မူရင်းစာလုံးဖြစ်တဲ့ Terror ဆိုတာ ထိတ်လန့်ကြောက်ရွံ့ခြင်းကနေ ဆင်းသက်လာတာပဲဖြစ်ပြီး ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့ဝါဒ တစ်နည်းအားဖြင့် အကြမ်းဖက်ခြင်းဆိုတာ အကြောက်တရားကနေ နိုင်ငံရေးအခြေအနေတစ်ရပ်ကို ပြောင်းလဲတဲ့ စစ်ဗျူဟာတစ်ရပ်လို့ ဆိုကြပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ပဲရစ်အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၃၀ သေဆုံးခဲ့ရသလို ၂၀၀၂ ခုနှစ် အစ္စရေးမှာ ပါလက်စတိုင်း အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် တစ်နှစ်အတွင်း လူ ၄၅၀ ကျော် သေဆုံးခဲ့ရဖူးပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေထဲမှာ မမေ့နိုင်စရာကောင်းတဲ့ ၉/၁၁ အကြမ်းဖက်မှုကတော့ စံချိန်တင်ပြီး လူ ၃၀၀၀ လောက် သေဆုံးခဲ့ကြရတယ်။



ဒီးမော့ဆိုမြို့နယ် ဒီးမော့ဆို-ဖရူဆိုကားလမ်းဘေးရှိ ထွီးလွီးဘီလာကျေးရွာအနီးရှိ ယာယီရုပ်သိမ်းထားရှိသည့် ပူးပေါင်းစစ်ဆေးရေးဂိတ် မီးလောင်နေသည်ကို တွေ့ရစဉ်။

**မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးအလှည့်အပြောင်းတစ်ကွေ့ကို ဖြတ်သန်းနေရချိန် သုံးလတာကာလမှာ ပြည်တွင်းရေးကို နိုင်ငံတကာက ဝင်ရောက်ပါဝင်ဖို့ Responsibility to Protect (R2P) ဝင်ရောက်ဖို့ စသည်ဖြင့် ဦးဆောင်မျှော်လင့်ပြီး ပြည်သူကို မှိုင်းတိုက်ကြသူတွေ၊ အခွင့်အရေးတစ်ရပ်လို သဘောထားပြီး မိမိမကျွမ်းကျင်တဲ့ နိုင်ငံရေးလောကအတွင်း ဝင်ရောက်ခြေဆန့်ကြသူတွေ၊ သူများယောင်တိုင်း၊ မြှောက်ပေးတိုင်း ဝမ်းသာအားရနဲ့ ပြည်တွင်းကို နိုင်ငံခြားစစ်တပ်တွေ ထောင်းလမောင်းကြေအောင် လာရောက်ဖို့ ကြိုဆိုကြသူတွေလည်း ရှိလာပါတယ်။ R2P မဖြစ်နိုင်တော့တဲ့အခါ ပြည်တွင်းက လူငယ်တွေကို တိုက်ကြခိုက်ကြဖို့ မြှောက်ပင့်ပေးလာကြပြန်။**

အဲဒီလို ကမ္ဘာကျော်အကြမ်းဖက်မှု ဖြစ်ရပ်တွေဟာ ကမ္ဘာသားအားလုံးရဲ့ စိတ်အစဉ်ကို နှစ်အတော်ကြာအောင် လွှမ်းမိုးနေခဲ့ပါတယ်။ နှိုင်းယှဉ်ပြရရင် ပုံမှန်စစ်ဖြစ်တဲ့အနေအထား စစ်ပွဲတစ်ပွဲမှာ အပြန်အလှန် ထိုးစစ်ဆင်နွှဲတဲ့ ပမာဏနဲ့ဆိုရင် အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် သေဆုံးရတဲ့လူဦးရေက မပြောပလောက်ပေမယ့် လူသားတွေရဲ့ စက်ဆုပ်မုန်းတီးတဲ့စိတ်၊ ကြောက်ရွံ့သွေးပျက်ရတဲ့စိတ်တွေကတော့ စစ်ပွဲတွေထက် အကြမ်းဖက်လုပ်ရပ်က အဆများစွာ ပိုပြီးခံစားရစေတယ်ဆိုတာပါပဲ။ အကြမ်းဖက်ခံရတဲ့ မြေပြင်မှာရှိတဲ့ လူသားတိုင်းဟာ မြင်ရ၊ တွေ့ရ၊ ခံစားရတဲ့အခါ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုက ပိုပြီးများတဲ့အတွက် အကြမ်းဖက်မှုကို စက်ဆုပ်ကြလေ့ရှိပါတယ်။

အကြမ်းဖက်လုပ်ရပ်တွေကို တစ်ကမ္ဘာလုံးက လက်သင့်မခံကြပါဘူး။ အထူးသဖြင့် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းကြတဲ့ နိုင်ငံတိုင်းမှာ လူ့အခွင့်အရေးကို လေးစားလိုက်နာကြပြီး လူ့ဘောင်ကောင်းကျိုး၊ အများအကျိုး Common Good ကိုရဖို့ အများဆန္ဒနဲ့အညီ ဆောင်ရွက်လေ့ရှိကြပါတယ်။ အဲဒါတွေကို ထိန်းညှိပေးတာကတော့ ဥပဒေဖြစ်ပါတယ်။ ဥပဒေတွေကို လေးစားလိုက်နာရင်း နိုင်ငံကြီးသားပီသတာဟာ ဒီမိုကရေစီပဲဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ဆန့်ကျင်ပြီး ပြည်သူကိုထိခိုက်နစ်နာအောင် အကြမ်းဖက်ဝါဒီတွေက လုပ်ဆောင်ပြီဆိုရင်လည်း မည်သူကမျှ ခွင့်လွှတ်လေ့မရှိသလို ဥပဒေအရ၊ နိုင်ငံရေးမူဝါဒတွေအရ ပြင်းပြင်းထန်ထန် အင်တိုက်အားတိုက် နှိမ်နင်းလေ့ရှိပါတယ်။ ဥပမာအားဖြင့် ဒီမိုကရေစီ ဦးဆောင်နိုင်ငံတစ်ခုမှာ ရဲစခန်းကို အကြမ်းဖက်သမားတွေက အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်တယ်ဆိုရင် ဘယ်လိုရလဒ်နဲ့ ကြုံရမလဲဆိုတာ လေ့လာကြည့်ရင် သိနိုင်ပါတယ်။

မိမိတို့နိုင်ငံမှာတော့ အကြမ်းဖက်မှုဖြစ်စဉ်တွေ၊ တိုင်းပြည်မငြိမ်မသက်မှုတွေ မဖြစ်အောင် နိုင်ငံတကာပဋိပက္ခနှိမ်နင်းတဲ့ဆောင်ရွက်မှုနည်းစဉ်အတိုင်း အဆင့်လိုက် လုပ်ဆောင်တာကိုတောင် မတရားအကြမ်းဖက်ပါတယ်ဆိုပြီး အစိုးရနဲ့ လုံခြုံရေးတာဝန်ရှိသူတွေကို မဟုတ်မမှန် ပြန်လည်စွပ်စွဲပြစ်တင်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။

### အကြမ်းဖက်ခြင်းကနေ နိုင်ငံရေးအဖြေရှာမှု

လက်ရှိ မိမိတို့နိုင်ငံရဲ့ အနေအထားကို အားလုံးအသိပဲဖြစ်ပါတယ်။ မဲစာရင်းမသမာမှုကနေစခဲ့တဲ့ ရလဒ်အဖြစ် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခေတ္တထိန်းသိမ်းစောင့်ရှောက်နေပြီး ရည်မှန်းဦးတည်တဲ့ လမ်းကြောင်းကတော့ ပွင့်လင်းမြင်သာမှုရှိစွာနဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီး နည်းမှန်လမ်းမှန်နဲ့ အနိုင်ရရှိတဲ့ပါတီကို ပြည်သူ့ဆီ အစိုးရတစ်ရပ်အဖြစ် ပြန်လည်အပ်နှံပေးမှာပဲ မဟုတ်ပါလား။ ဒါတွေအားလုံးဟာ နိုင်ငံရဲ့အသက်ဘူးဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးအလှည့်အပြောင်းတစ်ကွေ့ကို ဖြတ်သန်းနေရချိန် သုံးလတာကာလမှာ ပြည်တွင်းရေးကို နိုင်ငံတကာက ဝင်ရောက်ပါဝင်ဖို့၊ Responsibility to Protect (R2P) ဝင်ရောက်ဖို့ စသည်ဖြင့် ဦးဆောင်မျှော်လင့်ပြီး ပြည်သူကို မှိုင်းတိုက်ကြသူတွေ၊ အခွင့်အရေးတစ်ရပ်လို သဘောထားပြီး မိမိမကျွမ်းကျင်တဲ့ နိုင်ငံရေးလောကအတွင်း ဝင်ရောက်ခြေဆန့်ကြသူတွေ၊ သူများယောင်တိုင်း၊ မြှောက်ပေးတိုင်း ဝမ်းသာအားရနဲ့ ပြည်တွင်းကို နိုင်ငံခြားစစ်တပ်တွေ ထောင်းလမောင်းကြေအောင် လာရောက်ဖို့ ကြိုဆိုကြသူတွေလည်း ရှိလာပါတယ်။ R2P မဖြစ်နိုင်တော့တဲ့အခါ ပြည်တွင်းက လူငယ်တွေကို တိုက်ကြခိုက်ကြဖို့ မြှောက်ပင့်ပေးလာကြပြန်ပါတယ်။

အကြမ်းဖက်မှုဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် နောက်ကွယ်ကနေ ဖောက်ခွဲရေးအတတ်ပညာတွေ၊ ငွေကြေးတွေ ပံ့ပိုးပြီး ဒေသအနှံ့မှာ အကြမ်းဖက်မှုဖြစ်စဉ်တွေကို ပြုလုပ်လာကြပါတယ်။ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းတွေဟာ နေရာအနှံ့အပြားမှာ ဖမ်းဆီးရမိနေပြီး မီးရှို့မှုဖြစ်စဉ်တွေ၊ ဗုံးကွဲမှုဖြစ်စဉ်တွေဟာ ပြည်သူတွေ မကြားချင်၊ မမြင်ချင်ဆုံး မြင်ကွင်းတွေ ဖြစ်လာနေရပါပြီ။ သို့သော် ပြည်သူအချို့ကတော့ ဒီဖြစ်ရပ်အားလုံးကို အစအဆုံး မမြင်နိုင်ဘဲ ဒါက တပ်မတော်နဲ့ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ ပတ်သက်သူတွေ၊ သူတို့ရဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ သက်ဆိုင်သူတွေကိုပဲ ပစ်မှတ်ထားတယ်၊ မိမိတို့ပြည်သူတွေကို မထိခိုက်ဘူးဆိုပြီး မှိုင်းတိုက်ထားသမျှ ကိုယ်နဲ့မဆိုင်သကဲ့သို့ ခွဲခြားမြင်နေကြသေးတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။

### အကြမ်းဖက်ခြင်းတွင် သူ့ဘက်ကိုယ့်ဘက်မရှိတော့

တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိတဲ့အခါ အရင်ဆုံးခံစားရမှာက မိမိတို့ပြည်သူတွေပဲ ဖြစ်ပါတယ်။ ဘယ်နေရာသွားသွား လုံခြုံမှုမရှိတော့ဘူးလို့ ခံစားရနေတာဟာ တိုင်းပြည်ရဲ့ကံဆိုးမှုပဲမဟုတ်ပါလား။ ဒေသန္တရလက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲတဲ့အခါ ဒါက လက်ရှိအစိုးရကို ထောက်ခံသူလား၊ ဒါက လေလှိုင်းပေါ်က အစိုးရအမည်ခံ အကြမ်းဖက်အဖွဲ့ကို ထောက်ခံသူလား ခွဲခြားထိခိုက်စေမှာတော့ မဟုတ်ပါဘူး။ အနီးအနားမှာရှိတဲ့ ကျား မ မရွေး၊ ကလေးလူကြီး မရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး၊ ဝါဒီမရွေး လူသားအားလုံးအတွက် အန္တရာယ်ရှိတာကတော့ အတူတူပဲဖြစ်ပါတယ်။

နိုင်ငံတကာက သတ်မှတ်ထားတဲ့ အကြမ်းဖက်မှုတွေ အမျိုးမျိုးရှိတာမှာ အစွန်းရောက်အမျိုးသားရေးဝါဒနဲ့ အခြေခံဝါဒီတွေအပေါ်မှာ ဇာစ်မြစ်ခံထားတဲ့ အကြမ်းဖက်မှု (အမုန်းတရားနဲ့ အမုန်းစကားတွေ၊ ပြည်သူကို အဆိပ်ခတ်ထားတဲ့ သတင်းအမှားတွေ ပါဝင်ပါတယ်)နဲ့ မှန်ကန်မှုမရှိတဲ့ မျိုးချစ်စိတ်၊ အမျိုးသားရေးသမိုင်း၊ အမျိုးသားရေးစာပေနဲ့ ဒဏ္ဍာရီဖန်တီးမှုတွေမှာ ခိုင်ခိုင်မြဲမြဲအခြေစိုက်ထားတဲ့ အကြမ်းဖက်မှုတွေက အဆိုးရွားဆုံးနဲ့ အပြစ်မဲ့ပြည်သူကို ဒဏ်ရာအပေးဆုံးလို့ ထင်မြင်မိပါတယ်။

စာမျက်နှာ ၂၃ သို့ ❐

**နိုင်ငံတကာက သတ်မှတ်ထားတဲ့ အကြမ်းဖက်မှုတွေ အမျိုးမျိုးရှိတာမှာ အစွန်းရောက်အမျိုးသားရေးဝါဒနဲ့ အခြေခံဝါဒီတွေအပေါ်မှာ ဇာစ်မြစ်ခံထားတဲ့ အကြမ်းဖက်မှု (အမုန်းတရားနဲ့ အမုန်းစကားတွေ၊ ပြည်သူကို အဆိပ်ခတ်ထားတဲ့ သတင်းအမှားတွေ ပါဝင်ပါတယ်)နဲ့ မှန်ကန်မှုမရှိတဲ့ မျိုးချစ်စိတ်၊ အမျိုးသားရေးသမိုင်း၊ အမျိုးသားရေးစာပေနဲ့ ဒဏ္ဍာရီဖန်တီးမှုတွေမှာ ခိုင်ခိုင်မြဲမြဲအခြေစိုက်ထားတဲ့ အကြမ်းဖက်မှုတွေက အဆိုးရွားဆုံးနဲ့ အပြစ်မဲ့ပြည်သူကို ဒဏ်ရာအပေးဆုံးလို့ ထင်မြင်မိ။**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်ရန် ပြုလုပ်ထားရှိသည့် ဖောက်ခွဲရေးပစ္စည်းများ လက်ဝယ်ထားရှိသူများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၄**
လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် အဖျက်အမှောင့်လုပ်ရပ်များဆောင်ရွက်ရန် ပြုလုပ်ထားရှိသည့် ဖောက်ခွဲရေးပစ္စည်းများ လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖော်ထုတ်ဖမ်းဆီးရာတွင် ယမန်နေ့ ည ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုတလင်-မုံရွာသွားကားလမ်း မုံရွာမြို့အဝင် ဆိုင်းဘုတ်အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မုံရွာမြို့ မြဝတီရပ်ကွက်နေ သန့်ဇင်ဦး (၄၂)နှစ် (ဘ)ဦးကျော်သန်း မောင်းနှင်လာသော MDY 6J-8882 "အောင်ကမ္ဘာ" ယာဉ်လိုင်းခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်တွင် တင်ဆောင်ထားသော အမည်နှင့်ဖုန်းနံပါတ်ရေးသားထားသည့်ကတ်ထူချပ်ဖာအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အဆိုပါချပ်ဖာအတွင်းမှ NEOGLE-90 တံဆိပ်ပါ အရှည်ရှစ်လက်မခန့်ရှိ ယမ်းပြင်းတောင့် ၈၀၊ ဒီတိုနေတာ အခု ၃၉၀၊ ၂၅ ပေခန့်ရှိ စနက်တံကြိုးတစ်ခွေတို့ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။ ထို့နောက် ယာဉ်မောင်းဖြစ်သူ သန့်ဇင်ဦးအား စစ်မေးခဲ့ရာ အဆိုပါချပ်ဖာကို အမျိုးသမီးတစ်ဦးမှ လာရောက်ရွေးယူမည်ဟု သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်ပါစောင့်ဆိုင်းဖမ်းဆီးခဲ့ရာ ထန်းတောရပ်ကွက် အောင်မဟာလမ်းအနီးသို့ရောက်ရှိစဉ် ရန်ကင်းရပ်ကွက်နေ မစိမ်းလဲ့ရည် (၂၉)နှစ်က ယာဉ်ပေါ်ပါချပ်ဖာကို လာရောက်ရွေးယူသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းနှင့် ပူးပေါင်းပါဝင် ပတ်သက်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**တွေ့ရှိသိမ်းဆည်းရမိ**

အလားတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် (၉)လမ်းရှိ စဥ့်အိုးဘိုဘုန်းကြီးကျောင်းအား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ဘုန်းကြီးကျောင်း အနောက်ဘက် ရေစက်တဲနှင့် သိမ်မြေအောက်ခန်းအတွင်းမှ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပြောက်ကျား အင်္ကျီနှစ်ထည်၊ လက်လုပ်ဗုံးနှစ်လုံး၊ ကော်ဒိုင်းခြောက်ချပ်၊ ဖိုက်ဘာဦးထုပ် ငါးလုံးနှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ပျဉ်းမနားမြို့ စဥ့်အိုးဘိုဘုန်းကြီးကျောင်း၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

# ဝန်းသိုမြို့နယ်ရှိ ချမ်းမြသီတာကျေးရွာနှင့် ကျူတောကျေးရွာများတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ဝန်းသို မေ ၂၄**
ဝန်းသိုမြို့နယ်၌ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးနှင့် နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ရေရရှိရေးလုပ်ငန်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာခုနစ်ရွာတွင် ဆောင်ရွက်ပေးလျက်ရှိရာ ချမ်းမြသီတာကျေးရွာနှင့် ကျူတောကျေးရွာများတွင် စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုများကို ယနေ့နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ချမ်းမြသီတာကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုငွေကျပ် ၁၀ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သော သိန်းသန်းရတီကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ကျူတောကျေးရွာစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၃၈ သန်းဖြင့် အောင်ခန့်ဝင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

**ဆောင်ရွက်သွားမည်**

အဆိုပါစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ချမ်းမြသီတာကျေးရွာတွင် ရေစက်ရုံတစ်ခု၊ ကျူတောကျေးရွာတွင် ရေစက်ရုံတစ်ခုနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေကန်တစ်ခု ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကွင်းဆင်း စစ်ဆေးချိန်တွင် ချမ်းမြသီတာကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ပေ ၃၆၀ နှင့် ကျူတောကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းပေ ၂၂၀ ထိရောက်ရှိနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။ **မွေးကြူဇင်**



# လောက်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဖွင့်လှစ်နိုင်ရေး ပြင်ဆင်

**နေပြည်တော် မေ ၂၄**
လောက်ကိုင်မြို့ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးငြိမ်းချမ်းအေး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ လောက်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ လောက်ကိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့်အတူ စာသင်ကျောင်းဖွင့်လှစ်ရာတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းတွင်း သန့်ရှင်းသာယာရေး ဆောင်ရွက်ခြင်း၊ စာသင်ခုံနှင့် သင်ထောက်ကူပစ္စည်းများ နေရာချထားခြင်း၊ ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ညီညွတ်စေရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ဆောင်ရွက်မှုကို လောက်ကိုင်ဒေသကွပ်ကဲမှု စစ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်မင်းက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

❐ စာမျက်နှာ ၂၂ မှ

အကြမ်းဖက်တိုက်ခိုက်တာဟာ သူတို့မှာ လုံလောက်တဲ့အင်အားမရှိတာကြောင့် ပါဝါမျှခြေ (Balance of Power)ကို အကြမ်းဖက်နည်းနဲ့ ပြောင်းလဲဖို့ ကြိုးပမ်းကြတာဖြစ်တယ်လို့ နိုင်ငံရေးသုတေသီတွေက ဆိုထားကြပါတယ်။ နိုင်ငံတကာမှာ အကြမ်းဖက်မှုတွေကို နှိမ်နင်းရင်း ခြေကျုံ့မိတဲ့အစိုးရတွေရှိပြီး နိုင်ငံရေးအပြောင်းအလဲတွေ ဖန်တီးပေးလိုက်နိုင်တာမျိုး ရှိခဲ့တာကြောင့် အကြမ်းဖက်မှုကို အသုံးတည့်တယ်လို့ ထင်မြင်ကြသူတွေလည်း ရှိပါတယ်။ ဒါပေမယ့် အကြမ်းဖက်မှုတွေကြောင့် တိုင်းပြည်မရှုနိုင်မကယ်နိုင် ဆင်းရဲတွင်းက မတက်နိုင်တဲ့ ချွတ်ခြုံကျနိုင်ငံတွေ ဖြစ်လာရတဲ့ သာဓကတွေကိုလည်း လေ့လာသင့်ပါတယ်။ သေဆုံးသွားခဲ့ရှာပြီဖြစ်တဲ့ ပါလက်စတိုင်းအမျိုးသားကဗျာဆရာ မာမတ်ဒါဝစ်က သူ့ရဲ့ကမ္ဘာကျော်ကဗျာတွေထဲမှာ ဂါဇာမှာရှိတဲ့ ဟားမတ်စ်နဲ့ဖတာတို့ အကြမ်းဖက်တိုက်ခိုက်ခဲ့ကြတာကို "လမ်းပေါ်ထွက်ပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေကြခြင်း" လို့ မြည်တမ်းပြီး ကဗျာဖွဲ့ဆိုခဲ့ဖူးပါတယ်။

**အကျည်းတန်စွာမဖြေရှင်းလိုပါ**

**ဘယ်လိုနိုင်ငံရေးစနစ်ဖြစ်ဖြစ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ဖြစ်ဖြစ်၊ ဘယ်လိုယုံကြည်ချက်နဲ့ဖြစ်ဖြစ် အကြမ်းဖက်ခြင်းကို လုပ်လို့မရပါဘူး။ လူမျိုးတူတိုင်း၊ ဘာသာတူတိုင်း၊ အယူဝါဒတူတိုင်း၊ ခံယူချက်တူတိုင်း အကြမ်းဖက်သမားတွေကို ထောက်ခံပေးလို့မဖြစ်ပါဘူး။ ဒါဟာ နိုင်ငံတကာက အကြမ်းဖက်သူတွေကို သတ်မှတ်ထားတဲ့ အမြင်ပဲဖြစ်သလို အထူးသဖြင့်တော့ ဒီမိုကရေစီနိုင်ငံတွေမှာ အကြမ်းဖက်သူဟာ နိုင်ငံရဲ့အဓိကရန်သူ၊ ကမ္ဘာ့ရန်သူအဖြစ် အကြမ်းဖက်ဝါဒကို အပြင်းအထန် ရှုတ်ချလေ့ရှိပါတယ်။**

ပြည်သူတွေ စိတ်နှလုံးထိခိုက်အောင်၊ မလုံခြုံအောင် အကြမ်းဖက်မှုတွေကိုလည်း နိုင်ငံတကာမှာ အစိုးရတွေက ထိထိရောက်ရောက် နှိမ်နင်းရင်းနဲ့ တိုင်းပြည်နဲ့ ပြည်သူကို လုံခြုံမှုပေးလေ့ရှိပါတယ်။ အဲဒီအခါမှာ လူသားချင်း စာနာထောက်ထားတယ်ဆိုတဲ့ စကားရပ်ကလွဲလို့ နိုင်ငံတကာဆီကလည်း ဘာမှထပ်ရလာနိုင်မှာမဟုတ်သလို ရှုပ်ထွေးပြီး အကျည်းတန်နေတဲ့ ပြည်တွင်းနိုင်ငံရေးအခြေအနေဆိုပြီး မျက်နှာလွှဲသွားဖို့သာရှိတယ်ဆိုတာကို ပြည်သူတွေ သတိချပ်စေလိုလှပါပြီ။

ပြည်သူတွေအနေနဲ့ တိုင်းပြည်ဆူပူအောင်၊ မငြိမ်မသက်ဖြစ်အောင်၊ မိမိတို့ အများပြည်သူတွေ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်အောင် အကြမ်းဖက်သူတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ အကြမ်းဖက်လုပ်ရပ်အားလုံးကို ဝိုင်းဝန်းဆန့်ကျင်ကြခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကြီး အကျည်းမတန်ရအောင် ထိန်းသိမ်းပေးကြဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း။ ။

■

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## တာဝန်ယူစောင့်ရှောက်ရသည့် မိခင်နှင့်ရင်သွေးတိုင်း အဖိတ်အစဉ်မရှိစေရန် ကြိုးပမ်းခဲ့သည့် စေတနာမိခင် စွမ်းအားရှင် ဒေါ်နန်းသန်းသန်းဦး

**လင်းအောင်**


(ယမန်နေ့မှအဆက်)

ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဦးအောင်ကြည်ဆွေသည် ဝန်ကြီးဌာနက တောင်းခံလာသည့် ထူးချွန်ဝန်ထမ်းပဏာမအမည်စာရင်း ရွေးချယ်ပေးပို့နိုင်ရေးအတွက် ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထူးချွန်စွာဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၏ နောက်ကြောင်းရာဇဝင်ကို စုံစမ်းမေးမြန်းခဲ့ရာ ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ (UNFPA) ၏ မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ် ထူးချွန်ဆုကို တစ်နိုင်ငံလုံးမြို့နယ် ၇၂ မြို့နယ်အနက် တာချီလိတ်မြို့နယ်မှ ဒေါ်နန်းသန်းသန်းဦးက ရရှိခဲ့ကြောင်း သိရှိရသည်။ သို့ဖြစ်၍ လက်ရှိ၌လည်း တာချီလိတ်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေဆဲဖြစ်သော ဒေါ်နန်းသန်းသန်းဦးကို အဆိုပါဆုအတွက် အချိန်မီဝင်ရောက်ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာချီလိတ်မြို့နယ် ကျန်းမာရေးဦးစီးမှူးရုံးသို့ ဆက်လက်ညွှန်ကြားခဲ့ပါသည်။

တာချီလိတ်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဦးသန်းထွဋ်ဦးသည် ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲမှ ဒေါ်နန်းသန်းသန်းဦးကို အကြောင်းကြားခေါ်ယူ၍ မိမိဒေသအတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည့်စုံစွာရေးသားတင်ပြရေးအတွက် ဆက်လက်တာဝန်ပေးခဲ့သည်။ ဒေါ်နန်းသန်းသန်းဦး၏ နှစ်နာရီကြာ ရေးသားတင်ပြချက်အပေါ် ပိုမိုပြည့်စုံစေရန် ကျေးလက်ကျန်းမာရေးမှူး ဆရာဦးအောင်မြင့်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးသန်းထွဋ်ဦးတို့က အထောက်အထားမှတ်တမ်းများဖြင့် ဖြည့်စွက်ပေးပြီး ကျိုင်းတုံမြို့ရှိ ပြည်နယ်ဦးစီးရုံးသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ကျန်းမာရေးဝန်ကြီးဌာနကပေးပို့သော မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်ကျန်းမာရေးဝန်ထမ်းများအနက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းကျေးလက်ကျန်းမာရေးဌာန၊ လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲရှိ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးကို ပဏာမအဆင့်အမည်စာရင်းတွင် ထည့်သွင်းရွေးချယ်ထားမှုအရ ကာယကံရှင်အား ထပ်မံစိစစ်မေးမြန်းနိုင်ရန် ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့သည်။

ထိုအချိန်က ကျေးရွာအတွင်း ကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် ကာကွယ်ဆေး (EPI) ထိုးနှံပေးနေသော ဒေါ်နန်းသန်းသန်းဦးသည် တာချီလိတ်ဆေးရုံသို့ ရောက်ရှိလာခဲ့ပြီး ဆေးရုံရှိ တယ်လီဖုန်းဖြင့် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်သွယ်၍ တွေ့ဆုံမေးမြန်းမှု (Interview)ကို အသံသွင်းမှတ်တမ်းတင်ဆောင်ရွက်နေသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO တာဝန်ရှိသူ၏ သိလိုသည်များကို ဖြေကြားပေးခဲ့ရသည်။ WHO တာဝန်ရှိသူက ဒေါ်နန်းသန်းသန်းဦး၏ ဝန်ထမ်းသက် ၂၈ နှစ်အတွင်း ကျေးလက်ဒေသများ၌ တောက်လျှောက် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများအပြင် သားဖွားမိခင်၊ ငါးနှစ်အောက်ကလေးငယ်နှင့် အရေးပေါ်လူနာများအတွက် ကိုယ်တိုင်သွေးလှူဒါန်းပေးခဲ့မှု ၁၈ ကြိမ်ပါ မကျန် အသေးစိတ် မေးမြန်းမှုများကို ဒေါ်နန်းသန်းသန်းဦးသည် ပြည့်စုံစွာ ဖြေကြားပေးခဲ့ပါသည်။




ဆရာနိုင်ဇော် (ပါမောက္ခဒေါက်တာခင်ဇော်) ရေးသားထုတ်ဝေခဲ့သည့် ဒေါ်နန်းသန်းသန်းဦး၏ တစ်သက်တာ စွမ်းဆောင်ကြိုးပမ်းမှု အတ္ထုပ္ပတ္တိ နှလုံးသားမီးအိမ်စာအုပ်။

**တာချီလိတ်မှသည် ဘန်ကောက်သို့**

ထိုင်းတော်ဝင်ဘုရင့်မိသားစု၏ The Prince Mahidol Award Foundation က WHO ၏ ရွေးချယ်ပေးမှုဖြင့် ကမ္ဘာ့တစ်ဝန်းရှိ ပြည်သူ့ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများသို့ ချီးမြှင့်သည့် Global Health Alliance Award ထူးချွန်ဆုအတွက် သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ ဆန်ခါတင် ရွေးချယ်ထားသည့် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမနှင့် အခြေခံကျန်းမာရေးဝန်ထမ်းအားလုံးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ဖိတ်ခေါ်လျက် နောက်ဆုံးအဆင့် လူတွေ့မေးမြန်းစိစစ်မှုများ ထပ်မံပြုလုပ်ပြီး အခမ်းအနားကျင်းပသည့် နောက်ဆုံးနေ့တွင် ဆုရရှိသူကို ကြေညာ၍ ချီးမြှင့်ပေးခြင်းဖြစ်သည်။

ထူးချွန်ဆုအတွက် မြန်မာနိုင်ငံကိုယ်စားပြု ပဏာမအဆင့် ရွေးချယ်ခံရသည့် ဒေါ်နန်းသန်းသန်းဦးသည် ကျန်းမာရေးဝန်ကြီးဌာန၏ အကြောင်းကြားမှုအရ ၁၈-၁-၂၀၁၁ ရက်နေ့တွင် တာချီလိတ် - ဟဲဟိုး လေယာဉ်ခရီးစဉ်ဖြင့် လိုက်ပါလာခဲ့ပြီး ထိုမှတစ်ဆင့် တောင်ကြီး- နေပြည်တော် အမြန်ယာဉ်ဖြင့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ ရောက်ရှိလာခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသို့ ရောက်ရှိသတင်းပို့စဉ် တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုကြပြီး ပြည်ပခရီးစဉ်အတွက် လိုအပ်သည့် စာရွက်စာတမ်းများကို ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြသည်။ ဘန်ကောက်မြို့၌ ကျင်းပမည့်အခမ်းအနားတွင် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံနှင့်ပါ တွေ့ဆုံရမည်ဖြစ်ကြောင်း ကြိုတင်သိရှိခဲ့ရပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်ကလည်း ဒေါ်နန်းသန်းသန်းဦးကို ခေါ်ယူတွေ့ဆုံ၍ မှာကြားစရာရှိသည်များကို မှာကြားသြဝါဒပေးခဲ့ပါသည်။

လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးနောက် ၂၃-၁-၂၀၁၁ ရက်နေ့ ည ၂၀:၀၀နာရီတွင် ဒေါ်နန်းသန်းသန်းဦးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေယာဉ်ခရီးစဉ်အမှတ် ၃၀၆ ဖြင့်လိုက်ပါ၍ တစ်ဦးတည်းထွက်ခွာလာခဲ့သည်။ ၁၉၈၂ ခုနှစ်က မိုးကုတ်မြို့နယ်ရှိ ပေပေါင်း ၅၅၅၅ ပေမြင့်သည့် ထင်းရှူးတောင်ရွာကလေးသို့ တာဝန်ထမ်းဆောင်ရန် မိဘရင်ခွင်မှ ထွက်ခွာလာခဲ့သော သားဖွားဆရာမလေးသည် နှစ်ပေါင်း ၂၉ နှစ်အကြာတွင် အမိနိုင်ငံတော်ကို ကိုယ်စားပြုသည့် ထူးချွန်ကျန်းမာရေးဝန်ထမ်းတစ်ဦးအဖြစ် ပြည်ပသို့ ပထမဦးဆုံးအကြိမ်အဖြစ် ထွက်ခွာလာနိုင်ခဲ့ခြင်းဖြစ်ပါသည်။

**ဝန်ထမ်းသက်တစ်လျှောက်လုံး ကျေးလက်တောင်ပေါ်ဒေသများတွင် ဘဝကိုမြှုပ်နှံလျက် စေတနာအရင်းခံထား၍ ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ဒေါ်နန်းသန်းသန်းဦးက "ကျွန်မရဲ့ အချိန်နာရီတွေက သိန်းနဲ့သန်းနဲ့ချီပြီး အဖိုးမတန်ပါဘူး။ သိန်းနဲ့သန်းနဲ့ချီပြီး တန်ဖိုးဖြတ်လို့လည်း မရပါဘူး။ ကျွန်မက တတ်နိုင်သမျှ စေတနာထားပြီး လုပ်ကိုင်ပေးတာဆိုတော့ ကျွန်မရဲ့ စေတနာကို ဘယ်လိုတန်ဖိုးဖြတ်လို့ ရနိုင်မှာတဲ့လဲ" ဟူသော ရင်တွင်းစကားသည် မိမိတို့တာဝန်ကျသည့် ဒေသအသီးသီးတွင် ဝါသနာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာ၊ ကိုယ်ချင်းစာနာမှု နာငါးနာဖြင့် လုပ်ငန်းတာဝန်များ ကြိုးပမ်းထမ်းဆောင်နေကြသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျန်းမာရေးဝန်ထမ်းများ၏ဂုဏ်ရည်ကို ထင်ဟပ်စေလျက်ရှိ။**

**ဘန်ကောက်လေဆိပ်တွင်**

ထိုင်းနိုင်ငံ စံတော်ချိန် ည ၂၂:၁၀ နာရီတွင် ဘန်ကောက်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ရောက်ရှိသွားသော ဒေါ်နန်းသန်းသန်းဦးသည် မိမိအမည်ဖြင့် ဆိုင်းဘုတ်ကိုင်၍ ကြိုဆိုမည်ဖြစ်ကြောင်း အကြောင်းကြားထားမှုအရ ကြိုဆိုသူကို ရှာဖွေသော်လည်း ကြိုဆိုမည့်သူများဘက်မှ အစီအစဉ်များလွဲမှားမှုကြောင့် လေဆိပ်တွင် ကြိုဆိုသူမရှိ တစ်ဦးတည်းဖြစ်နေခဲ့ရာ တာချီလိတ်မြို့ရှိ ခင်ပွန်းသည် ဦးအောင်ကျော်ထွန်းက ကြိုတင်စီစဉ်ပေးလိုက်သည့် လက်ကိုင်ဖုန်းဖြင့် ဘန်ကောက်မြို့တွင် လာရောက်အလုပ်လုပ်နေသည့် မိမိ၏ မွေးလူနာဖြစ်ခဲ့သူ မအားရီထံ ဆက်သွယ်အကူအညီတောင်းခဲ့ရသည်။ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသ၌ နေထိုင်လာခဲ့သည့်အတွက် ထိုင်းဘာသာစကား အတန်အသင့် တတ်ကျွမ်းသည့် ရှမ်းတိုင်းရင်းသူ ဒေါ်နန်းသန်းသန်းဦးသည် လေဆိပ်ရှိ ထိုင်းနိုင်ငံရဲတပ်ဖွဲ့ဝင်များသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ ထိုင်းလေဆိပ်လုံခြုံရေး တာဝန်ရှိသူများသည် ဒေါ်နန်းသန်းသန်းဦး၏ စာရွက်စာတမ်းများကို စစ်ဆေးပြီးနောက် လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြပါသည်။

ထိုင်းလေဆိပ် ရဲတပ်ဖွဲ့ဝင်များသည် ထိုင်းတော်ဝင်ဘုရင်မိသားစု၏ The Price Mahidol Award ဆုတံဆိပ်ရှင်အဖြစ် ပဏာမရွေးချယ်ခံထားရမှုအရ မြန်မာချိတ်ထဘီအညိုရောင်နှင့် ရင်ဖုံးအင်္ကျီအညိုရောင် ဝတ်ဆင်လျက် ထိုင်းနိုင်ငံသို့ ပထမဆုံး ရောက်ရှိလာသော မြန်မာကျန်းမာရေးဝန်ထမ်းကို ယင်းတို့၏ ရဲကားဖြင့်ပင် လေဆိပ်အတွင်း ပတ်လမ်းအတိုင်း အပေါ်ထပ်သို့ ပို့ဆောင်၍ လာရောက်ကြိုဆိုပေးသော မအားရီနှင့် တွေ့ဆုံနိုင်ရေး စီစဉ်ပေးခဲ့ကြပါသည်။ ဒေါ်နန်းသန်းသန်းဦးသည် ထိုင်းစံတော်ချိန် ည ၁ နာရီတွင် ဘန်ကောက်မြို့အတွင်းရှိ တည်းခိုအိမ်သို့ ရောက်ရှိသွားခဲ့ပြီး နောက်တစ်နေ့ ၂၄-၁-၂၀၁၁ ရက်နေ့ နံနက်ပိုင်းတွင် တည်းခိုမည့်ဟိုတယ် Cowriat သို့ သွားရောက်နိုင်ခဲ့ပါသည်။

**နောက်ဆုံးအဆင့် ဆန်ခါတင်ရွေးချယ်မှုအဆင့်ဆင့်**

၂၅-၁-၂၀၁၂ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Central World ၏ ၂၃ ထပ်၌ ၂၀၁၁ ခုနှစ်အတွက် Prince Mahidol Award Confernce နှင့် ပူးတွဲကျင်းပသော ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ညီလာခံ(2nd Global Forum on Human Resources for Health)၏ အခမ်းအနားဖွင့်ပွဲကို ကျင်းပခဲ့သည်။ ညီလာခံ၌ ကမ္ဘာ့ထူးချွန်ကျန်းမာရေးဝန်ထမ်းဆုအတွက် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သူ ၅၈ ဦး အနက် မြန်မာနိုင်ငံမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦး အပါအဝင် ဆန်ခါတင်ရွေးချယ်ခံရသူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာဝန် နှစ်ဦး၊ ထိုင်းနိုင်ငံမှ ဆရာဝန် တစ်ဦးနှင့် အခြေခံကျန်းမာရေးဝန်ထမ်း တစ်ဦး၊ ဗီယက်နမ်ကျန်းမာရေးလုပ်သား တစ်ဦး၊ အာဖရိကနိုင်ငံများမှ ဆရာဝန် သုံးဦး၊ သူနာပြုအရာရှိ တစ်ဦး၊ သူနာပြုဆရာမကြီး မေထရွှန် တစ်ဦး၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံမှ သားဖွားဆရာမတစ်ဦးစီ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၁၂ ဦးတို့၏ ဓာတ်ပုံနှင့် လုပ်ဆောင်ချက်များကို နံရံကပ်ပိုစတာကြီးများဖြင့် ချိတ်ဆွဲပြသထားရာ ဒေါ်နန်းသန်းသန်းဦးအနေဖြင့် အံ့အားသင့် ဂုဏ်ယူခဲ့ရသည်။

စာမျက်နှာ ၂၅ သို့

**❖ ဆိုင်ကလုန်းမုန်တိုင်းမှ နောက် (၃၆) နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ယာစ်"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး ပိုမိုအားကောင်းလာကာ နောက် ၁၂ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်"အဖြစ်သို့လည်းကောင်း၊ နောက် ၃၆ နာရီအတွင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

ဆိုင်ကလုန်းမုန်တိုင်း "ယာစ်"၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၇ ပေခန့် ရှိနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ယာစ်"၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

မိုး/ဇလ

## မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

❖ မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။


❖ မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီးခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်-**

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်-**

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေဒီယိုဖွင့်ခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။



လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ

**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား- US CDC.Lightning.(accessed as of 5-6-2020)

❁ စာမျက်နှာ ၂၄ မှ

၂၈-၁-၂၀၂၁ ရက်နေ့ နံနက်ပိုင်းတွင် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံသည် ညီလာခံကျင်းပရာ Central World သို့ ရောက်ရှိလာပြီး ပဏာမရွေးချယ်ခံထားရသူများနှင့် တွေ့ဆုံ၍ လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံခဲ့သည်။ မြန်မာနိုင်ငံမှ ရွေးချယ်ခံထားရသည့် ရှမ်းတိုင်းရင်းသူ ဒေါ်နန်းသန်းသန်းဦးအား မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်း နေထိုင်ရာဒေသကို မေးမြန်း၍ ရင်းနှီးခင်မင်စွာ နှုတ်ဆက်ခဲ့ပါသည်။

ပဏာမရွေးချယ်ခံထားရသူ (Short List) ၁၂ ဦးသည် ညီလာခံကျင်းပစဉ်ကာလအတွင်း ကိုယ်တိုင်တင်ပြရှင်းလင်းမှု (Presentation)နှင့် ကာယကံရှင်နှင့် တွေ့ဆုံမေးမြန်းမှု(Interview)များကို ဖြေဆိုကြရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ဆန်ခါတင်နှစ်ဦးကို ရွေးချယ်၍ ညီလာခံနောက်ဆုံးနေ့တွင် ဆုချီးမြှင့်မည် ဖြစ်သည်။ ဆန်ခါတင် ရွေးချယ်ခံထားရသူ ၁၂ ဦးအနက် တရုတ်ဆရာဝန်နှစ်ဦးနှင့် အာဖရိကနိုင်ငံတစ်ခုမှ မေထရွန်တစ်ဦးမှာ တက်ရောက်လာနိုင်ခြင်းမရှိသဖြင့် ဆန်ခါတင်ရွေးချယ်ခံထားရသူ ကိုးဦးက ရှင်းလင်းတင်ပြကြရသည်။

၂၈-၁-၂၀၂၁ ရက်နေ့ နံနက် ၁၀:၃၀ နာရီတွင် ညီလာခံအစီအစဉ် Session ၁၃ ၌ အမှတ်စဉ် ၃ အဖြစ် မြန်မာနိုင်ငံမှ ဒေါ်နန်းသန်းသန်းဦး၏ တင်ပြရှင်းလင်းမှု (Power Point Presentation)ကို ပြုလုပ်ခဲ့ရသည်။ နိုင်ငံအသီးသီးမှ ရွေးချယ်ခံထား သူများက Power Point Slide များဖြင့် ရှင်းလင်းတင်ပြကြရာ၌ ဗီဒီယိုမှတ်တမ်းများအပါအဝင် မိမိတို့၏ လုပ်ဆောင်ချက်များကို တင်ပြကြသည်။ ထိုနေ့နံနက်ပိုင်းက ရှင်းလင်းတင်ပြမှုတွင် မြန်မာနိုင်ငံကျန်းမာရေးဝန်ထမ်း သူနာပြုများ၏ တာဝန်ချိန်ဝတ်စုံဖြစ်သည့် ရင်ဖုံးအင်္ကျီအဖြူရောင်၊ အနီရောင်လုံချည်နှင့် ဦးဆောင်းဖြူတို့ကို ဝတ်ဆင်ထားသော ဒေါ်နန်းသန်းသန်းဦးသည် တင်ပြချိန် ငါးမိနစ်အတွင်း မိမိ၏ ဝန်ထမ်းတစ်သက်တာကာလတစ်လျှောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ဆောင်ချက်များကို ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြခဲ့ပါသည်။

၂၈-၁-၂၀၂၁ ရက်နေ့ နေ့လည်ပိုင်းတွင် ညီလာခံကျင်းပရာ ဘန်ကောက်မြို့ Central World ၏ ၂၆ ထပ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တာဝန်ရှိများက ဒေါ်နန်းသန်းသန်းဦးကို မြန်မာအမျိုးသမီးသတင်းထောက်တစ်ဦး၏ ဘာသာပြန်ဆိုပေးမှုမှတစ်ဆင့် လူတွေ့တွေ့ဆုံ မေးမြန်းမှု (Interview) ဆက်လက်ပြုလုပ်ခဲ့သည်။ WHO တာဝန်ရှိသူ ဥရောပသူအမျိုးသမီး၏ တစ်နာရီကြာ အသံသွင်းမေးမြန်းမှုတွင် ဒေါ်နန်းသန်းသန်းဦးသည် မိမိ၏ဝန်ထမ်းဘဝ ၂၉ နှစ်တာကာလတစ်လျှောက် ကျေးလက်တောင်ပေါ်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးခဲ့မှုများကို ချဲ့ထွင်ပြောဆိုမှုမရှိဘဲ အရှိုးခံအတိုင်းသာ ဖြေကြားပြောဆိုသွားခဲ့သည်။

ညီလာခံကာလအတွင်း မှတ်တမ်းတင်ရိုက်ကူးထားသည့် ဒေါ်နန်းသန်းသန်းဦး အပါအဝင် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသည့် အာရှတိုက်နှင့် အာဖရိကတိုက်မှ ကျန်းမာရေးဝန်ထမ်းများ၏ အကြောင်းအရာများ၊ တွေ့ဆုံမေးမြန်းမှုများကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ဘန်ကောက်မြို့တွင် ထုတ်လွှင့်လျက်ရှိသည့် ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသလျက်ရှိသကဲ့သို့ သတင်းစာများတွင်လည်း အကျယ်တဝင့် ဖော်ပြခဲ့ကြပါသည်။ ညီလာခံသို့ တက်ရောက်လာသူများအတွင်း၌ ရိုက်နှိပ်ဖြန့်ဝေသော စာအုပ်စာစောင်များတွင်လည်း ဆုရွေးချယ်ပေးအပ်မည့် အစီအစဉ်ကို ထုတ်ပြန်ဖော်ပြထားခဲ့သည့်အတွက် ဆုရွေးချယ်မှု နောက်ဆုံးနေ့ အခမ်းအနားကို စိတ်ဝင်တစား စောင့်မျှော်နေခဲ့ကြပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

■

# မဟာဗောဓိအောင်ပွဲ

○ မဟာ ပထဝီ၊ မြေသည်တုန်ဟည်း
မြစ်ကြီး သမုဒ္ဒရာ၊ ခိုးလှုံဖြာ၍
ပြင်းစွာ မုန်တိုင်း၊ လေအရိုင်းကြောင့်
ပိုင်းပိုင်းပြတ်ကာ၊ တောင်သေလာနှင့်
ဥက္ကာကျသံ၊ တော်လဲသံတို့
ဝဲပျံ ပဲ့ထပ်၊ ဤအရပ်ဝယ်
မာရ်နတ်လာပြီ ထိုနိမိတ်။

○ "အို..... သိဒ္ဓတ္ထ..
ထလော့ ချက်ချင်း၊ ယခုဆင်းဟု"
မာန်တင်း ရှန့်ရမ်း၊ ဒေါသလွှမ်းကာ
မိုးကြမ်းရေဆိုး၊ အစပျိုးသည့်
ကိုးမည်လက်နက်၊ ကိုင်စွဲလျက်လျှင်
တွယ်မက်ပြင်းစွာ၊ လုယက်လာသည်
အပရာ ဇိတ ပလ္လင်ကို။

○ အလောင်းတော်မြတ်၊ မင်းသိဒ္ဓတ်ကို
မာရ်နတ်တိုက်ဖျက်၊ ကိုးလက်နက်ပြင်
စက်လက်နက်ပြင်း၊ ခြေတော်ရင်း၌
သက်ဆင်းခွေညို့၊ ခြေသုတ်ကြိုးနှယ်
တန်ဖိုး မဲ့ကင်း၊ ပျပ်ဝပ်ဆင်းသော်
မင်းသိဒ္ဓတ္ထ၊ မိန့်မြွက်ဟသည်
စမ်းကျရေနှယ် အေးအေးတည်း။


○ "အသင် မာရ်နတ်.....
မြတ်သော ရွှေပလ္လင်၊ ဗောဓိပင်ကား
သင်နှင့်မရာ၊ မြင့်မြတ်စွာမို့
ပါရမီရှင်မြတ်၊ ပိုင်ဆိုင်အပ်သည်
မြတ်သောနေရာ အမှန်တည်း။


○ ယင်းသို့ မြွက်ဖော်၊ အလောင်းတော်လျှင်
ရှေးသော်ကာလ၊ ဘဝများစွာ
ပြုဖူးပါသည့် ဒါန သီလ
အစရှိသည်၊ ပါရမီဆယ်ပါး
ဆင်ခြင်ပွား၍၊ မြေသား ပထဝီ
သက်သေတည်သော်
လည်သည်သွက်သွက်၊ အိုးထိန်းစက်သို့
ကြောက်မက်ဖွယ်ရာ၊ မြေကမ္ဘာလျှင်
ပြင်းစွာမြည်ဟည်း၊ ရိုက်ခတ်တီး၍
ရင်သည်း နှလုံး၊ ပွတ်ချေမှုန်းသို့
အုန်းကျွက် ဆူညံ၊ ဘဝင်လျှံသော်
မာရ်နတ် ယုတ်မာ၊ ခေါင်းဆောင်လာသည့်
ပေါင်းပါအစုံ၊ နတ်သူပုန်တို့
တုန်လှုပ်ပြင်းပြ၊ ဆုတ်ခွာရသည်
ဝဿဝတ္တီ ဆီသို့တည်း။ ။

(ကဆုန်လပြည့် ဗုဒ္ဓနေ့ကို ရိုသေလေးမြတ်ပူဇော်အပ်လျက်)

မြင်းမူမောင်နိုင်မိုး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နိုးဆော်ခြင်း

















# နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင် တို့အပေါ် စွဲဆိုထားသည့်အမှုများကို သီးသန့်တရားရုံး၌ တရားစီရင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

နေပြည်တော် မေ ၂၄

နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အပေါ် စွဲဆိုထားသည့်အမှုများနှင့်စပ်လျဉ်း၍ ယနေ့တွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ သီးသန့်တရားရုံး၌ တရားစီရင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၉ ရက်က NLD ပါတီမှ ကားအစီး (၂၂၀)၊ ဆိုင်ကယ် (၃၂)စီး၊ လူဦးရေ (၇၆၀)ခန့်ဖြင့် COVID-19 ဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ မဲဆွယ်စည်းရုံးသည့် Car Campaign ပြုလုပ်ရာတွင် သမ္မတအိမ်တော်ဝင်ပေါက်မှ ကိုယ်တိုင်အားပေးကြိုဆိုခဲ့သဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅ ဖြင့် အမှုဖွင့်ခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ တရားစွဲတင်ထားရှိခဲ့သည်။

ထို့အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်သည်လည်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည့် Car Campaign ၌ ၎င်း၏ နေအိမ်ရှေ့မှ ကြိုဆိုနှုတ်ဆက်အားပေးပါဝင်ခဲ့သဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ ဖြင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၈ ရက်က ၎င်းကိုယ်တိုင်ဦးဆောင်၍ COVID-19 ဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်ပြီး ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်အတွင်း

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ


**သတင်းအချက်အလက်မှန်တွေနဲ့ ဖွဲ့စည်းထားတဲ့ အဆိုးအကောင်း၊ အကျိုးအကြောင်းစာအုပ်အပေါ် လေ့လာခြင်း**
စာမျက်နှာ » ၁၀

**မြန်မာမြားပစ်အဖွဲ့ ယှဉ်ပြိုင်မည့် ဗီယက်နမ်ဆီးဂိမ်း မြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်**
စာမျက်နှာ » ၁၂

**အီဂျစ်နိုင်ငံ၌ တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မည်**
စာမျက်နှာ » ၁၃

ဆရာကြီး ဗိုမှိုးနှင်း၏ ဆောင်းပါး
**အခက်အခဲ**
စာမျက်နှာ » ၂၀

**အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာ**
စာမျက်နှာ » ၂၂




## ၂၀၂၀-၂၀၂၁ ဘောလုံးရာသီ၏ ပရီမီယာလိဂ်ပြိုင်ပွဲပြီးဆုံး မန်စီးတီးအသင်း ချန်ပီယံဖြစ်ခဲ့ပြီး ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့

၂၀၂၀-၂၀၂၁ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲဟာ မေ ၂၃ ရက်ညပိုင်းမှာ ပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို ပြိုင်ပွဲပြီးဆုံးခဲ့ချိန်မှာ မန်စီးတီးအသင်းက အဲဗာတန်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ရမှတ်စုစုပေါင်း ၈၆ မှတ်ရရှိကာ ပရီမီယာလိဂ်ချန်ပီယံအသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့ကာ ချယ်လ်ဆီးအသင်းကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ❑

## ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် မေ ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"ယာစ်(YAAS)" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်ဘက် ရေမိုင် ၃၂၀ ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၅၀ ခန့်နှင့် ဒီဂါမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း"ယာစ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"ယာစ်"သည် ယနေ့ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၇ ဒသမ သုည ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၉ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင်မိုင် ၆၀ နှုန်း ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖

**အချုပ်ပို ၈ မျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက် မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကိုစစ်ဆေးခြင်း အချုပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

## Monsoon President Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကြီးမှူး၍ Monsoon President Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ ဥက္ကလာ ဂေါက်ကွင်း၌ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်ကစားသမားတစ်ဦးနှင့် Amateur အဆင့်ကစားသမားတစ်ဦးစီပါဝင်သော နှစ်ယောက်တွဲ အသင်းလိုက် (အကျော့မဲ့)၊ တစ်ဦးချင်းအကျော့မဲ့ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ၁၈ ကျင်း နှစ်ရက်ဖြင့် ၃၆ ကျင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆုများအဖြစ် နှစ်ယောက်တွဲအသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် အဆင့် ၁ မှ ၅ အထိ ရရှိသူများကို လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့် Professional၊ Senior Professional နှင့် Amateur တို့အတွက်

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❍

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်၌ မဲဆန္ဒရှင်စုစုပေါင်း ၃၃၁၀၁၃၂ ဦး ရှိသည့်အနက် ၂၅၇၇၅၆၀ ဦး မဲပေးခဲ့ကြ သဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၇.၈၇ ရာခိုင်နှုန်းရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၁၃ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
(ဂ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(င) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
(စ) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ဆ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
(ဇ) အရှိုချင်းအမျိုးသားပါတီ၊
(ဈ) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ည) ပြည်သူ့ပါတီ၊
(ဋ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
(ဌ) မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ၊
(ဍ) ချင်းတိုင်းရင်းသားများပါတီ၊
(ဎ) တစ်သီးပုဂ္ဂလ။

၃။ ထိုသို့စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၃၁၀၁၃၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၀၄၂၆၇၄ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၇၂၉၇၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၃၉၅၆ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၉၇၅၀၄ ဦး ဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂၅ မြို့နယ်တွင် မဲရုံပေါင်း ၄၅၄၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၈၂၀၅၆၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၅၅၁၆၈၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၆၈၈၈၀၊ မြေပြင်လက်ကျန် ၁၁၉၀၅၃၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသောမဲလက်မှတ် ၈၆၈၇၂ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၅၂၅ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မကွေး | ၂၆၃ | ၂၄၂၁၉၉ | ၂၁၂၆၈၈ | ၂၃၁၁၂ | ၃၄၂၁ | ၃၂၉၉၈ |
| ၂ | ချောက် | ၂၅၈ | ၁၆၄၁၄၅ | ၁၇၅၉၉၄ | ၁၂၁၁၇ | ၁၂၅၀ | ၁၇၆၉၆ |
| ၃ | ရေနံချောင်း | ၂၃၄ | ၁၉၃၂၃၆ | ၁၈၃၂၉၇ | ၆၄၃၁ | ၁၂၂၉ | ၂၁၁၈၈ |
| ၄ | ရေနံချောင်း | ၁၅၉ | ၁၂၆၈၆၅ | ၁၀၂၃၇၂ | ၁၂၇၀၀ | ၆၂၄ | ၁၂၀၇၂ |
| ၅ | ဆိပ်ဖြူ | ၁၀၃ | ၈၆၅၉၅ | ၈၄၀၇၈ | ၂၁၆၆ | ၆၃၁ | ၉၆၈၀ |
| ၆ | ပေါက် | ၂၁၃ | ၁၄၈၃၁၁ | ၁၃၆၇၈၁ | ၉၃၅၀ | ၁၃၀၄ | ၁၇၇၉၂ |
| ၇ | တောင်တွင်းကြီး | ၂၈၄ | ၂၁၉၁၁၂ | ၁၇၃၅၅၇ | ၁၁၁၅၀ | ၃၄၄၄ | ၃၃၁၈၆ |
| ၈ | နတ်မောက် | ၂၈၁ | ၁၉၁၆၈၅ | ၁၈၂၆၂၆ | ၉၆၄၁ | ၃၀၃၄ | ၂၉၅၇၂ |
| ၉ | မင်းလှ | ၁၂၀ | ၁၀၁၆၅၈ | ၁၀၆၀၂၈ | ၃၃၈၇ | ၇၉၃ | ၁၂၆၃၀ |
| ၁၀ | အောင်လံ | ၂၄၄ | ၁၈၈၆၇၅ | ၁၅၈၂၈၁ | ၁၆၂၆၆ | ၉၉၆ | ၁၇၈၄၆ |
| ၁၁ | သရက် | ၁၄၃ | ၈၅၇၈၁ | ၇၉၈၁၆ | ၁၅၅၃ | ၇၄၂ | ၁၀၉၈၈ |
| ၁၂ | ဆင်ပေါင်ဝဲ | ၁၃၀ | ၉၅၉၄၈ | ၈၃၁၄၁ | ၄၅၇၉ | ၄၃၄ | ၈၇၈၆ |
| ၁၃ | ကံမ | ၉၇ | ၆၀၄၈၅ | ၅၀၃၀၇ | ၁၈၀၇ | ၂၅၆ | ၅၃၄၈ |
| ၁၄ | မြို့သစ် | ၁၆၉ | ၁၃၆၆၉၆ | ၁၁၇၇၅၂ | ၅၅၇၈ | ၄၁၃၈ | ၁၉၆၉၈ |
| ၁၅ | မြိုင် | ၂၄၉ | ၂၁၁၈၀၄ | ၁၉၄၆၈၃ | ၁၀၀၇၀ | ၁၈၄၃ | ၂၆၂၈၄ |
| ၁၆ | ပခုက္ကူ | ၃၅၀ | ၂၄၆၄၈၂ | ၂၄၀၅၆၀ | ၈၁၁၉ | ၃၄၄၀ | ၃၅၃၀၈ |
| ၁၇ | မင်းဘူး | ၁၇၁ | ၁၄၃၇၉၂ | ၁၃၅၅၁၀ | ၇၅၇၅ | ၁၁၃၈ | ၁၅၅၁၆ |
| ၁၈ | ပွင့်ဖြူ | ၁၆၃ | ၁၃၆၁၃၆ | ၁၀၆၁၆၀ | ၁၃၀၆၁ | ၁၁၈၅ | ၁၆၁၃၄ |
| ၁၉ | ငဖဲ | ၇၈ | ၃၉၆၂၆ | ၃၇၈၄၁ | ၁၄၇၁ | ၇၈ | ၂၂၈၆ |
| ၂၀ | စေတုတ္တရာ | ၆၉ | ၃၄၆၅၁ | ၃၃၂၄၃ | ၃၉၁ | ၃ | ၃၆၀ |
| ၂၁ | စလင်း | ၂၇၉ | ၁၉၈၄၁၅ | ၁၉၇၁၀၆ | ၁၀၁၂၄ | ၂၆၉၄ | ၂၉၄၉၀ |
| ၂၂ | မင်းတုန်း | ၁၀၄ | ၅၀၀၉၅ | ၅၀၇၀၁ | ၈၆၉ | ၉ | ၁၃၃၂ |
| ၂၃ | ဂန့်ဂေါ | ၁၈၃ | ၁၀၉၃၁၅ | ၁၀၄၁၁၂ | ၁၀၄၆ | ၈၂၁ | ၁၂၉၄၄ |
| ၂၄ | ဆော | ၁၀၄ | ၅၈၉၉၉ | ၅၆၀၂၇ | ၃၄၇ | ၂၈၆ | ၅၅၄၀ |
| ၂၅ | ထီးလင်း | ၁၀၀ | ၃၉၄၂၆ | ၄၀၀၁၃ | ၆၆ | ၁၆၃ | ၂၈၃၀ |
| | **စုစုပေါင်း** | ၄၅၄၈ | ၃၃၁၀၁၃၂ | ၃၀၄၂၆၇၄ | ၁၇၂၉၇၆ | ၃၃၉၅၆ | ၃၉၇၅၀၄ |

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မကွေး | ၂၆၃ | ၂၇၀၅၆၉ | ၁၈၂၀၇ | ၈၈၄၆၂ | ၇၃၄၂၉ | ၁၅၀၃၃ | |
| ၂ | ချောက် | ၂၅၈ | ၁၉၀၆၂၆ | ၁၂၄၉၉၀ | ၆၅၆၃၆ | ၆၄၆၃၅ | ၁၀၀၁ | |
| ၃ | ရေစကြို | ၂၃၄ | ၂၂၀၉၅၇ | ၁၄၉၈၂၉ | ၇၁၁၂၈ | ၆၄၀၂၇ | ၇၁၄၄ | ၄၃ |
| ၄ | ရေနံချောင်း | ၁၅၉ | ၁၄၆၄၂၁ | ၈၉၁၂၃ | ၅၇၂၉၈ | ၅၃၅၇၄ | ၃၇၂၄ | |
| ၅ | ဆိပ်ဖြူ | ၁၀၃ | ၉၉၈၀၅ | ၆၉၅၈၄ | ၃၀၂၂၁ | ၃၁၀၆၁ | ၁၂၀၅ | ၂၀၄၅ |
| ၆ | ပေါက် | ၂၁၃ | ၁၇၂၂၄၆ | ၁၁၄၂၁၀ | ၅၈၀၃၆ | ၅၄၈၂၄ | ၃၅၆၇ | ၃၅၅ |
| ၇ | တောင်တွင်းကြီး | ၂၈၄ | ၂၄၇၄၈၃ | ၁၅၉၆၁၂ | ၈၇၈၇၁ | ၈၀၇၅၄ | ၇၁၁၇ | |
| ၈ | နတ်မောက် | ၂၈၁ | ၂၂၃၄၃၀ | ၁၃၉၆၆၄ | ၈၃၇၆၆ | ၇၉၈၀၃ | ၃၉၆၃ | |
| ၉ | မင်းလှ | ၁၂၀ | ၁၁၆၇၃၄ | ၇၉၃၈၁ | ၃၇၃၅၃ | ၃၆၄၀၃ | ၁၀၀၀ | ၅၀ |
| ၁၀ | အောင်လံ | ၂၄၄ | ၂၁၈၂၅၃ | ၁၄၂၉၈၀ | ၇၅၂၇၃ | ၇၂၉၀၂ | ၂၇၇၈ | ၄၀၇ |
| ၁၁ | သရက် | ၁၄၃ | ၁၀၁၂၀၂ | ၆၆၀၅၀ | ၃၅၁၅၂ | ၃၄၂၁၄ | ၉၃၈ | |
| ၁၂ | ဆင်ပေါင်ဝဲ | ၁၃၀ | ၁၁၁၉၂၉ | ၇၄၇၉၆ | ၃၇၁၃၃ | ၃၅၆၈၃ | ၁၄၅၀ | |
| ၁၃ | ကံမ | ၉၇ | ၇၀၅၈၀ | ၅၀၃၉၃ | ၂၀၁၈၇ | ၁၉၆၁၃ | ၅၇၆ | ၂ |
| ၁၄ | မြို့သစ် | ၁၆၉ | ၁၅၆၉၇၆ | ၁၀၀၁၄၃ | ၅၆၈၃၃ | ၅၂၄၄၇ | ၄၃၈၆ | |
| ၁၅ | မြိုင် | ၂၄၉ | ၂၄၀၅၃၂ | ၁၆၂၄၅၃ | ၇၈၀၇၉ | ၇၂၉၄၁ | ၈၄၁၃ | ၃၂၇၅ |
| ၁၆ | ပခုက္ကူ | ၃၅၀ | ၂၈၅၁၈၆ | ၁၈၉၂၀၁ | ၉၅၉၈၅ | ၈၆၂၂၁ | ၁၀၁၆၅ | ၄၀၁ |
| ၁၇ | မင်းဘူး | ၁၇၁ | ၁၆၆၃၅၅ | ၁၁၃၇၆၆ | ၅၂၅၈၉ | ၅၀၀၆၆ | ၂၇၉၉ | ၂၇၆ |
| ၁၈ | ပွင့်ဖြူ | ၁၆၃ | ၁၅၅၁၄၀ | ၁၀၈၀၇၂ | ၄၇၀၆၈ | ၄၂၃၅၉ | ၄၇၉၆ | ၈၇ |
| ၁၉ | ငဖဲ | ၇၈ | ၄၆၆၈၂ | ၃၃၃၁၃ | ၁၃၃၆၉ | ၁၃၂၀၉ | ၃၆၀ | ၂၀၀ |
| ၂၀ | စေတုတ္တရာ | ၆၉ | ၄၁၅၂၉ | ၂၉၁၈၄ | ၁၂၃၄၅ | ၁၂၃၂၈ | ၁၆၂ | ၁၄၅ |
| ၂၁ | စလင်း | ၂၇၉ | ၂၃၁၀၃၀ | ၁၅၅၇၅၁ | ၇၅၂၇၉ | ၇၁၉၄၃ | ၃၈၄၉ | ၅၁၃ |
| ၂၂ | မင်းတုန်း | ၁၀၄ | ၆၀၂၈၉ | ၄၀၉၆၄ | ၁၉၃၂၅ | ၁၈၉၇၅ | ၄၅၀ | ၁၀၀ |
| ၂၃ | ဂန့်ဂေါ | ၁၈၃ | ၁၂၈၂၁၃ | ၉၁၉၉၇ | ၃၆၂၁၆ | ၃၅၆၇၆ | ၁၀၆၂ | ၅၂၂ |
| ၂၄ | ဆော | ၁၀၄ | ၆၉၉၅၈ | ၄၈၆၀၃ | ၂၁၃၅၅ | ၂၀၆၈၉ | ၆၈၄ | ၁၈ |
| ၂၅ | ထီးလင်း | ၁၀၀ | ၄၈၄၃၆ | ၃၅၅၁၅ | ၁၂၉၂၁ | ၁၂၇၅၇ | ၂၅၀ | ၈၆ |
| | **စုစုပေါင်း** | ၄၅၄၈ | ၃၈၂၀၅၆၁ | ၂၅၅၁၆၈၁ | ၁၂၆၈၈၈၀ | ၁၁၉၀၅၃၃ | ၈၆၈၇၂ | ၈၅၂၅ |

၇။ မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)**အရ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ မကွေးတိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၇၂၉၇၆ ဦး ၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၃၃၉၅၆ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၃၉၇၅၀၄ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မကွေးတိုင်းဒေသကြီး၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

အချပ်ပို ၂ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၁ မှ

( ခ ) မဲရုံပေါင်း ၄၅၄၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၈၂၀၅၆၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၅၁၆၈၁၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၆၈၈၈၀၊ မြေပြင်လက်ကျန် ၁၁၉၀၅၃၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၈၆၈၇၂၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၈၅၂၅ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

( ဂ ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၂၅ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၅၇၇၅၆၀ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၅၅၁၆၈၁ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၂၅၈၇၉ စောင် လျော့နည်းနေကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၂၅၇၇၅၆၀ ဦး ဖြစ်ပြီး မဲရုံမဲပေးသူ ၂၀၅၀၆၈၉ ဦး၊ ကြိုတင်မဲပေးသူ ၅၂၆၈၇၁ ဦးဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၉.၅၆ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၀.၄၄ ရာခိုင်နှုန်းဖြစ်သည်။

( င ) ရေစကြိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ၂၆- ၁၀- ၂၀၂၀ ရက်နေ့၊ ၂၇- ၁၀- ၂၀၂၀ ရက်နေ့နှင့် ၂၈-၁၀-၂၀၂၀ ရက်နေ့တို့တွင် ကြိုတင်ဆန္ဒမဲပေးရန် ထုတ်ပေးခဲ့သော ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များတွင် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဦးကျော်နိုင်ဦး(ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးချမ်းမင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)၊ သရေစည်သူဦးစိုးမောင် (အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ)၊ ဦးတင်အောင် (ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးပိုက်ဌေး (ညီညွတ်သော ဒီမိုကရက်တစ်ပါတီ)၊ ဦးလွင်မြင့်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် ဦးအောင်မြင့်ကြည် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)တို့၏ အမည်များပါဝင်သည့် ဆန္ဒမဲလက်မှတ်များမဟုတ်ဘဲ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နှင့်သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဒေါ်တင်မိုးခိုင် (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးမြင့်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးဝင်းကိုကို (ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးသန်းထွေး(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၊ ဦးအောင်ဆန်းဦး (ညီညွတ်သော ဒီမိုကရက်တစ်ပါတီ)နှင့် ဦးအောင်သိန်းကျော် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) တို့၏ အမည်များပါဝင်သည့် ဆန္ဒမဲလက်မှတ်များကို မှားယွင်းစွာ ထုတ်ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

( စ ) ထိုကဲ့သို့ မှားယွင်းထုတ်ပေးခဲ့သော မကွေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏အမည်များသာ ပါရှိနေသည့် ဆန္ဒမဲလက်မှတ် များကို ၃၁-၁၀-၂၀၂၀ ရက်နေ့တွင် ဝါယာကျေးရွာအုပ်စု မဲရုံအမှတ်(၅)၊ ငွေးဂုဏ် ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ပေကုန်းကျေးရွာအုပ်စု၊ ပညင်းကျေးရွာ မဲရုံအမှတ်(၃)၊ မောက္ကလန်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ခင်မွန်(ခေါ်) ခွေးမြှုပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တို့တွင်လည်းကောင်း၊ ၁-၁၁-၂၀၂၀ ရက်နေ့တွင် ခင်မွန် (ခေါ်) ခွေးမြှုပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် လည်းကောင်း၊ ၂-၁၁-၂၀၂၀ ရက်နေ့တွင် မြေဖြူမုံညင်းကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင်လည်းကောင်း၊ ၃-၁၁-၂၀၂၀ ရက်နေ့တွင် မအူအောက်ဆိပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၃)တွင်လည်းကောင်း မှားယွင်းထုတ်ပေးခဲ့သဖြင့် မဲလက်မှတ်မှားယွင်းသူ ၂၇၈ ဦးနှင့် ဆန္ဒမဲပေးပြီးသူ ၆၆၇ ဦး စုစုပေါင်းမဲဆန္ဒရှင် ၉၄၅ ဦးတို့ ဆန္ဒမဲပေးထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဆန္ဒမဲလက်မှတ် မှားယွင်းပေးထားသော ဆန္ဒမဲလက်မှတ် ၉၄၅ စောင်နှင့် လက်ကျန် ၅ စောင်ကို ရေစကြိုမြို့မရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားရှိခဲ့ပါသည်။ ထို့ကြောင့် မဲဆန္ဒရှင် ၉၄၅ ဦးတို့အား မဲပေးခွင့်မဆုံးရှုံးစေရေး အသစ်တစ်ဖန် ပြန်လည်မဲပေးနိုင်ရန်အတွက် ဆန္ဒမဲလက်မှတ် ၉၅၀ စောင် (အုပ်ရေအားဖြင့် ၁၉ အုပ်)ကို ပြန်လည်အစားပေးခဲ့ပြီး အသစ်တစ်ဖန်ပြန်လည်မဲပေးခြင်းများ ဆောင်ရွက်စေခဲ့ပါသည်။ ထို့နောက် ရေစကြိုမြို့မရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားသည့် ဆန္ဒပြုထားခြင်း မရှိသေးသော ဆန္ဒမဲလက်မှတ်စာအုပ်အသစ်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သယ်ယူကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဌာနဆိုင်ရာ အဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်/ကျေးစာရေးများမှ ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်စာအုပ်များ၊ အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ်စာအုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆန္ဒမဲလက်မှတ်စာအုပ်များ စုစုပေါင်း ၁၀၈၇၀ အုပ်နှင့် တိုင်းရင်းသားလူမျိုးဆန္ဒမဲလက်မှတ် ၄၉ စောင် တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ ပါဝင်ခြင်းမရှိဘဲ သက်ဆိုင်ခြင်းမရှိသည့် မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များသာ ပါရှိနေသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေအားဖြင့် ၄၁ အုပ်)ကို စစ်ဆေးတွေ့ရှိခဲ့ပြီး ချိပ်ပိတ်ကာ ရေစကြိုမြို့မ ရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားရှိပါသည်။ ယင်းသို့ချိပ်ပိတ်သိမ်းဆည်းထားသော ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင်(အုပ်ရေအားဖြင့် ၄၁ အုပ်)ကို ဖွင့်ဖောက်စစ်ဆေးခဲ့ပါသည်။ **(မှတ်တမ်းဓာတ်ပုံများ ပူးတွဲဖော်ပြထားပါသည်။)**

(ဆ) ရေစကြိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ ချိပ်ပိတ်ထားသော ဆန္ဒမဲလက်မှတ်အိတ် ၅ အိတ်တွင် NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့် ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ်ချည်သော ကြိုးဖြင့် တစ်ပါတည်း တွဲလျက်ချည်ထားပြီး ချိပ်ပိတ်ထားသည်ကို တွေ့ရှိရသည်။ NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားများ ချိတ်ဆွဲချိပ်ပိတ်ထားခြင်းဖြင့် NLD ရုံးမှပေးပို့သည့် မဲလက်မှတ်များဖြစ်နိုင်ပြီး မဲပေးရာတွင် မသမာမှုများပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ **(မှတ်တမ်းဓာတ်ပုံများ ပူးတွဲဖော်ပြထားပါသည်။)**

( ဇ ) ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဈ ) ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှု မရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

(ည) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက် အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဋ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဌ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော မှားယွင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်-

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသား စိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ခ ) အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈- ၁၀- ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁- ၁၀- ၂၀၂၀ ရက်နေ့တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဂ ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူမဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ်စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည်လည်း မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

အချပ်ပို ၃ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၂ မှ

(ဃ) မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ် ၆ ဦး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ၁၀ ဦး၊ စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ဖွဲ့စည်းနိုင်ရေးအတွက် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ၆ ဦး၏ အမည်စာရင်းအား ဌာနဆိုင်ရာများတွင် လုပ်ကိုင်ခဲ့ဖူးသော အငြိမ်းစားများထဲမှ ယင်းတို့၏ဆန္ဒကို မေးမြန်း၍ ကိုယ်ရေးအချက်အလက်အကျဉ်းချုပ်နှင့်အတူ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။ ရွေးကောက်ပွဲလုပ်ငန်းသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် ဌာနဆိုင်ရာ အငြိမ်းစားများထဲမှ အများယုံကြည်လေးစားသည့် ဥပဒေအရာရှိများကို ဦးစားပေးရွေးချယ်ခဲ့သော်လည်း တင်ပြခဲ့သည့် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များအား ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းတာဝန်ပေးခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ဖွဲ့စည်းတာဝန်ပေးအပ်မှုမပြုခြင်းမှာ ယခင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းနှင့် NLD ပါတီဗဟိုကော်မတီဝင်များက သဘောမတူသောကြောင့်ဖြစ်ကြောင်း စိစစ်သိရှိရသည်။ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ၆ ဦးစီ ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစီအစဉ်ဖြင့်သာ ခန့်အပ်ပေးမည်ဟု မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဖုန်းဖြင့် အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။ မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွက် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ် ၆ ဦး၊ တစ်ခရိုင်လျှင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ၆ ဦးစီဖြင့် ခရိုင် ၅ ခရိုင်အတွက် ၃၀ ဦး၊ တစ်မြို့နယ်လျှင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ၆ ဦးစီဖြင့် မြို့နယ် ၂၅ မြို့နယ်အတွက် ၁၅၀ ဦးတို့အား ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယခင်မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းနှင့် ညှိနှိုင်း၍ လျှို့ဝှက်အဆင့်ဖြင့် အမည်စာရင်းများ ပေးပို့ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးအတွက် အဖွဲ့ဝင်များ ခန့်အပ်ရာတွင် အများယုံကြည်လေးစားခြင်းခံရသူများကို ပွင့်လင်းမြင်သာစွာ ခန့်အပ်ရန်ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပေးသည့် NLD အမာခံများ၊ ယင်းတို့ပါတီ လိုလားသူများကို ယခင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ယခင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်းထံ အမည်စာရင်းတင်ပြခဲ့ပြီး ယခင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဟောင်းက ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အမည်စာရင်းများကို လျှို့ဝှက်အဆင့်ဖြင့် စာပေးပို့၍ တိုက်ရိုက်တင်ပြခဲ့ကြောင်း တွေ့ရှိရသည်။ ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ယခင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညိုတို့သည် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ၂၀၁၇ ခုနှစ်အချိန်ကပင် ယင်းတို့၏ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရဖွဲ့နိုင်ရေးအတွက် မဲမသမာမှုများပြုလုပ်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများကို ကျော်လွှန်ဖောက်ဖျက်ကာ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ဆောင်ရွက်ခဲ့ကြကြောင်း စိစစ်တွေ့ရှိရသည်။ **(ယခင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညို လက်မှတ်ရေးထိုး၍ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းထံ အမည်စာရင်းပေးပို့သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၄- ၁၂- ၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၃/ ၅- ၉ (မဥဒ) (၅) / ဦး ၆ နှင့် အဆိုပါ ပေးပို့ထားသည့် အမည်စာရင်းအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၆- ၁၂- ၂၀၁၇ ရက်စွဲပါကြေညာချက်အမှတ်၊ ၃၄ / ၂၀၁၇ တို့ကို ပူးတွဲဖော်ပြထားပါသည်။)**

၉။ အထက်ပါအချက်များအရ NLD ပါတီအစိုးရသည် ရရှိထားသည့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုလုပ်ကာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ယင်းတို့၏ ပါတီတစ်ခုတည်းသာ အနိုင်ရရှိရေးနှင့် အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှု အခြေအနေများကို စစ်ဆေးခဲ့ရာတွင် အထက်ပါစိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**မကွေးတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။**










# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်သော မဲလက်မှတ်စာအုပ်များနှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပူးတွဲပါရှိနေသည့် ဆန္ဒမဲလက်မှတ်စာအုပ်များ**








**ရေစကြိုမြို့နယ်၊ ဆန္ဒမဲ (၅)အိတ်တွင် (NLD) အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့်ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ် ချည်သောကြိုးဖြင့်တွဲ၍ ချိပ်ပိတ်လျက်တွေ့ရှိရခြင်း**










မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၃၁၀၁၃၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၀၄၂၆၇၄ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံ သား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၇၂၉၇၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများမှာ ၃၃၉၅၆ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၉၇၅၀၄ ဦးဖြစ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်မည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်)များ ကိစ္စနှင့်စပ်လျဉ်း၍ ထပ်ဆင့်ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၃ / ရကပ ( ၆ ) / ကမရ
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

သို့

တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး

အကြောင်းအရာ။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင်တာဝန်ထမ်းဆောင်မည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်) များ ကိစ္စ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်မည့် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်) များသည် ဆန္ဒပြုလွှာများကို အနီးဆုံး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ဩဂုတ်လ ၈ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဇူလိုင်လ ၂၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ ကော်မရှင်အဖွဲ့ခွဲများအနက် တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် မြို့နယ်များတွင် တင်သွင်းထားသော ဆန္ဒပြုလွှာများကို တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ စုစည်း၍ ၁၉-၈-၂၀၁၆ ရက်နေ့ အရောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်သားဖြင့် ပေးပို့ရန်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင် နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် မြို့နယ်များတွင် တင်သွင်းထားသော ဆန္ဒပြုလွှာများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ပေးပို့စုစည်းထားရန်နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ထပ်ဆင့်ညွှန်ကြား ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(တင်ထွန်း၊ အတွင်းရေးမှူး)

မိတ္တူကို

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရန် လျှောက်ထားမည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်)များ၏ အရည်အချင်းသတ်မှတ်ချက်များ

ပူးတွဲ (၁)

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရန်လျှောက်ထားမည့်
ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်) များ၏
အရည်အချင်းသတ်မှတ်ချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရန်လျှောက်ထားမည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် (အများယုံကြည် လေးစားခြင်းခံရသောပုဂ္ဂိုလ်) များသည် အောက်ပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံ ရမည်-

(က) ၁.၄.၂၀၁၆ ရက်နေ့တွင် အသက် ၄၀ နှစ် ပြည့်ပြီးသူဖြစ်ရမည်၊ (ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအတွက် အသက် ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်)၊

(ခ) နိုင်ငံသားဖြစ်သူ၊

(ဂ) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(င) မိမိတာဝန်ထမ်းဆောင်မည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီးမှ အပ) ရုံးစိုက်ရာ မြို့နယ်တွင် အခြေချ နေထိုင်သူဖြစ်ပြီး ဒေသခံပြည်သူများက ယုံကြည်လေးစားသူ (မိမိအခြေချ နေထိုင်သည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမြဲနေထိုင်သူ ဖြစ်ကြောင်း ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။)၊

(စ) နိုင်ငံရေးပါတီဝင်မဟုတ်သူ( ပါတီနိုင်ငံရေးကင်းရှင်းသူ)၊

(ဆ) နိုင်ငံရေးပြစ်မှုဖြင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုဖြင့်သော်လည်းကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက် ကျခံဖူးသူမဖြစ်စေရ၊

(ဇ) နေ့စဉ်မိမိအစီအစဉ်ဖြင့် ရုံးတက်/ရုံးဆင်း ပြုလုပ်နိုင်သူ၊

(ဈ) တာဝန်ထမ်းဆောင်မည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှိ ဝန်ထမ်းများနှင့် ဆွေမျိုး သားချင်း တော်စပ်သူများ မဖြစ်စေရ၊

(ည) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊ ( ၆လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်ကို သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ရယူ၍ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်)၊

(ဋ) အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စည်ပင်သာယာရေးနှင့် အခြားအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများမဖြစ်စေရ။

## ယခင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညို လက်မှတ်ရေးထိုး၍ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံ အများယုံကြည်လေးစားသော ပုဂ္ဂိုလ်(၆)ဦး အမည်စာရင်းပေးပို့ခြင်း

လျှို့ဝှက်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မကွေးမြို့

စာအမှတ်၊ ၃ / ၅ - ၉ ( မဥဒ ) ( ၁ ) / ဦး ၆
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

သို့

ဦးလှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အကြောင်းအရာ။ အများယုံကြည် လေးစားသော ပုဂ္ဂိုလ်(၆)ဦး အမည်စာရင်းပေးပို့ခြင်း

ရည် ညွှန်း ချက် ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၂၇.၁၁.၂၀၁၇)ရက်စွဲပါစာအမှတ် ၄၊ ရကပ(၄၇)/ကမရ

မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသစ်ပြန်လည်ဖွဲ့စည်းရန်အတွက် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်(၆)ဦး၏ အမည်စာရင်းကို ပေးပို့ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မှ ရည်ညွှန်းပါစာဖြင့် ညွှန်ကြားထားရှိပါသဖြင့် အမျိုးသမီး(၂)ဦး အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင်(၆)ဦးပါ အမည်စာရင်းအား သိရှိနိုင်ပါရန် ပူးတွဲပေးပို့အပ်ပါသည်။

ပူးတွဲ အများယုံကြည်လေးစားသော ပုဂ္ဂိုလ်(၆)ဦး၏ အမည်စာရင်း(၁)စုံ (၁)ရွက်

ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်

မိတ္တူကို
ရုံးလက်ခံ

အချပ်ပို ၆ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၅ မှ

လျှို့ဝှက်

မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် (လျာထား) အမည်စာရင်း

| စဉ် | အမည် | လျာထား တာဝန် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | မွေးသက္ကရာဇ် အသက် | ပညာ အရည်အချင်း | လူမျိုး/ ဘာသာ | နေရပ်လိပ်စာ နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ | ဆောင်ရွက်ခဲ့ဖူးသော အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးခင်မောင်မြင့် | ဥက္ကဋ္ဌ | ၈/မကန(နိုင်) ၀၂၅၉၇၄ | (၆၉)နှစ် | B.Sc(Botany) | ဗမာ/ဗုဒ္ဓ | စီ-၂၉၂(၁၇)လမ်း၊ ကန်သာရပ်၊ မကွေးမြို့ ၀၉-၂၃၀၂၀၄၃ | တိုင်းဦးစီးမှူး (ငြိမ်း) ပို့ဆောင်ရေးနှင့် စီမံကိန်းဦးစီးဌာန | |
| ၂ | ဦးအောင်ကျော်မိုး | အဖွဲ့ဝင်(၁) | ၁၄/မမန(နိုင်) ၀၈၀၉၈၇ | (၆၆)နှစ် | B.Ed, HGP | ဗမာ/ဗုဒ္ဓ | အမှတ်(၈၄)၊ ကန်သာ (၁၆)လမ်း၊ မကွေးမြို့ ၀၉-၇၉၆၈၈၂၀၈၀ | တွဲဖက်တိုင်း ပညာရေးမှူး (ငြိမ်း) | |
| ၃ | ဦးမျိုးမြင့်မောင် | အဖွဲ့ဝင်(၂) | ၈/ဆဖန(နိုင်) ၀၀၃၂၂၈ | (၆၅)နှစ် | B.Com(AA) | ဗမာ/ဗုဒ္ဓ | အမှတ်(၁၆၁) သဇင်လမ်း ရန်မျိုးနိုင်ရပ်ကွက် မကွေးမြို့ ၀၉-၇၉၇၇၉၂၄၉၀ | မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး (ငြိမ်း) | |
| ၄ | ဦးဦးမြင့် | အဖွဲ့ဝင်(၃) | ၈/မကန(နိုင်)၀၀၈၀၈၄ | (၆၈)နှစ် | B.Sc(Maths) | ဗမာ/ဗုဒ္ဓ | ပ-က ပြည်တော်သာလမ်း ရန်အေးရပ်၊ မကွေးမြို့ ၀၉-၅၃၄၁၉၇၆ | မြို့နယ်ဦးစီးမှူး (ငြိမ်း) မြေစာရင်းဦးစီးဌာန | |
| ၅ | ဒေါ်ဝင်းရီ | အဖွဲ့ဝင်(၄) | ၈/မကန(နိုင်)၀၃၉၂၇၅ | (၆၃)နှစ် | B.Sc,B.Ed | ဗမာ/ဗုဒ္ဓ | အမှတ်(၃၄)၊ အထက(၁)လမ်း ရန်ကျော်ရပ်၊ မကွေးမြို့ ၀၉-၅၃၄၂၀၈၁ | တိုင်းပညာ (ငြိမ်း) | |
| ၆ | ဒေါ်မြင့်မြင့်သန်း | အဖွဲ့ဝင်(၅) | ၈/မကန(နိုင်)၀၅၂၃၃၇ | (၆၇)နှစ် | B.A,B.Ed | ဗမာ/ဗုဒ္ဓ | အမှတ်(၂၁၄)၊ (၈)လမ်း ရန်မျိုးနိုင်ရပ်၊ မကွေးမြို့ ၀၉-၃၃၃၃၇၈၅၅ | အ.ထ.က(၂) မကွေး ကျောင်းအုပ် (ငြိမ်း) | |

ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်

လျှို့ဝှက်

# ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၃၄ / ၂၀၁၇ )

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

( ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေး အတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (၇) ဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဒေါ်မေရီမီနန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဦး L.တိန်းဘောမ် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဦးဒိန်ယောင်ဇော်အိန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) ဒေါ်ခင်နွဲ့ကြည် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဦးမလန်ကမ်ဖန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဦးကိုကိုလေး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၈) ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အဖွဲ့ဝင်

(၉) ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်

(၁၀) ပြည်နယ်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်

(၁၁) ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး အဖွဲ့ဝင်

(၁၂) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၁၃) ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ဥပဒေချုပ်ရုံး အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်

(၁၅) ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၁၆) ပြည်နယ်ရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

(ခ) တနင်္သာရီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးဇော်လင်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဦးသန်းညွန့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဦးအောင်စိုး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) ဦးယုတင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဦးအုန်းမြ(ခ) ဦးမောင်အုန်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဒေါ်ဆွေဆွေဝင်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အဖွဲ့ဝင်

(၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်

(၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်

အချပ်ပို ၇ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၆ မှ

(၁၀)တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်

(၁၁)တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး အဖွဲ့ဝင်

(၁၂)တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၁၃)တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အဖွဲ့ဝင်

(၁၄)ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်

(၁၅)ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၁၆)တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

(ဂ) မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးခင်မောင်မြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဦးအောင်ကျော်မိုး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဦးမျိုးမြင့်မောင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) ဦးဦးမြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဒေါ်ဝင်းရီ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဒေါ်မြင့်မြင့်သန်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အဖွဲ့ဝင်

(၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်

(၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်

(၁၁) တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး အဖွဲ့ဝင်

(၁၂) တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၁၃) တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်

(၁၅) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၁၆) တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

(ဃ) မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးခင်မောင်အေး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဦးဟွေညာဏ် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဦးလှထွန်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) ဦးအောင်ကြည်ဦး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဦးငွေအောင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဒေါ်ခင်အိအိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၈) ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အဖွဲ့ဝင်

(၉) ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်

(၁၀)ပြည်နယ်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်

(၁၁)ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး အဖွဲ့ဝင်

(၁၂)ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၁၃)ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ဥပဒေချုပ်ရုံး အဖွဲ့ဝင်

(၁၄)ညွှန်ကြားရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်

(၁၅)ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၁၆)ပြည်နယ်ရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

(င) ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးကြည်မြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဒေါ်လှဝတီ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဦးစန်းမြင့်အောင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) ဦးဘုန်းမြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဦးကျော်ထွန်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဦးခင်မောင်မောင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အဖွဲ့ဝင်

(၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်

(၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်

(၁၀)တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်

(၁၁)တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး အဖွဲ့ဝင်

(၁၂)တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၁၃)တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အဖွဲ့ဝင်

(၁၄)ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်

(၁၅)ဌာနမှူး (စီမံရေးရာဌာန)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အဖွဲ့ဝင်

(၁၆)တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

(စ) ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးထင်ကျော် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဦးညွန့်ဟန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဦးစိုင်းထွန်းမြ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
၁၃/ကဟန(နိုင်)၀၀၄၁၀၅

(၄) ဒေါက်တာအောင်မောင်မြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဒေါ်ခင်မြကြီး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဦးထွန်းထွန်းနိုင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဦးလုပ်ယွန်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၈) ဒေါက်တာခင်မောင်ဝါ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၉) ဒေါ်မိုးမိုးခိုင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၁၀)ဦးထွန်းမြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

အချပ်ပို ၈ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၇ မှ

(၁၁) ဦးဌေးဝင်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၁၂) ဦးစိုင်းမောင်ကြီး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၁၃) ဦးစိုင်းထွန်းမြ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
၁၃/ကတန(နိုင်)၀၀၆၇၂၂

(၁၄) ဒေါက်တာသိန်းဌွေ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၁၅) ဦးစိုင်းမုတ်နွန်း(ခ) အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
ဦးစိုင်းမုတ်

(၁၆) ဒေါ်အပြုံး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၁၇) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (တောင်ကြီးမြို့) အဖွဲ့ဝင်

(၁၈) ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (တောင်ကြီးမြို့) အဖွဲ့ဝင်

(၁၉) ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန (တောင်ကြီးမြို့) အဖွဲ့ဝင်

(၂၀) ပြည်နယ်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (တောင်ကြီးမြို့) အဖွဲ့ဝင်

(၂၁) ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး (တောင်ကြီးမြို့) အဖွဲ့ဝင်

(၂၂) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန (တောင်ကြီးမြို့) အဖွဲ့ဝင်

(၂၃) ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ဥပဒေချုပ်ရုံး (တောင်ကြီးမြို့) အဖွဲ့ဝင်

(၂၄) ညွှန်ကြားရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး (တောင်ကြီးမြို့) အဖွဲ့ဝင်

(၂၅) ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ (တောင်ကြီးမြို့) အဖွဲ့ဝင်

(၂၆) ပြည်နယ်ရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

(၂၇) ရွေးကောက်ပွဲအရာရှိ၊ [ရှမ်းပြည်နယ်(မြောက်ပိုင်း) ရုံးခွဲ] တွဲဖက်အတွင်းရေးမှူး (၁)

(၂၈) ရွေးကောက်ပွဲအရာရှိ၊ [ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရုံးခွဲ] တွဲဖက်အတွင်းရေးမှူး (၂)

(ဆ) ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးအောင်မြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဦးခင်မောင်ဝင်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဦးမောင်ဦး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) ဦးကျော်ဝင်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဒေါ်လှလှမွန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဒေါ်အေးအေးသွင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အဖွဲ့ဝင်

(၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်

(၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်

(၁၁) တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး အဖွဲ့ဝင်

(၁၂) တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၁၃) တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်

(၁၅) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၁၆) တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

၂။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၉/ ရကပ(ဖွဲ့စည်း)တဒသက-ပန/ ကမရ
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်နှင့် စောင်ရေ (၁၀)စောင်ကို ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

(ရဲရင့်လွင်)
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

မိတ္တူကို
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ